# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday 2 December 2018 ၉၄၈၈


# သမိုင်းကြောင်းသင်ခန်းစာများရယူပြီး လက်တွဲကြိုးပမ်းတည်ဆောက်ကြမှသာ မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့်အမွေအနှစ်ကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သားအပေါင်းတို့ခင်ဗျား-**

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခါသမယတွင် တိုင်းရင်းသားပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် တက္ကသိုလ်ပညာ လွတ်လပ်စွာသင်ယူမှုကို ကန့်သတ်ထားသော နယ်ချဲ့ကိုလိုနီတို့၏ ယူနီဗာစီတီအက်ဥပဒေကို အမျိုးသားရေးစိတ်ဓာတ် ထက်သန်ကြသည့် တက္ကသိုလ်ကျောင်းသူကျောင်းသားများက ဦးဆောင်ပြီး မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) နေ့တွင် သပိတ်မှောက်ခဲ့ကြပါသည်။ ထိုကျောင်းသားသပိတ်ကြီးသည် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားပြီး အနယ်နယ်အရပ်ရပ်တွင် ကျောင်းသားသပိတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ တက္ကသိုလ်ကျောင်းသားများက စတင်ခဲ့သည့် သပိတ်သည် တက္ကသိုလ်ပညာရေးနှင့်သာ သက်ဆိုင်သော အရေးကိစ္စမဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံးကို အမျိုးသားရေးစိတ်ဓာတ်များ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ကတ္တမန္ဒူ ဒီဇင်ဘာ ၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒီဇင်ဘာ ၁ ရက်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူးမြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး(Asia Pacific Summit 2018- Nepal) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ကတ္တမန္ဒူးမြို့ရှိ Hyatt Regency Kathmandu ၌ ကျင်းပသည့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

## (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။







# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် Suu Foundation အဖွဲ့တို့ တွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများကို စနစ်တကျ ရေရှည်အသိပညာပေးနိုင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိသည့် Suu Foundation မှ Road Safety Special Advisor, Prof. Dr. Shaw Voon Wong နှင့်အဖွဲ့အား ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမှတ်ပေးထားသော Prior Subject Topics ဆိုင်ရာများ၊ Adoption of UNECF Regulation no.22 အတွက် လိုအပ်ချက်များ၊ Road Safety Audit & Road Safety Inspection System ဖော်ဆောင်ရေးနှင့် Myanmar Type Approval System ဖော်ဆောင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပထမဆုံးဘောလုံးကစားနည်းစတင်ရာ လမ်းမတော် အထက(၁)အား အပြာရောင်ကမ္ပည်းတပ်ဆင်



**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Phillips Electronic Singapore Pte. တို့၏အစီအစဉ်ဖြင့် မြို့ပြအမွေအနှစ်အထိမ်းအမှတ် ၂၄ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ အထက(၁) လမ်းမတော် ယခင်စိန့်ဂျွန်းကောလိပ်နှင့် စိန့်ဂျွန်းဒိုင်အိုစီဇင် ယောက်ျားလေးများကျောင်းတော်ကြီးကို ယနေ့ နံနက်ပိုင်းတွင် တပ်ဆင်လိုက်ပြီဖြစ်သည်။

"ကျွန်တော်တို့ကျောင်းကြီးကို ၁၈၆၄ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တာပါ။ အခုဆိုရင် ၁၅၄ နှစ်တိုင်ခဲ့ပါပြီ။ ဒီကျောင်းတော်ကြီးမှာ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ၊ ဆရာကြီးမင်းသုဝဏ်၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးညို ခေါ် သခင်ကျော်စိန် တို့အပါအဝင် စစ်ဘက်၊ နယ်ဘက်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အားကစားနဲ့ အနုပညာနယ်ပယ်အသီးသီးက ထင်ရှားထူးချွန်သူတွေကို မွေးထုတ်ပေးခဲ့နိုင်တဲ့ ကျောင်းတော်ကြီးလည်း ဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့ရဲ့ကျောင်းတော်ကြီးကို ရန်ကုန်မြို့ရဲ့ မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်နိုင်ခဲ့တဲ့အတွက် စိန့်ဂျွန်းကျောင်းသားဟောင်းတစ်ယောက်အနေနဲ့ အတိုင်းမသိကို ဝမ်းသာမိပါတယ်။ ဒီနေ့မှာ စိန့်ဂျွန်းကျောင်းသားဟောင်း သူငယ်ချင်းတွေနဲ့ပြန်လည်တွေ့ဆုံဖြစ်လို့လည်း အရမ်းကို ဝမ်းသာမိပါတယ်"ဟု စိန့်ဂျွန်းကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်က ပြောသည်။

အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းအထိမ်းအမှတ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် စိန့်ဂျွန်းကျောင်းသားဟောင်းများက အထိမ်းအမှတ်ဖဲကြိုးအားဖြတ်ကာ ဖွင့်လှစ်ပေးပြီး အပြာရောင်ကမ္ပည်းပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပေါ်ရှိ မြို့ပြအမွေအနှစ်အဆောက်အအုံများအား အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းကို ၂၀၁၄ ခုနှစ်တွင် ရန်ကုန်မြို့တော်ခန်းမကြီးအားစတင်ကာ တပ်ဆင်ခဲ့ပြီး ယခုတပ်ဆင်သော အပြာရောင်ကမ္ပည်းပြားသည် ၂၄ ခုမြောက်ဖြစ်ကြောင်း သိရသည်။

"စိန့်ဂျွန်းကျောင်းလို နာမည်ကျော်တဲ့ လမ်းမတော် အထက(၁) ဟာ ရန်ကုန်မြို့ရဲ့ အထက်တန်းကျောင်းတွေအနက် သမိုင်းတန်ဖိုးတင်မက နေရာထိုင်ခင်းအရပါ ရှေးက မူမပျက် ဆက်လက်ထိန်းသိမ်းထားနိုင်တဲ့ ကျောင်းကြီးဖြစ်ပါတယ်။ ဒီကျောင်းကြီးကနေ ထုဆစ်ဖန်တီးလိုက်တဲ့ မျိုးဆက်ပေါင်းများစွာအတွက် အပြန်အလှန်ဂုဏ်ယူနေရမှာပါ။ ဒီလို အဖိုးတန်ဗိသုကာအမွေအနှစ်တွေကို အပြည့်အဝရေရှည်တည်တံ့အောင် သယ်ဆောင်သွားနိုင်ဖို့ အရေးကြီးပါတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မိုးမိုးလွင်က ပြောသည်။

ထိုနေ့နံနက်ပိုင်းတွင် အပြာရောင်ကမ္ပည်းပြားတပ်ဆင်လိုက်သော အထက(၁) လမ်းမတော် (ယခင် စိန့်ဂျွန်းကောလိပ်)ကျောင်းတော်ကြီးသည် ရန်ကုန်မြို့၏ အစောဆုံး ခရစ်ယာန်သာသနာပြုကျောင်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဆရာမှတ်ကြီးဟု ထင်ရှားခဲ့သည့် ဘုန်းတော်ကြီး ဒေါက်တာဂျေအီးမာ့ခ်စ်က ကျောင်းအုပ်အဖြစ်တာဝန်ယူကာ ၁၈၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မူလက "The Cottage"၊ "Woodlands" အစရှိသော သစ်သားအိမ်ကြီးများတွင် စာသင်ဆောင်များ၊ ကျောင်းအိပ် ကျောင်းစားအဆောင်များ ထားရှိခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် လက်ရှိနေရာသို့ပြောင်းရွှေ့ကာ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြန်မာပြည်ကော်မရှင်နာ အဲလ်ဘတ်ဖစ်ချ်ကိုယ်တိုင် အုတ်မြစ်ချပေးခဲ့ပြီး ယခုဆောက်လုပ်ထားသော ကျောင်းဆောင်ကြီးကို ၁၉၀၀-၁၉၀၈ ခုနှစ်များတွင် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ကျောင်းဆောင်အသစ်ဆောက်လုပ်တည်ထောင်ခဲ့စဉ်က S.P.G မစ်ရှင်ကျောင်းဟု စတင်ခဲ့ပြီးနောက်ပိုင်းတွင် စိန့်ဂျွန်းကျောင်းဟု ပြောင်းလဲကာ ရိုမန်ကက်သလစ်မိန်းကလေးကျောင်းနှင့် အမည်ချင်းဆင်နေသည့်အတွက် စိန့်ဂျွန်းကောလိပ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြောင်း ဒေါက်တာမာ့ခ်စ်၏ ကိုယ်ရေးမှတ်တမ်းအရ သိရသည်။ ယောက်ျားလေးသီးသန့်ကျောင်းအဖြစ် စတင်ခဲ့ပြီး ၁၈၆၆ ခုနှစ်တွင် မစ်စ်ကွတ်ခ်၏ အကူအညီဖြင့် မိန်းကလေးကျောင်းတစ်ခု [ယခု အထက(၁)ပန်းဘဲတန်း]ကို အိမ်တစ်လုံးငှားပြီး ထပ်မံတည်ထောင်ခဲ့သည်။ စစ်ပြီးခေတ်တွင် စိန့်ဂျွန်းဒိုင်အိုစီဇင် ယောက်ျားလေးများကျောင်းအဖြစ် ဆက်လက်ထင်ရှားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် အထက(၁) လမ်းမတော်ဖြစ်လာကာ ၁၉၉၁ -၁၉၉၂ ခုနှစ်တွင် မိန်းကလေးများကိုပါ တက်ရောက်ခွင့်ပြုခဲ့သည်။ စိန့်ဂျွန်းကျောင်းတော်ကြီးသည် မြန်မာနိုင်ငံတွင် ဘောလုံးအားကစားနည်းကို စတင်မိတ်ဆက်ခဲ့သော နေရာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။ ၁၈၇၈ ခုနှစ်တွင် စိန့်ဂျွန်းကျောင်းဆရာတစ်ဦးဖြစ်သူ ရွှေရိုးတစ်ဖြစ်လဲ ဆာဂျိမ်းစ်စကော့သည် ကျောင်းသားတချို့အား ဘောလုံးကစားနည်းကို စတင်သင်ကြားပေးခဲ့ပြီး ၁၈၇၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးဘောလုံးပွဲစဉ်ကို ကျောင်းအနီး မြက်ခင်းပြင်တွင် ကစားခဲ့သည့် သမိုင်းအမှတ်တရနေရာလည်း ဖြစ်သည်။

**မြင့်မောင်စိုး**

ကြေးမုံ

## မမေ့မလျော့အသက်ဝင် အမျိုးသားအောင်ပွဲဆင်

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ (ယနေ့)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၈) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ နှစ်ပေါင်း တစ်ရာနီးပါး ရှိပြီဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် ဤနေ့ဤရက်ရောက်တိုင်း နိုင်ငံတစ်ဝန်းကျင်းပလာခဲ့သည်မှာ အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်နေကြောင်း၊ အမျိုးသားနေ့ကို မမေ့မလျော့ရှိနေကြောင်း အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုကြခြင်းဖြစ်သည်။

၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့။ ယူနီဗာစီတီအက်ဥပဒေကို ကျောင်းသားများ ကန့်ကွက်သပိတ်မှောက်သည့်နေ့။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်ပွဲရရှိစေရန် သန္နိဋ္ဌာန်ချခဲ့သည့်နေ့သည် မြန်မာတစ်ပြည်လုံး လုံးဝလွတ်လပ်ခြင်း၊ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးအတွင်း လွတ်လွတ်လပ်လပ်၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်ခွင့်ရရှိအောင် ဖော်ဆောင်ပေးနိုင်ခဲ့သည့် နေ့ထူးနေ့မြတ် နေ့တစ်နေ့ ဖြစ်သည်။ ထိုသို့ ဆက်လက်ရပ်တည်နေထိုင်နိုင်အောင် အမျိုးသားရေးစိတ်ဓာတ်များကို တိုင်းရင်းသားပြည်သူအားလုံး နှစ်ပေါင်းထောင်ချီ ဆက်လက်မွေးမြူထားကြရမည်ဖြစ်သည်။

ထိုသို့သော အမျိုးသားရေးစိတ်ဓာတ်ဖြင့် လွတ်လပ်သောနိုင်ငံသားများအဖြစ် ရပ်တည်နေထိုင်လျက်ရှိကြသည်ဟုဆိုသော်လည်း လွတ်လပ်သောနိုင်ငံသားများ၏ ဂုဏ်ဒြပ်နှင့်လျော်ညီစွာ တင့်တင့်တယ်တယ်၊ မြင့်မြင့်မားမား နေထိုင်နိုင်အောင်လည်း ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ လွတ်လပ်ပင်လွတ်လပ်သည်ဆိုသော်ငြားလည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော တိုင်းရင်းသားအချင်းချင်းကြားတွင် နိုင်ငံရေးခံယူချက်ကွဲပြားမှု၊ သံသယဖြစ်ပေါ်မှု စသည့်အကြောင်းများကြောင့် ပြည်တွင်းပဋိပက္ခများ နှစ်ပေါင်းရှည်ကြာဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခဒေသများအတွင်းမှ တိုင်းရင်းသားပြည်သူများ ဒုက္ခရောက်မှု၊ နိုင်ငံတိုးတက်ရေး နောက်ကျကျန်နေရမှုတို့ကို သတိမူရမည်ဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့မှ ပေါ်ပေါက်လာသည့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားနေရုံဖြင့်လည်း မပြီးသေးချေ။ မိမိတို့ပြည်ထောင်စုကြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နေထိုင်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်သည်။ ထိုသို့ရပ်တည်နေထိုင်နိုင်ရန်အတွက် တစ်မျိုးသားလုံး၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းအောင်၊ သာယာဝပြောအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သမိုင်းကြောင်း၏ အမွေဆိုးများကို သင်ခန်းစာယူ၍ စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ကြရမည်။

ထိုသို့တည်ဆောက်နိုင်ရန်အတွက် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးရရှိစေမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံကို ကျင်းပနေသည်။ မတူကွဲပြားမှုများကို ဘေးဖယ်ထားပြီး တူရာများကို စုစည်း၍ ငြိမ်းချမ်းရေးအောင်မြင်အောင်၊ ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းလက်တွဲကြိုးပမ်းဖော်ဆောင်ကြရမည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသည်နှင့်အမျှ တိုင်းရင်းသားပြည်သူအားလုံးအတွက် ညီညွတ်မျှတပြီး ဖွံ့ဖြိုးတိုးတက်သည့် အသီးအပွင့်များအား မျှဝေခံစားနိုင်ရေးကို အမျိုးသားရေးစိတ်ဓာတ်အရင်းခံပြီး အင်တိုက်အားတိုက် လက်တွဲညီညာအားထုတ်ကြရမည်ဖြစ်သည်။ အမျိုးသားရေးစိတ်ဓာတ်များသည် အမျိုးသားအောင်ပွဲနေ့မှ စတင်အခြေခံလာပြီး ပင်လုံညီလာခံဖြင့် စုစည်းညီညာမှုကို ဖော်ထုတ်နိုင်ကာ လုံးဝလွတ်လပ်သော အောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့ပြီး ဖြစ်သည်။

အမျိုးသားရေးစိတ်ဓာတ်များ စတင်နိုးကြားလာခဲ့သည်မှာ ၉၈ နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။ နိုးကြားရှင်သန်ခဲ့သော အမျိုးသားရေးစိတ်ဓာတ် အောင်ပွဲဆင်နိုင်ခဲ့သည်ကို မမေ့မလျော့ဘဲ အသက်ဝင်ရှင်သန်အောင် ဆက်လက်ကြိုးပမ်းအားထုတ်ပြီး ရရှိဖြစ်ထွန်းလာသော ထိုအောင်စိတ်ဖြင့်ပင် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာအောင် ငြိမ်းချမ်းရေးကို ညီညွတ်သောစွမ်းအားဖြင့် ရယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား တိုင်းရင်းသားပြည်သူအားလုံး ရပ်တည်နေထိုင်နိုင်အောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ၁၈ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

**✳ ရှေ့ဖုံးမှ**

နိုးကြားတက်ကြွလာအောင်နှင့် နယ်ချဲ့တို့၏ ကိုလိုနီပုံစံဖိနှိပ်ရေးမူဝါဒများကို ဆန့်ကျင်လာအောင် လှုံ့ဆော်ပေးနိုင်ခဲ့သည့် အရေးတော်ပုံကြီး ဖြစ်လာခဲ့ပါသည်။ ဤအရေးတော်ပုံကိုအစပြုပြီး မြန်မာလူထုသည် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွလာမှုကြောင့် နိုင်ငံလွတ်လပ်ရေးရသည်အထိ စွမ်းဆောင်နိုင်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် ယူနီဗာစီတီအက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကျောင်းသူ ကျောင်းသားများ သပိတ်မှောက်သည့်နေ့၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အောင်ပွဲရရှိစေရန် ဦးတည်ခဲ့သည့်နေ့ဖြစ်ခြင်းတို့ကြောင့် ၁၉၂၁ ခုနှစ် မန္တလေးမြို့တွင် ကျင်းပခဲ့သော နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့်က အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးသည့်နောက်တွင်လည်း အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွစွာနှင့် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြခြင်းကို အမှတ်ရ ဂုဏ်ပြုသည့်အနေဖြင့် အမျိုးသားအောင်ပွဲနေ့ဟု နှစ်စဉ် ဆက်လက်ကျင်းပခဲ့ပါသည်။

ယခုအခါသမယသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် တိုင်းရင်းသား ပြည်သူပြည်သားအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်မှုဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများကို ကျင်းပဆောင်ရွက်နေချိန်ဖြစ်ပါသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းလာသည်နှင့်အမျှ တိုင်းရင်းသားအားလုံးအတွက် ညီညွတ်မျှတ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးစိတ်ဓာတ်အရင်းခံပြီး စုပေါင်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မှာ ဖြစ်ပါသည်။

အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး လွတ်လပ်ရေးအရယူနိုင်ခဲ့သည့်အတွက် ယနေ့တွင် ကျွန်တော်တို့ ပြည်ထောင်စုဖွား တစ်မျိုးသားလုံးအနေဖြင့် အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးအတွင်း လွတ်လွတ်လပ်လပ်၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေကြရခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ကျွန်တော်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားများအကြား ပေါ်ပေါက်ခဲ့သည့် နိုင်ငံရေးခံယူချက် အမျိုးမျိုးကွဲပြားမှုများ၊ အချင်းချင်း သံသယထားရှိခဲ့မှုများကြောင့် ပြည်တွင်းပဋိပက္ခများ ကာလရှည်ဖြစ်ပေါ်ခဲ့ပြီး ယနေ့ထိ ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျကျန်ရစ်ခဲ့ရခြင်းဖြစ်ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာစေရန် ကျွန်တော်တို့ ပြည်ထောင်စုသားအားလုံးအနေဖြင့် သမိုင်းကြောင်းသင်ခန်းစာများရယူပြီး လက်တွဲကြိုးပမ်း တည်ဆောက်ကြမှသာ ရည်မှန်းထားသည့်အတိုင်း မျိုးဆက်သစ်များအတွက် စည်းလုံးညီညွတ်ပြီး အေးချမ်းသာယာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် ကောင်းမွန်သည့်အမွေအနှစ်ကို လက်ဆင့်ကမ်းပေးနိုင်မှာ ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုတိုင်းရင်းသား တစ်မျိုးသားလုံးက ဤအမျိုးသားရေးတာဝန်ကြီးကို အမျိုးသားရေးစိတ်ဓာတ်များဖြင့် ဝိုင်းဝန်းထမ်းဆောင်ကြရန်ဖြစ်ပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှ လွတ်လပ်ရေးရသည်အထိ တစ်မျိုးသားလုံး ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံး အတူလက်တွဲတိုက်ပွဲဝင်ခဲ့ကြသလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးကိုလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် သန္နိဋ္ဌာန်ချပြီး ကြိုးစားကြပါက အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

သို့ပါ၍ ယနေ့ကျရောက်သော အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့်-

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး
- တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

တို့ကို ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူပြည်သားအားလုံးက ဦးထိပ်ထားလျက် ကျွန်တော်တို့၏ အမိနိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ပေါ်ထွန်းလာအောင် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ယနေ့ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့အခါသမယတွင် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေး(Asia Pacific Summit 2018- Nepal) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

### အဖွင့်မိန့်ခွန်းပြောကြား

ဖွင့်ပွဲအခမ်းအနားသို့ နီပေါနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယသမ္မတနှင့် အခြား အာရှ-ပစိဖိတ်နိုင်ငံပေါင်း (၄၅) နိုင်ငံတို့မှ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၅၀၀ ကျော် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ကေ၊ ပီ၊ ရှာမာ အိုလီ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဒုတိယသမ္မတ Hon. Maria Leonor G. Robr edo နှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အာရှ-ပစိဖိတ်နိုင်ငံတို့မှ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွင့်မိန့်ခွန်းပြောကြားကြသည်။

### ဦးဆောင်ကျင်းပ

အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးကို “အပြန်အလှန်မှီခိုမှု၊ အကျိုးတူ သာယာဝပြောမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်းများကို အလေးထားပြီး မျက်မှောက်ကာလမှာ မိမိတို့ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းကြရေး”ဟူသည့် ခေါင်းစဉ်ဖြင့် နီပေါနိုင်ငံအစိုးရနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖောင်ဒေးရှင်း(Universal Peace Foundation-UPF)တို့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Shanker Ghimire၊ အကြံပေးပုဂ္ဂိုလ် Mr. Sushil Bikram Shahi နှင့် အသင်းဝင်များအား Soaltee Crowne Plaza Hotel ၌ လက်ခံတွေ့ဆုံပြီး နီပေါ-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား အမြဲကောင်းမွန်သည့် ဆက်ဆံရေးကိုထိန်းသိမ်းပြီး ပိုမိုကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကတ္တမန္ဒူမြို့ရှိ ဓမ္မကီရိသီး သီလရှင်ကျောင်းတိုက်(DHARMA KIRTI BIHAR) သို့သွားရောက်ပြီး သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီအား ဂါရဝပြုဖူးမြော်ကန်တော့သည်။

### သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

သီလရှင်ဆရာကြီး ဒေါ်ဓမ္မဝတီသည် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာသင်ယူခဲ့ပြီး နီပေါနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများအား Bao Xuang Restaurant ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတ္တမန္ဒူမြို့ရှိ ဓမ္မကီရိသီး သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီးအား ဂါရဝပြုကန်တော့စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နီပေါ-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

## မောင်တောမြို့တွင် မသန်စွမ်းသူများအား ထောက်ပံ့ငွေပေးအပ်

**မောင်တော ဒီဇင်ဘာ ၁**

မောင်တောမြို့တွင် လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်ဖြစ်သော မသန်စွမ်းသူများ ငွေကြေးထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မသန်စွမ်းသူများအား အားပေးစကားပြောကြားခြင်း၊ ငွေကြေးထောက်ပံ့မှုများအား ရှင်းလင်းပြောကြားကာ မသန်စွမ်းထောက်ပံ့ငွေများကို လူမျိုး၊ ဘာသာမခွဲခြားဘဲ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့သည်။ မောင်တောမြို့နယ်အတွင်း မသန်စွမ်းသူ စုစုပေါင်း ၆၀၃ ဦးအား ပေးအပ်ခဲ့ပြီး မသန်စွမ်းသူများကိုယ်စား မြို့သူကြီးကျေးရွာနေ ဦးကျော်ဖြူက ကျေးဇူးတင်စကားပြောကြားကာ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်မှုအပေါ် အတိုင်းမသိဝမ်းသာပျော်ရွှင်မိကြောင်း ပြောကြားသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

ကြေးမုံ



# စာဆိုတော်ဂုဏ်ရည် ဖော်ကျူးသီ နတ်တော်လရာသီ

"ဟေမန္တရတု"ဟု အမည်နာမခေါ်တွင်ခဲ့ကြသည့် နတ်တော်လရာသီသည် စာပေရနံ့သင်းပျံ့ထုံမွှမ်းနေသော ကာလဖြစ်ပေသည်။ ခေတ်အဆက်ဆက်စာဆိုတော်တို့က ရေးဖွဲ့သီကုံးခဲ့သော စာပေ၏ အနှစ်သာရ၊ အဆီအနှစ်တို့အား ပြန်လည်တမ်းတ လှစ်ဟဖော်ကျူးပြသည့် ကာလလည်းဖြစ်ပေသည်။ စာဆိုတော်တို့၏ စေတနာရင်ခွင်နှလုံးသားမှ ဖြစ်ထွန်းပေါ်ပေါက်လာသောစာပေ အဖူး၊ အသီး၊ အပွင့်တို့သည်ကား သုံးဆောင်၍ မကုန်နိုင်အောင် များပြားလွန်းလှပေသည်။ စာပေတို့မှ ပေးစွမ်းသော သုတ၊ ရသ အဖုံဖုံတို့သည် အလွန်ပင် အဖိုးအနဂ္ဃထိုက်တန်နေပေသည်။ ထို့ကြောင့် လူသားတို့အတွက် စာပေအသိအမြင်၊ ပညာဗဟုသုတ ကျေးဇူးတရားအဖြာဖြာတို့အား ပေးစွမ်းသည့် ကျေးဇူးရှင်စာဆိုတော်တို့၏ဂုဏ်ရည်ကို စာဆိုတော်နေ့အခမ်းအနားများကျင်းပသည့် နတ်တော်လရာသီတွင် ထုတ်ဖော်ကျူးသီပြသကြခြင်းဖြစ်ပေသည်။

စာဆိုတော်ဂုဏ်ရည် ဖော်ကျူးသီ နတ်တော်လရာသီကို ခနုရာသီဟု ဆိုကြသည်။ မိဂသီနက္ခတ်နှင့် စန်းယှဉ်သောလလည်းဖြစ်သည်။ ရာသီခွင်၌ ဟသ်ာတာရာထွန်းတောက်နေပေသည်။ "ခနု" အဓိပ္ပာယ်မှာ "လေး"ဖြစ်၍ လူတစ်ပိုင်း၊ မြင်းတစ်ပိုင်းလေးကိုင်းကိုကိုင်စွဲသောသူ ယောက်ျားရာသီရုပ်သဏ္ဍာန်သွင်ပြင်ရှိပေသည်။ ၎င်းကို စာဆိုတော် ဖိုးသူတော်ဦးမင်းက "ယုဂန္ဓိုရ်တောင်မြင်းမိုရ်ထိပ်ဖျား၊ ရွှေစန္ဒီနှင့် မိဂသီရောင်ခြည်ဖျန်းတယ်၊ မြန်းတူကြွသွား"ဟု စာပန်းချီရေးဖွဲ့သီကုံးခဲ့ပေသည်။

"ဆီးနှင်းမြူကြွ နတ်တော်လ" ဟု ဆိုစကားနှင့်အညီ အရပ်ရှစ်မျက်နှာတွင် မြူများကျဆင်းပြီး နှင်းတို့ဖြင့် လွှမ်းခြုံကာ စိုစိုစွတ်စွတ်ရှိလှပေသည်။ နှင်းတဖွဲဖွဲကျလျက် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံထားသဖြင့် အလွန်အေးမြသော ဆောင်းလရာသီအစ ဖြစ်သည်။ မြန်မာနိုင်ငံ ဆယ့်နှစ်လရာသီသည် ရာသီဥတုအခြေအနေအရ တစ်လနှင့်တစ်လ မိုးရွာသွန်းပုံမတူညီကြချေ။ ၎င်းကို ရှေးပညာရှိများက မိုးဆယ့်နှစ်မျိုးလင်္ကာတွင် ရေးဖွဲ့ထားပေသည်။ ထိုမှသည် နတ်တော်လရာသီကို "နတ်တော်ရောက်ငြား၊ မိုးသားမငြိမ် ဆင်ရာတိမ်" ဟု စာချီထားသကဲ့သို့ မိုးဒဏ်ကြောင့် မိုးသားများ မငြိမ်သက်လျက် ဝန်းကျင်တစ်ခိုတွင် ဆီးနှင်းဖြူဖြူကျဆင်းနေပြီး ကောင်းကင်ပြင်၌ တိမ်ရိပ်၊ တိမ်စို၊ တိမ်ရှင် စသောတိမ်တိုက်တို့ ယှက်သမ်းကာ မိုးမာန်ဆင်နေသည်ကို မြင်တွေ့ရပေသည်။

နတ်သဘင်ပွဲ ဆင်နွှဲကြ နတ်တော်လတွင် ရှေးအခါဘုရင်မင်းတို့က ဗလိနတ်စာကျွေးမွေးကြသည်။ မင်းမဟာဂီရိနတ်ပွဲ၊ တောင်ပိန္နဲနတ်ပွဲ၊ မိရိုးဖလာမိဆိုင်ဖဆိုင် နတ်ပွဲများကို တင်မြှောက်ပသပူဇော်ကြသည်။ အထူးသဖြင့် နတ်တော်လသည် "မဟာပိန္နဲနတ်မင်းပွဲမှာ ကျွေးမွေးပူဇော်လနတ်တော်" ဟု မဟာအတုလမင်းကြီးက စာဖွဲ့ခဲ့သည့်အတိုင်း မဟာပိန္နဲနတ်ကို ပူဇော်ရာလလည်း ဖြစ်သည်။ ထို့အပြင် အခြားလရာသီတို့နှင့်မတူ တစ်မူထူးခြားစွာဖြင့် ဆင်ဖမ်းပွဲတော်ကိုလည်း ဆင်ယင်ကျင်းပလေ့ရှိသည်။ ဆင်များကိုဖမ်းပြီး ဘုရင်ကို ဆက်သကြရသည်။ ဆင်တို့၏မိတ်ရာသီဖြစ်၍ ဆင်ဖမ်းပွဲကျင်းပကြခြင်းဖြစ်သည်။ ဆင်ဖမ်းရာသီတွင် လူအင်အားကိုသုံးရပြီး စည်းလုံးညီညွတ်ပေါင်းစည်း၍ ဆောင်ရွက်ကြရသဖြင့် တစ်စိတ်ဝမ်းတစ်လက်ညီ စိတ်ဓာတ်ရှိရန် အထူးလိုအပ်သည်။ တိန်ညင်(ခေါ်) တည်ဆင်ကို အသုံးပြုပြီး အခြားဆင်ရိုင်းများကို မြူဆွယ်၍ဖမ်းရသည့်အတွက် သည်းထိတ်ရင်ဖိုဖွယ်အန္တရာယ်များလှပြီး သက်စွန့်ဆံဖျား ဆောင်ရွက်ကြရပေသည်။

ညောင်ရမ်းခေတ်စာဆိုတော် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့သည့် တစ်ဆယ့်နှစ်လရာသီဘွဲ့ အဲချင်းမှ နတ်တော်လဘွဲ့တွင် "နှင်းစီစီချမ်းမြလေ၊ မှိုင်းဝေရီရီ မိဂသီနှင့်၊ တိမ်ဆီမိုးလ၊ နန်းလုံးရွှင်လျှင်၊ သဇင်ကြိုင်မွှမ်း၊ ခနုစန်းဝယ်၊ ရွှင်လန်းဖွယ်သာ၊ မင်းဆရာတို့ မဟာပိန္နဲပူဇော်မြဲနှင့်၊ တောထဲတိန်ညင်၊ မွှမ်းမွှမ်းမြင်မျှ သဘင်ကျုံးတွင်၊ ဆင်တော်သွင်းကို၊ မင်းမင်းထိပ်လယ်၊ ရှုစံပယ်သည်၊ ပျော်ဖွယ်အံ့မှုများဗိုလ်ပါ တိုင်သည်လေ"ဟူ၍ ရှေးအခါက လနတ်တော်၌ ထင်ရှားပွဲတော်များအဖြစ် နတ်ပူဇော်ပွဲ၊ ဆင်ဖမ်းပွဲ၊ ထူးချွန်စာဆိုပညာရှင်များ၊ မင်းညီမင်းသား မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်သည့်ပွဲများ ကျင်းပကြသည်။ ယခုအခါမူ အသွင်ပြောင်း၍ နတ်တော်လရာသီကို စာဆိုတော်လရာသီသတ်မှတ်ပြီး စာဆိုတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ပေသည်။

စာဆိုတော်ဂုဏ်ဖော်လနတ်တော်၌ ပန်းပျံ့ပင်ဆင့်၊ တော်ဝင်နန်းထိုက်၊ ပန်းမကိုင်ရှု၊ ဂမုန်းနွယ်ဝင် သဇင်ပန်းတို့ ဖူးပွင့်ကြသည်။ ထိုသဇင်ပန်းမြတ်တို့သည် မြေပြင်တွင် မပေါက်ဘဲ မြင့်မားသော သစ်ပင်ကြီးများပေါ်၌သာ ဆင့်၍ ပေါက်သဖြင့် ပင်မြင့်စံပန်းဖြစ်သည်။ ဂမုန်းသစ်ခွနွယ်ဝင်ပန်းတစ်မျိုးဖြစ်၍ နတ်တို့ နှစ်သက်သောပန်း၊ ကမ္ဘဇဒ္ဓိရှိသောပန်းဟု ဆိုကြသည်။ ရှေးအခါက လူသာမန်တို့ ပန်ဆင်ခွင့်၊ သုံးစွဲခွင့်မရကြချေ။ သုံးစွဲမိလျှင်လည်း မင်းပြစ်မင်းဒဏ်သင့်သည်။ ပြည့်ရှင်ဘုရင်မင်းနှင့် မင်းသွေးမင်းနွယ်တို့သာ သုံးခွင့်ရကြသည့် တော်ဝင်ပန်းဖြစ်ပေသည်။ သဇင်ပန်းတို့ကား အဆင်းလှပြီး ရနံ့သင်းပျံ့နေပုံအား စာဆိုတော်ဖိုးသူတော်ဦးမင်းက "ရှစ်ခွင်ကိုမြူဆင်လို့၊ ငွေနှင်းတဲ့စိုစို၊ ဂမုန်းသဇင်တို့၊ စုံခွင်မှာလေချိုညင်းက၊ သုတ်သွင်းဘယ်ညာနဲ့၊ သင်းပျံ့ပျံ့ချို" ဟူ၍ ဖော်ကျူးသီကုံးထားပေသည်။ ထို့အပြင် စိမ်းလဲ့ဖြူပြာရောင်မျိုးစုံတို့ဖြင့် တင့်တယ်နေသော ရွှေကျေးသဏ္ဍာန် ကြက်တူရွေးပန်းတို့လည်း နီမြန်းစွာပွင့်ကြခါညီဖြစ်ပေသည်။

၁၃၀၆ ခုနှစ် နတ်တော်လ (၁၉၄၄ ခုနှစ် နိုဝင်ဘာလ) မှစ၍ နတ်တော်လတစ်လလုံးကို စာဆိုတော်တို့၏ ဂုဏ်ရည်ကို ဖော်ကျူးသည့်ပွဲတော်များ ကျင်းပကြသည်။ စာပေဟောပြောပွဲ၊ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ ဩဝါဒခံယူပွဲ၊ ရှားပါးစာအုပ်ပြပွဲ၊ စာပေပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသဘင်များကို နိုင်ငံတစ်ဝန်းတွင် ဆင်ယင်ကျင်းပကြသည်။ စာပေနှင့်ဆက်နွှယ်သော ပွဲတော်များ ကျင်းပကြ၍ စာပေရနံ့သင်းပျံ့မွှေးကြိုင်သော ကာလဟုဆိုလျှင် မှားမည်မထင်ပါ။ ကျက်သရေမင်္ဂလာ ဝေဖြာတိုးလျက်ရှိပေသည်။ ရှေးစာဆိုများ၏ ပြောင်မြောက်သော စာပေအဖွဲ့အနွဲ့များကို ရွတ်ဆိုပြီး စာဆိုတော်တို့ကို ဂုဏ်ပြုခြင်းနှင့် နိုင်ငံတော်အစိုးရကဦးစီး၍ အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆု၊ အမျိုးသားစာပေတစ်သက်တာဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းတို့အား ပြုလုပ်ကြသည်ကို မြင်တွေ့ကြရသည်။ ဤသို့ဖြင့် စာပေပြုစုသူ စာဆိုတော်များအတွက် စွမ်းအားသစ်များ ဖြစ်ပေါ်စေနိုင်သည့် ရလဒ်ကောင်းများ ရရှိပေသည်။

ခေတ်အဆက်ဆက် စာဆိုတော်တို့သည် ဇာတိချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ဖြင့် ပြည်သူများ အမျိုးချစ်အောင်၊ လွတ်လပ်ရေးကို ထိန်းသိမ်းတတ်အောင် စာပေလက်နက်ဖြင့် စွမ်းဆောင်ပေးခဲ့ကြသည်။ စာပေဟူသည် အနုပညာအားလုံး၏ ကိန်းဝပ်ရာဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်၏ အသက်သွေးခဲလည်း ဖြစ်သည်ဟူသော ယုံကြည်ချက်၊ ခံယူချက်ဖြင့် စာဆိုတော်တို့က လူလောကနယ်ပယ်တွင် စာပေအလင်းတိုင်များ ထွန်းညှိပေးခဲ့သည်။ ထိုစာပေအလင်းရောင်မှပေးသော အသိပညာသည် လူသားတို့၏ ဘဝတစ်လျှောက်လုံးကို ထွန်းလင်းတောက်ပနေမည်သာဖြစ်သည်။

စာဆိုတော်နှင့် သူ၏စာပေသည် ရေနှင့်ကြာပမာ ဒွန်တွဲနေပါသည်။ စာဆိုတို့ သီကုံးရေးသားသော စာကိုဖတ်ရသူတိုင်း နှစ်သက်ခံစားရခြင်း ရသစုံကိုရရှိခြင်းနှင့်အတူ စာဆိုတော်တို့၏ ဂုဏ်အင်ကို အောက်မေ့နေမိမည်ဖြစ်သည်။ ခံစားမှုရသမှတစ်ဆင့် ဘဝသင်ခန်းစာ၊ ဘဝအသိတို့ မြောက်မြားစွာရရှိနိုင်ပေသည်။ စာပေမှာရှိသော အသိအလိမ္မာကို လူတိုင်းကိုယ်စီရရှိသွားအောင် လမ်းညွှန်ပြသည့် စာဆိုတို့၏ ဂုဏ်ကျေးဇူးမှာ နိုင်ငံနှင့်လူမျိုးအတွက် တုနှိုင်းဖွယ်မရှိအောင် ကြီးမားလှပါသည်။

❛ မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ ခွန်အားစစ်၊ ခွန်အားမှန်များ ဖြစ်ခဲ့ပေသည်။ စာဆိုတော်တို့က တိုင်းချစ် ပြည်ချစ်ရှိစေရန်၊ ဇာတိသွေး၊ ဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေး နှိုးဆော်ခဲ့ပေသည် ❜

## ပန်းသပြေ(ရွှေလောင်း)

စာဆိုတော်များ၏ စာကောင်းပေမွန်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်၊ စာဆိုတော်တို့၏ ဂုဏ်ကို အမှတ်ရနေစေရန် ရည်မှန်းလျက် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နေ့အဖြစ် အမှတ်တရ သတ်မှတ်ခဲ့ကြသည်။ ပထမဦးဆုံးစာဆိုတော်နေ့ အခမ်းအနားပွဲသဘင်ကို ရန်ကုန်မြို့ ကန်တော်ကြီးစောင်းရှိ မြိုင်ဇာတ်ရုံတွင် ကျင်းပခဲ့သည်။ စာပေဖြင့် တိုင်းပြည်ကို အကျိုးပြုသော စာဆိုတော်တို့၏ဂုဏ်ရည်ကို ဂါရဝပြုကြခြင်းပင် ဖြစ်ပါသည်။

အချိန်ပြက္ခဒိန် တစ်ရွက်ပြီးတိုင်း ထင်ကျန်ရစ်ခဲ့သော စာဆိုတော်တို့၏ ပုံရိပ်များသည်ကား စာဆိုတော်တို့ ရေးဖွဲ့သီကျူးသော အနှစ်ရတနာ စာပေပဒေသာများပင် ဖြစ်ကြသည်။ စာဆိုတော်တို့၏ ကလောင်သွားများသည် မြန်မာနိုင်ငံသမိုင်းတွင် တိုင်းပြည်၏ ခွန်အားစစ်၊ ခွန်အားမှန်များဖြစ်ခဲ့ပေသည်။ စာဆိုတော်တို့က တိုင်းချစ် ပြည်ချစ်ရှိစေရန်၊ ဇာတိသွေး၊ ဇာတိမာန် တက်ကြွလာစေရန်၊ မြန်မာစာပေကို ချစ်မြတ်နိုးစေရန်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရန် စာပေဖြင့် တွန်းအားပေး နှိုးဆော်ခဲ့ပေသည်။

ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရ၏ အဆုံးအမပျို့ကဗျာတွင် "စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း အဲစောင်းငြင်းကို၊ မကင်းမပြတ်၊ ဖတ်ရွတ်လေ့ကျက်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာ၏" ဟူသော အမှာစကားက စာဆိုတော်တို့ ကွယ်ပျောက်သွားသည့်တိုင် မပျောက်ကွယ်နိုင်သည့် စာအမြုတေများ ဖြစ်ကြသည်။ စာပေအသိအမြင် အကျိုးအာနိသင်ကို ညွှန်ပြသော စာဆိုတော်ဂုဏ်ရည် ဖော်ကျူးသီသော၊ စာပေထုံမွှမ်းသော နတ်တော်လရာသီသည် ဘယ်ပန်းချီရေးလို့မမီ အလှမာန်ကြွယ်လျက် တင့်တယ်နေမည်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရပါမူ ဆီးနှင်းမြူလွလွ နတ်တော်လသည် ဆောင်းဥတုရာသီအစဖြစ်၍ အေးမြပြီး လန်းဆန်းရွှင်ပျစွာဖြင့် နေထိုင်ကောင်းသောလဖြစ်သည်။ နတ်ပန်းတော်ဝင်ဂမုန်း၊ သဇင်ပန်းတို့ကလည်း မြူးတင့်ဖူးပွင့်ပြီး လောကကို အလှဆင်ပေးနေပေသည်။ ခေတ်အသီးသီးပြောင်းလဲသွားသော်လည်း မပြောင်းမလဲတည်ရှိနေသည့် စာဆိုတော်တို့ပေးခဲ့သော စာပေအာနိသင် ချန်ရစ်ခဲ့သော စာပေအမွေအနှစ်တို့ကို ပြန်လည်ဖော်ကျူးသော လရာသီဟုဆိုလျှင် မှားမည်မဟုတ်ချေ။ ဤသို့ဆိုသော် စာပေဂုဏ်၊ စာဆိုတော်ဂုဏ်ရည်ဖော်ကျူးသီ နတ်တော်လရာသီသည် သာယာမှုအပေါင်း ခညောင်းပြီး စာပေရနံ့ သင်းပျံ့နေသည့်အတွက် မြန်မာတို့ မြတ်နိုးတန်ဖိုးထားဂုဏ်ယူစရာ လတစ်လဖြစ်သည်ဟူ၍ပင် ညွှန်းဆိုရမည်ဖြစ်ပေသည်။ ထို့အတူပင် စာပေဂုဏ်အင် အမွှမ်းတင်ပြီး စာဆိုတော်ဂုဏ်ရောင် ထွန်းပြောင်စေသည်ဟူသော မည်ကာမတ္တဆိုဖွယ်ထိုက်သည့် ၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်နေ့၌ ကျရောက်မည့် မြန်မာနိုင်ငံစာဆိုတော်နေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

# ပညာတန်ဆောင် စာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် စာပေဆုချီးမြှင့်ခံရသူများ ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

၂၀၁၈ ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသည့် ဆရာ ဆရာမများနှင့် မူလတန်းထက်ဆင့် ကျောင်းသား ကျောင်းသူများ ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် စာပေဆုချီးမြှင့်ခံရသူ ပညာတန်ဆောင် ကလောင်ရှင်များနှင့် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ထူးဆောင်ချီးမြှင့်ခံရသည့် အခြေခံပညာရေးကဏ္ဍမှ ဆရာကြီး ဆရာမကြီးများအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန် ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

ပညာတန်ဆောင် စာစောင်ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီမှ စတင်ထုတ်ဝေခဲ့ရာ စတင်တည်ထောင်ခဲ့သူများမှာ အငြိမ်းစားလက်ထောက်ပညာမင်းကြီး (မသင်မနေရ မူလတန်း ပညာရေးအထူးအရာရှိ) ဦးထွန်းအောင်ဖြစ်ကာ ပညာရေးဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုဖြင့် အခြေခံပညာကျောင်းများသို့ လစဉ်အခမဲ့ ဖြန့်ချိပေးပို့လျက်ရှိပြီး ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ဆရာကြီးဦးသန့် (ထိုစဉ်ကာလ ပြန်ကြားရေးဌာနအတွင်းဝန်နှင့် နောင်အခါ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်)က ဆောင်ရွက်ခဲ့ကာ လက်ရှိ ၁၀ ဦးမြောက် ဥက္ကဋ္ဌမှာ အခြေခံပညာဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဒေါက်တာသန်းဦးဖြစ်သည်။

ပညာတန်ဆောင် စာပေပြိုင်ပွဲများကို ၁၉၅၄ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်အတွက် (၁)ဘာသာပြန်၊ (၂)ဖတ်မှတ်စွမ်းရည်၊ (၃)ကဗျာ၊ (၄)ဆောင်းပါး၊ (၅) မူလတန်းဆင့် သင်ထောက်ကူကားချပ်၊ (၆) မူလတန်းထက်ဆင့် ကျောင်းသား ကျောင်းသူ ကလေးများအတွက် ရုပ်ပုံကြည့်စာစီစာကုံး၊ (၇) တစ်မျက်နှာဝတ္ထုတိုနှင့် (၈) ဦးသန်းညွန့် ဝတ္ထုလတ်ပြိုင်ပွဲတို့ကို ဖိတ်ခေါ်ကျင်းပခဲ့ခြင်းဖြစ်သည်။

စာပေအမျိုးအစားအလိုက် ပြိုင်ပွဲများသို့ အခြေခံပညာ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ နှစ်စဉ်ဆုရသူများ ပေါ်ထွက်လာသကဲ့သို့ ဆုရရှိသူများနှင့် ပညာတန်ဆောင် ကလောင်ရှင်များတွင် နှစ်စဉ်လိုလို နိုင်ငံတော်အဆင့်နှင့် အခြားစာပေပြိုင်ပွဲများတွင်လည်း ဆုရပညာရှင်များ ပေါ်ထွက်လျက်ရှိသည်။

ပညာတန်ဆောင်မဂ္ဂဇင်းကို မူလက မူလတန်းပညာရေး အထောက်အကူပြုနှင့် ဆရာ ဆရာမများ၏ သင်ကြားရေးလုပ်ငန်း အားပေးထောက်ကူမှုအဖြစ် ဦးတည်ထုတ်ဝေခဲ့သော်လည်း ယခုအခါ အဆင့်စုံအထောက်အကူပြုအဖြစ် ပညာရေးမူဝါဒနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းဆိုင်ရာများ၊ ကျောင်းဆရာဘဝနှင့် သိက္ခာဆိုင်ရာ၊ ခေါင်းကြီး၊ ကဗျာ၊ ဘာသာရပ်ဆိုင်ရာ စာပဒေသာ၊ ဝတ္ထုစသည်ဖြင့် ကဏ္ဍစုံ၊ ဆရာ ဆရာမတို့၏ စာပေလက်ရာတို့ဖြင့် ဖော်ပြပုံနှိပ်ထုတ်ဝေလျက်ရှိပြီး စောင်ရေအားဖြင့် ၃၇၇၃၄ အုပ်ဖြစ်ကာ မြို့နယ်များသို့ ရန်ကုန်မြို့စာတိုက်ကြီးမှတစ်ဆင့်ပေးပို့ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စာတိုက်တို့မှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပညာတန်ဆောင်သည် ၁၉၉၄ ခုနှစ်မှစကာ ပညာရေးနှင့် ဘာသာရပ်ဆိုင်ရာ လက်စွဲပြုနှင့် အတ္ထုပ္ပတ္တိများ၊ ဆောင်းပါး၊ ဝတ္ထုတိုပေါင်းချုပ်များကိုလည်း ထုတ်သင့်ရာ စိစစ်လျက် အထူးစာစဉ်စာအုပ်များအဖြစ် ထုတ်ဝေခဲ့ပြီး အဆိုပါစာအုပ်များအနက် အမျိုးသားစာပေဆု ချီးမြှင့်ခံရသော စာအုပ်များလည်း ရှိခဲ့သည်။

ယခုအခါ အထက်တန်းဆင့်အတွက် မြတ်ပညာမဂ္ဂဇင်းကို နှစ်လလျှင် တစ်ကြိမ်နှင့် အလယ်တန်းဆင့်အတွက် မြတ်ဆရာ ပညာရေးစာစုကို လေးလ တစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး စာစောင်များတွင် နိုင်ငံတစ်ဝန်းမှ ပညာရေးမိသားစု၊ ကလောင်ရှင်၊ စာပေဝါသနာရှင်များလည်း ပါဝင်မျှဝေ ရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း သာသနာရေး၊ ဝိနိစ္ဆယရေးနှင့် ပညာရေး ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးကြပြီး ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က အတည်ပြုချက်ရယူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကို မောင်အောင်နိုင်သူနှင့် မစုဆင့်နေနေတို့နှင့် နေ့ဆွမ်းကို ကျိုက္ကစံဝေဠုဝန်(ရွှေကျင်) ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ ဒါယိကာမများက ပဥ္စဝီသတိမ (၂၅)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၄/ ၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးများကို ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်ညွန့်ညွန့်ငွေ | လူမှုရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစောညိုဝင်း | သယံဇာတ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန |

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**○ ခြေစမ်းပွဲမှ**

အပြန်အလှန်ကစားနိုင်ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာ ယူ-၂၁ အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး စိုးလွင်လွင်က သွင်းယူခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် တက္ကသိုလ်လက်ရွေးစင်အသင်း၊ မြန်မာ နေရှင်နယ်လိဂ် ကလပ်အသင်းများဖြစ်သည့် ဒဂုံ၊ စစ်ကိုင်းအသင်းတို့နှင့် ခြေစမ်းကစားထားရာ သုံးပွဲစလုံး အနိုင်ရထားသည်။ မြန်မာ ယူ-၂၁ အသင်းသည် တက္ကသိုလ်လက်ရွေးစင်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒဂုံအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

**❖ ကျောဖုံးမှ**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရန် ၂၀၁၆ နှစ်ကုန်ပိုင်းတွင် အမျိုးသမီးလိဂ်ပြိုင်ပွဲအား စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်မှာ တတိယမြောက်ရာသီအဖြစ် ကျင်းပခြင်းဖြစ်သည်။ ပြီးခဲ့သည့် နှစ်ရာသီစလုံးတွင် မြဝတီအသင်းက ဗိုလ်စွဲခဲ့ပြီး သစ္စာအားမာန် အသင်းမှာမူ ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# (၁၀၁)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၁**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၀၁)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာအောင်မြေရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များ၊ စေတိယင်္ဂဏ နာယက ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာလျှောက်မေးပွဲဝင်ရောက် ဖြေဆိုရန် ကြွရောက်တော်မူလာကြကုန်သော စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်ဒာယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဂုဏောသနထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ယင်းနောက် စာလျှောက်မေးပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက အဖွင့်မင်္ဂလာစကား လျှောက်ထားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်(သီးခြား)ဝိနည်းဓိုရ် ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဩဝါဒကထာ နာကြားကြပြီး စာဖြေသံဃာတော်များက အာဂုံပြန်ဆိုကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၄၅ ခုနှစ် (၆၇)ကြိမ်မြောက်ကာလမှစ၍ တာဝန်ယူကျင်းပခဲ့ရာ ယခုအကြိမ် (၁၀၁)ကြိမ်မြောက်အထိ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခင် အကြိမ်(၁၀၀)မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် သီးခြားစာချတန်းမှ သုံးပါးနှင့် သီးခြားစာသင်တန်းမှ လေးပါး စုစုပေါင်း သံဃာတော် ခုနစ်ပါး အောင်မြင်တော်မူခဲ့ပြီး ယခုနှစ် (၁၀၁)ကြိမ်မြောက် စာလျှောက်မေးပွဲတွင် သီးခြား စာချတန်း၌ ၂၇ ပါး၊ သီးခြားစာသင်တန်း၌ ၁၂၉ ပါး စုစုပေါင်း ၁၅၆ ပါးတို့ စာရင်းပေးသွင်းထားကြပြီး ယနေ့မှစ၍ ဒီဇင်ဘာ ၇ ရက်အထိ ဖြေဆိုကြမည် ဖြစ်သည်။

ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟဖြင့် အရှင်မဟာကဿပမထေရ် အကြီးအမှူးပြုသည့် ရဟန္တာ ၅၀၀ တို့က ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်မှအစပြု၍ သာသနာ့ဝန်ဆောင် သံဃာတော်များက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြ၍သာလျှင် ယခုအချိန်ထိ သာသနာတော် စည်ပင်ထွန်းကားပြန့်ပွားလျက်ရှိသည်ဟု မှတ်သားသိရှိရသည်။

**သတင်း- ကိုကိုဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

## အင်းစိန်မြို့နယ်တွင် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**ရန်ကုန်　ဒီဇင်ဘာ　၁**

၂၀၁၈ ခုနှစ် ဒီဇင်ဘာအားကစားလ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုအဖြစ် အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ၏ ကြီးကြပ်မှုဖြင့် လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၅ နာရီမှ စတင်၍ အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးရှေ့(အင်းစိန်ပန်းခြံအနီး)၌ စုရပ်အဖြစ်သတ်မှတ်၍ ကျင်းပခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲတွင် အင်းစိန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ် လူမှုရေးအဖွဲ့များ၊ ပရဟိတလူမှုရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် လမ်းသစ်လမ်းမကြီးမှ ရွှေပြည်အေးလမ်းတစ်လျှောက် ဘူတာရုံလမ်းအတိုင်း မြန်မာ့မီးရထားဘောလုံးကွင်းကြီးအတွင်း ရောက်ရှိကြပြီး လေ့ကျင့်ခန်းများ စုပေါင်းပါဝင် သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

၆၈၄

# တစ်နိုင်ငံလုံးအမျိုးသားအုံကြွမှုကြီး(သို့မဟုတ်)အမျိုးသားအောင်ပွဲနေ့

**ကျော်စွာမင်း**

"ကျောင်းသားသပိတ်ဟာ ကျွန်ပညာရေးဆန့်ကျင်လှုပ်ရှားမှုကြီးတစ်ခုကနေ အမျိုးသားအုံကြွမှုကြီးအထိ ဖြစ်စေခဲ့တယ်"ဟု ဆရာကြီး ဦးတင်မောင်ထွန်း ပြောခဲ့သည်ကို အမှတ်ရမိသည်။

လွန်ခဲ့သော ၁၀ နှစ်လောက်က ဖြစ်သည်။ ကျွန်တော်သည် အမျိုးသားအောင်ပွဲနေ့မတိုင်မီ ရန်ကုန်မြို့ရှိ မြို့မကျောင်းကို ပုံမှန်ရောက်ဖြစ်ခဲ့သည်။ အမျိုးသားအောင်ပွဲနေ့အကြောင်း ဆောင်းပါးရေးရန် ဆရာကြီးနှင့် စကားပြောဖြစ်ခဲ့သည်။

"ပညာရေးလှုပ်ရှားမှုကနေ အမျိုးသားလှုပ်ရှားမှုကို စတင်မွေးဖွားပေးခဲ့တဲ့ နေ့ရက်လို့ ဆိုနိုင်တယ်။ ဒီလှုပ်ရှားမှုကနေ လွတ်လပ်ရေးရယူလိုစိတ်တွေကို အစပျိုးပေးလိုက်တာပဲ" ဆရာကြီး ဦးတင်မောင်ထွန်း ပြောခဲ့သည်။

ဆရာကြီး ဦးတင်မောင်ထွန်းသည် ထိုအချိန်က မြို့မကျောင်းအုပ်ဆရာကြီးဖြစ်သည်။ ယခု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဖြစ်သည်။

**အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကျဉ်း**

မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ဆန့်ကျင်ခဲ့ရာမှ စသည်။ မြန်မာနိုင်ငံ၌ ၁၉၂၀ ပြည့်နှစ်အထိ တက္ကသိုလ်အဆင့် မရှိသေးပေ။ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင် (ယခင် ယုဒသန်ကောလိပ်) ကောလိပ်သာရှိသည်။ ယင်းတို့မှာ ကာလကတ္တားယူနီဗာစီတီ၏လက်အောက်ခံ ကောလိပ်ကျောင်းခွဲမျှသာ ဖြစ်သည်။ ဝိုင်အမ်ဘီအေက မြန်မာပြည်တွင် ယူနီဗာစီတီ (တက္ကသိုလ်) သီးခြားရှိရမည်ဟု တိုက်တွန်းပြောဆိုခဲ့သည်။

ပညာမင်းကြီး မစ္စတာ မက်သယူးဟန်တား ဦးစီးသည့် ယူနီဗာစီတီ အက်ဥပဒေရေးဆွဲရေး ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီသည် တက္ကသိုလ်ဥပဒေတစ်ရပ်ကိုရေးဆွဲပြီး ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ဥပဒေတင်သွင်းခဲ့သည်။ ယင်းနောက် ဥပဒေပြုကောင်စီက အတည်ပြုခဲ့သည်။ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဒုတိယဘုရင်ခံချုပ်ကလည်းကောင်း၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဘုရင်ခံချုပ်ကလည်းကောင်း သဘောတူလိုက်သည်။ ဒီဇင်ဘာလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့သည်။

ထိုဥပဒေတွင် ယူနီဗာစီတီဟူ၍ မြန်မာနိုင်ငံတွင် ဤတစ်ကျောင်းသာ ရှိရမည်ဟုလည်းကောင်း၊ ယင်းယူနီဗာစီတီ၏အောက်တွင်လည်း ကောလိပ်တစ်ကျောင်းသာ ရှိရမည်ဟုလည်းကောင်း၊ ယင်းကောလိပ်နှင့် တက္ကသိုလ်တည်နေရာသည်လည်း ရန်ကုန်တွင်သာ ဖြစ်ရမည်ဟုလည်းကောင်း၊ သင်ကြားရမည့်သူများ၏ အရည်အချင်းများတွင် ကျောင်းအိပ် ကျောင်းစားများသာ ဖြစ်စေရမည်ဟုလည်းကောင်း ကန့်သတ်ချုပ်ချယ်ချက်ပေါင်းများစွာပါဝင်နေသော အက်ဥပဒေ ဖြစ်သည်။

ယင်းယူနီဗာစီတီအက်ဥပဒေသည် ငွေကုန်ကြေးကျခံနိုင်သော မြေရှင်၊ ဓနရှင် လူတန်းစားနှင့် ဗျူရိုကရက် အရာရှိကြီးတို့၏ အနွယ်များမှတစ်ပါး သာမန်ပြည်သူတို့နှင့် မအပ်စပ်သောဥပဒေ ဖြစ်သည်။ ထို့ကြောင့်လည်း ဥပဒေကြမ်းထွက်လာသည်နှင့်တစ်ပြိုင်နက် ပြင်းထန်စွာ ပြစ်တင်ဝေဖန် ကြသည်။ ကျောင်းသားမိဘများကလည်း မကျေမနပ် ဖြစ်လာကြသည်။ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ဥပဒေသည် အုပ်စိုးသူဗြိတိသျှတို့အကြိုက် ပုံစံမျိုးသာ ဖြစ်သည်။ ယင်းတို့၏ ဗျူရိုကရေစီယန္တရား လည်ပတ်နိုင်ရေးအတွက် ဖြစ်သည်။ မြန်မာတို့က ထိုပညာရေးကို ကျွန်ပညာရေးဟု ခေါ်ဆိုကြသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ထိုယူနီဗာစီတီအက်ဥပဒေနှင့်အညီ ရန်ကုန်ကောလိပ်အား ယူနီဗာစီတီအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်တော့မည်ဟု ဘုရင်ခံက ကြေညာသည်။ (နောက်တွင် ကျောင်းသားသပိတ်ကြောင့် မူလကြေညာထားသော ယူနီဗာစီတီဖွင့်ပွဲကို ဘုရင်ခံသည် ရက်ပြောင်း၍ ဒီဇင်ဘာလ ၇ ရက်နေ့သို့ ရွှေ့ဆိုင်းခဲ့သည်) ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီးများသည် ရန်ကုန်တက္ကသိုလ်ဥပဒေပျက်စီးရန်၊ ရန်ကုန်တက္ကသိုလ် မဖွင့်လှစ်နိုင်ရန် တိုင်ပင်ကြသည်။ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်)နေ့လယ်တွင် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံအနောက်တောင်ထောင့် (စနေထောင့်)တွင် သပိတ်မှောက်ရေး လျှို့ဝှက်ဆွေးနွေးခဲ့သည်။



**"ယူနီဗာစီတီ ဥပဒေများသည် အမျိုးသား အပေါင်းတို့အား သခင်ဖြစ်ရန် ပညာမျိုးမဟုတ်။ "ကျွန်"ဖြစ်ရန် ပညာဟု ယုံကြည်ကြသောကြောင့် သပိတ်မှောက်ခြင်း ဖြစ်သည်ဟု မိဘ ပြည်သူများကို ရှင်းပြခဲ့ . . .**

ထိုကျောင်းသား ၁၁ ဦးမှာ ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်၊ ကိုဘခင်၊ ကိုအောင်ဒင်၊ ကိုဘဦးတို့ ဖြစ်သည်။ (ယခုအခါ ထိုနေရာတွင် အထိမ်းအမှတ်ကျောက်စာတိုင် စိုက်ထူထားသည်)။ အမိနိုင်ငံ၏ ဂုဏ်သိက္ခာကို ကယ်တင်နိုင်ရေးအတွက် ကောလိပ်ကျောင်းများကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ် ကောလိပ်နှစ်ခုမှ ကျောင်းသား ၆၀၀ ခန့် စည်းဝေးကြသည်။

အစည်းအဝေးတွင် ဆုံးဖြတ်ချက် သုံးခုချမှတ်ခဲ့သည်။ (၁) ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၇ ရက် (အင်္ဂါနေ့)တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံချုပ် ရန်ကုန်ကောလိပ်ကျောင်းသို့လာရောက်ပြီး ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ကြောင်း ကြေညာသောအခါ ကျောင်းသားကြီးများသည် မိမိတို့စာအုပ်များကိုပိုက်၍ ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီ ဟုအော်ဟစ်ကာ ကျောင်းများမှ ထွက်လာရန်၊ (၂) သပိတ်မှောက်ပြီးမှ ထိုရန်ကုန်တက္ကသိုလ်ဥပဒေသည် မြန်မာများ အထက်တန်းပညာသင်ကြားရေးအတွက် နစ်နာအောင် ချုပ်ချယ်သည့်ဥပဒေသများဖြစ်၍ ယင်းတို့ကိုပြုပြင်ပေးရန် အင်္ဂလိပ်ဗျူရိုကရက်အစိုးရသို့ အရေးဆိုရန်နှင့် (၃) ပြုပြင်ပေးရန် တောင်းဆိုသောအချက်များကို ပြုပြင်၍ မပေးသမျှကာလပတ်လုံး ကျောင်းပြန်၍မတက်ရန်တို့ ဖြစ်သည်။

သပိတ်မှောက်ကိစ္စနှင့်ပတ်သက်ပြီး ကိစ္စအဝဝကို ဆောင်ရွက်သွားရန် ၂၆ ဦး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ **ယူနီဗာစီတီအက်ဥပဒေ ပျက်စီးပါစေ၊ ဆာရယ်ဂျီနယ်ကရက်ဒေါက် ပြန်သွား** ဆိုသည့် လှုံ့ဆော်စာများဖြန့်ဝေခဲ့သည်။ ကျောင်းသားများ ကျောင်းပြန်မတက်ရေး၊ စည်းလုံးညီညွတ်ရေးတရားများကို ကျောင်းသားခေါင်းဆောင်များက ဟောကြားကြသည်။

ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကောလိပ်နှစ်ခုတွင် ကျောင်းသားများ မရှိသလောက် နည်းပါးသွားခဲ့သည်။ သပိတ်မှောက်လှုပ်ရှားမှုသည် အောင်မြင်ခဲ့သည်။ သပိတ်မှောက်ကောင်စီသည် ဒီဇင်ဘာလ ၈ ရက်နေ့တွင် တိုင်းပြည်သို့ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

**"ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာမသိသေးရသေးသော ကိစ္စတစ်ခုကို စတင်၍ ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်း မှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိပါသည်။ ကျွန်တော်တို့သည် တစ်တိုင်းပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်ကင်းမည့် ဗျူရိုကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။ ကျွန်တော်တို့သည် မြန်မာနိုင်ငံရှိ လူအများစုတို့၏ အဆီအနှစ်ဖြင့်ပြည့်စုံသော ကျောင်းသားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မဖို့ရာ တောင်းပန်ပြောကြားပါသည်။ ကျွန်တော်တို့စိတ်ထဲ၌ စွဲမြဲစွာ ယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌ လိုအပ်သောအချက်ကြီးတစ်ခုကို ထုတ်ဖော်ပြောဆိုခြင်းပင်မည်ပါသည်။ (ဤကား အခြားမဟုတ် အမျိုးသားသိပ္ပံကျောင်းကြီးပေတည်း) ထိုကျောင်းကြီးမှာ မြန်မာနိုင်ငံ၏ သားသမီးများနှင့်သင့်လျော်သော ပညာရပ်များကို ရနိုင်ပေရာသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသားကျောင်းတွေ အလိုအလျောက် ပေါ်လာကြပေရာ မြန်မာနိုင်ငံကလည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နံရောအခါမျှ မတည်ထောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်။"**

ထိုကြေညာချက်ထုတ်ပြန်ပြီးနောက် ကျောင်းသားခေါင်းဆောင်များသည် သပိတ်မှောက်ကျောင်းသားများအတွင်း စည်းကမ်းထိန်းသိမ်းရေး၊ ပြည်သူပြည်သားများထံမှ ထောက်ခံအားပေးမှုရယူရေး အစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

ဤသို့ဖြင့် ရန်ကုန်မြို့ပေါ်ရှိ ကျောင်းများအားလုံးသည်လည်း သပိတ်မှောက်ကြလေသည်။ ရန်ကုန်တက္ကသိုလ်သပိတ်သည် ရန်ကုန်ကျောင်းပေါင်းစုံပါဝင်သော သပိတ်အထိ ကျယ်ပြန့်လာခဲ့သည်။

ဗြိတိသျှကိုလိုနီပညာရေးလက်အောက်တွင် တက္ကသိုလ်ပညာ၏ အမြင့်ဆုံးအတန်းဖြစ်သော ဘီအေ၊ ဘီအက်စ်စီ၊ နောက်ဆုံးတန်းမှ မူလတန်းအထိဖြစ်သော ကျောင်းသား ကျောင်းသူများပါဝင်သည့် သပိတ်အဖြစ် လှုပ်ရှားပေါ်ပေါက်လာခဲ့သည်။ ထိုမှ မြန်မာတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

မန္တလေးကျောင်းသားများသပိတ်က ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် စတင်သည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ ၁၀ ရက်တာကာလအတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ၊ ညောင်တုန်း၊ သထုံ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ရွှေတောင်၊ မြင်းခြံ၊ ဟင်္သာတ၊ သုံးခွ၊ မင်းဘူး၊ မြန်အောင်မြို့တို့သို့ သပိတ်ကူးစက်သွားပြီး ကျောင်းပေါင်း ၄၄ ကျောင်း သပိတ်မှောက်ခဲ့ကြသည်။

ယူနီဗာစီတီဥပဒေများသည် အမျိုးသားအပေါင်းတို့အား သခင်ဖြစ်ရန် ပညာမျိုးမဟုတ်။ "ကျွန်"ဖြစ်ရန် ပညာဟု ယုံကြည်ကြသောကြောင့် သပိတ်မှောက်ခြင်းဖြစ်သည်ဟု မိဘပြည်သူများကို ရှင်းပြခဲ့သည်။

ထိုကျောင်းသားလှုပ်ရှားမှုသပိတ်အရေးတော်ပုံသည် တစ်မျိုးသားလုံး၏ အရေးတော်ပုံကြီးအဖြစ် တစ်ဟုန်ထိုးကြီးထွားလာခဲ့သည်။ ပြည်သူလူထု၏ အုံကြွမှုအရေးတော်ပုံကြီး ဖြစ်လာခဲ့သည်။

ဗြိတိသျှဗျူရိုကရက် ကိုလိုနီဆန့်ကျင်ရေး အမျိုးသားလှုပ်ရှားမှုကြီးအထိ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်လာခဲ့သည်။ ထိုအရေးတော်ပုံသည် မြန်မာနိုင်ငံသူ့ကျွန်ဘဝသို့ကျရောက်ပြီးနောက် ပထမဆုံးသော အကြမ်းမဖက်သော ကိုလိုနီဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှုကြီး စတင်ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်မှုအမျိုးမျိုးခံစားနေရသော ပြည်သူပြည်သားတို့အား အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာစေခဲ့သည်။ ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုတစ်ခု ဖြစ်ခဲ့သည်။ ပညာရေးအဆင်မပြေမှုကို အခြေခံခဲ့သော်လည်း တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော အမျိုးသားလှုပ်ရှားမှုအဆင့်အထိ ပြောင်းလဲသွားခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလမှ ၁၉၂၁ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ တည်ထောင်ခဲ့ကြသည်။ အမျိုးသားကျောင်းများ တည်ထောင်ခဲ့ကြပြီးနောက် ထိုကျောင်းများမှ အောင်မြင်လာသည့် ကျောင်းသားများ ဆက်လက်ပညာသင်နိုင်ရေးအတွက် အမျိုးသားကောလိပ်ကို တည်ထောင်ဖွင့်လှစ်ရန် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့ကပြုလုပ်သည့် အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။

၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ်ရွှေကျင်ကျောင်းတိုက်ကြီးအတွင်းတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့သည်။

**စာမျက်နှာ ၇ သို့ ❖**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**
နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပုတို့သည် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့၌ တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းတံတား ဖောက်လုပ်မှုလုပ်ငန်းများနှင့် တန်ဖိုးနည်းအိမ်ရာ တည်ဆောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်သည့် တန်ဖိုးနည်းအိမ်ရာ အလုံး ၁၀၀ ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားများအား နေရာချထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်၍ ဒေသခံများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မောင်တော - ဝေသာလီ - ဥဒေါင်း ကွန်ကရစ်လမ်း(၁၃/၀) မိုင်နှင့် အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် အငူမော် - အင်းဒင်- ကျောက်ပန္နူ - ဥဒေါင်း ကွန်ကရစ်လမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေဇား- ပြင်ဖြူ ကွန်ကရစ်လမ်း (၁/၃)မိုင် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ခံအင်ဂျင်နီယာက လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ပြင်ဖြူ - လှဖိုးခေါင်- ကျီးကန်းပြင် ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။



နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘူးသီးတောင် - တောင်ပဗာလမ်းပိုင်း ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ဘူးသီးတောင်မြို့နယ် တောင်ပဗာကျေးရွာရှိ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသည့် တန်ဖိုးနည်းအိမ်ရာ ၆၃ လုံးတွင် နေရာချထားပြီးသော မြိုနှင့် သက် တိုင်းရင်းသားများကိုတွေ့ဆုံ၍ ဆိုလာမီးများ ထောက်ပံ့ပေးအပ်ကာ ၎င်းတို့၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ် ပလ္လင်ပြင် - အောင်ဒိုင် - ကျက်တောပြင် ကွန်ကရစ်လမ်း(၃/၁)မိုင်၊ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေမင်းဂံလမ်းဆုံမှ ကံ့ကော်ကျွန်း - ရွာသစ်ကေ မြေသားလမ်း (၃/၁)မိုင် ဖောက်လုပ်မည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်း၊ တံတား၊ စိုက်ပျိုးရေး သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးဆိုင်ရာများ၊ ဆိုလာမီးများနှင့် တန်ဖိုးနည်းအိမ်ရာများ ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများအတွက် နေအိမ်ဆောက်လုပ်ပေးခြင်း လုပ်ငန်းများအနေဖြင့် မောင်တောမြို့နယ်ရှိ ရွှေဇာဟိုကျေးရွာတွင် နေအိမ်အလုံး ၅၀၊ ကျောက်ပန္နူကျေးရွာတွင် နေအိမ်အလုံး ၁၀၀၊ နန်းရာကိုင်းကျေးရွာတွင် နေအိမ်အလုံး ၅၀၊ ခုံတိုင်ကျေးရွာတွင် နေအိမ် ၁၈ လုံး၊ ဘူးသီးတောင်မြို့နယ်၌ တောင်ပဗာကျေးရွာတွင် နေအိမ် ၆၃ လုံး၊ ရသေ့တောင်မြို့နယ်၌ အဝတာကျေးရွာတွင် နေအိမ် ၄၆ လုံးတို့ကို နှစ်အလိုက် ဆောင်ရွက်ပေးခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်များတွင် လိုအပ်ချက်ရှိသည့် ကျေးရွာများကို ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာ ထပ်ဆင့်ပွား ငြိမ်းချမ်းရေးဆိုင်းဘုတ်တင်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**
"ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာ ထပ်ဆင့်ပွားတို့လိုချင်တဲ့ ငြိမ်းချမ်းရေးနှုတ်က ဖွင့်ဟပြောကြားပေး" မြန်မာပြည်ငြိမ်းချမ်းပါစေ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်အနီး ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးနှင့် ငြိမ်းချမ်းရေးတွဲလက်များ မိတ်သဟာအဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနကို ဖွင့်လှစ်၍ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မဟာဗျူဟာများ တိကျစွာဖော်ထုတ်ချမှတ်ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုလက်မှတ်ရေးထိုး၍ ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်လာမှုကြောင့် အောင်မြင်မှုရရှိနေသော်လည်း လက်မှတ်ရေးထိုးရန် ကျန်ရှိသည့်အဖွဲ့များ ပါဝင်လာရေး လိုအပ်နေဆဲအခြေအနေတွင် ရှိပါကြောင်း၊ သို့ပါ၍ NCA တွင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသောအဖွဲ့များကလည်း ကျင်းပနေသည့် NCA လက်မှတ်ရေးထိုးပွဲ ငြိမ်းချမ်းရေးစကားဝိုင်းများသို့ လာရောက်ပူးပေါင်းကြရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ငြိမ်းချမ်းရေးတွဲလက်များမိတ်သဟာအဖွဲ့ ခေါင်းဆောင် ဦးသိန်းလွင်၊ စာရေးဆရာဇေယျမင်းရှိန်တို့က ငြိမ်းချမ်းရေးနှုတ်ခွန်းဆက်စကားအသီးသီး ပြောကြားခဲ့ကြပြီး တက်ရောက်လာကြသူများက အမုန်းစကားများရပ်၊ စစ်ပွဲများရပ်၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေဟူသည့် ကြွေးကြော်သံများ ကြွေးကြော်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြည်မြို့ဆိပ်ကမ်းတွင် ရပ်နားထားသည့် ငြိမ်းချမ်းရေးမိတ်သဟာအဖွဲ့ တင်ဆောင်လာသော ပြည်ကြီးတံခွန်(၄) သင်္ဘောပေါ်တွင် ငြိမ်းချမ်းရေးစကားဝိုင်းကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် အဖွဲ့အစည်းအားလုံး၏ တူညီသောသဘောထားအမြင်ဖြစ်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုများတွင် အားလုံးပါဝင်သောမူဘောင်ကို စတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံရေးဆွေးနွေးမှုများကို ဆက်လက်တိုးချဲ့ဆောင်ရွက်နိုင်ခြင်းဖြင့် မဝေးသောကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးရရှိလာမည် ဖြစ်ပါကြောင်း ပြောကြားသည်။




ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေးနှင့် ငြိမ်းချမ်းရေးတွဲလက်များ မိတ်သဟာအဖွဲ့ခေါင်းဆောင် ဦးသိန်းလွင်၊ စာရေးဆရာဇေယျမင်းရှိန်တို့က ငြိမ်းချမ်းရေးအမှာစကားပြောကြားခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တက္ကသိုလ်မှဆရာ ဆရာမများက ဒေသခံပြည်သူများနှင့်အတူ ငြိမ်းချမ်းရေးစကားဝိုင်း ပြုလုပ်ခဲ့ကြသည်။

ငြိမ်းချမ်းရေးတွဲလက်များ မြစ်ရေမှာ ထပ်ဆင့်ပွားလျက် ငြိမ်းချမ်းရေးအောင်မြင်ဖို့ တွဲလက်များဖြင့် ကြိုးပမ်းစို့ အစီအစဉ်သည် ပြည်ကြီးတံခွန်(၄) သင်္ဘောဖြင့် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးမှ အလယ်ပိုင်း မကွေးတိုင်းဒေသကြီးအပါအဝင် ပဲခူးတိုင်းဒေသကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအထိ ငြိမ်းချမ်းရေးသင်္ဘောဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်သောငြိမ်းချမ်းရေးဖြစ်စဉ် လှုပ်ရှားမှုများပေါ်ပေါက်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ
အမျိုးသားပညာရေးကောင်စီဟုလည်း ပေါ်ပေါက်လာကာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားကျောင်းများ အများအပြား ပေါ်ထွက်လာခဲ့သည်။

**အမျိုးသားအောင်ပွဲနေ့သတ်မှတ်ခြင်း**

၁၉၂၀ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ သပိတ်မှောက်ကျောင်းသားများ၏ ကွန်ဖရင့်က ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမှတ်တရဂုဏ်ပြုသည့်အနေဖြင့် ကျောင်းများပိတ်ပေးရန် အမျိုးသားပညာရေးအဖွဲ့ချုပ်ထံတင်ပြရန် အတည်ပြုခဲ့သည်။ ၁၉၂၀ ခုနှစ်တွင် မန္တလေး၌ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေကွန်ဖရင့်က အမျိုးသားနေ့ သတ်မှတ်နိုင်ရေးကို စတင်ဆွေးနွေးခဲ့သည်။ သီပေါမင်းနန်းကျသည့် ပါတော်မူနေ့၊ ဦးဥတ္တမထောင်ကျသောနေ့၊ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်သည့်နေ့ တစ်နေ့နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်ရန် အကြမ်းသဘောတူကြသည်။

ထို့နောက် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသော ဂျီစီဘီအေအသင်းချုပ်ကြီးကွန်ဖရင့်က ၁၉၂၀ ပြည့် ရန်ကုန်တက္ကသိုလ်ဥပဒေကို ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ထိုနေ့သည် ဗြိတိသျှအစိုးရကို တော်လှန်သောနေ့၊ ရန်ကုန်တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သည့်နေ့၊ အမျိုးသားတော်လှန်ရေး စတင်သည့်နေ့ဖြစ်ခြင်းတို့ကြောင့် အမျိုးသားအောင်ပွဲနေ့အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

ရက်သတ်မှတ်ရာတွင်ပင် အမျိုးသားအောင်ပွဲနေ့၏ အဓိပ္ပာယ်ပြည့်စုံပေါ်လွင်ပီပြင်စေရန် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်သော အင်္ဂလိပ်ရက်ဖြစ်သည့် ဒီဇင်ဘာလ ၅ ရက်နေ့ဟု မသတ်မှတ်ဘဲ မြန်မာရက်ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ဟု တမင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားရေးလက္ခဏာသည် ပို၍ပေါ်လွင်ထင်ရှားစေခဲ့သည်။

အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်လေ့ရှိသည်။ တို့ဗမာအစည်းအရုံးကာလတွင် ကျင်းပသည့် အမျိုးသားအောင်ပွဲနေ့သည် လူသိများလာခဲ့သည်။ "ကျွန်တော်တို့ လွတ်လပ်ရေးရတာဟာ ဒီနေ့ကြောင့်ပဲ"ဟု ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မပြတ် ကျင်းပလာခဲ့သော အမျိုးသားအောင်ပွဲနေ့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ၉၈ နှစ်ပြည့်ပြီ။ နောက်လာမည့် နှစ်နှစ်အကြာ ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ပြည့်တော့မည်။

ဆိုရသော် လွန်ခဲ့သော ၉၈ နှစ်၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်)။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ဆန့်ကျင်ခဲ့ရာမှ အမျိုးသားလှုပ်ရှားမှုမှသည် လွတ်လပ်ရေးရယူလိုစိတ်များ မွေးဖွားပေးလိုက်သည့် မြန်မာတစ်မျိုးသားလုံးနှင့်ဆိုင်သည့် အမျိုးသားအောင်ပွဲနေ့ပင် ဖြစ်ပေတော့သည်။

**ကိုးကား**
**၁။ မြန်မာနိုင်ငံသမိုင်း**
**၂။ အမျိုးသားနေ့နှင့် အမျိုးသားပညာရေးလှုပ်ရှားမှုသမိုင်း (အမျိုးသားနေ့ ရွှေရတုသဘင်အထူးထုတ်)**

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်**

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊
ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။
၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂-၁၂-၂၀၁၈)

**၂၀၁၈ ခုနှစ်၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ**

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

# မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ဒါရိုက်တာဘုတ်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်**(ယာပုံ)**က ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်သည့် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံလွှင့်ဥပဒေနှင့် ဆက်စပ်၍ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ရုပ်သံဥပဒေတွင် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရုပ်သံကောင်စီနှင့် ရုပ်သံလုပ်ငန်းလုပ်ကိုင်သူများ အသင်းအဖွဲ့တစ်ခုဖွဲ့စည်းရန် ပါဝင်ပါကြောင်း၊ ၂၀၁၅ ခုနှစ်နှင့် ထိုကာလမတိုင်မီကရှိသည့် အနေအထားများကို သဘာဝကျကျ စဉ်းစားဆောင်ရွက်ခဲ့သည်ဟု မြင်ပါကြောင်း၊ သို့သော် မူလစဉ်းစား ဆောင်ရွက်ခဲ့သည်များနှင့် ပြောင်းလဲလာသည့် အခြေအနေများအပေါ် မူတည်၍ လိုအပ်လာသည့်အတွက် လျော်ညီသော ဥပဒေများကို ချမှတ်ဆောင်ရွက်ရသည်များ ရှိပါကြောင်း။

ထိုကဲ့သို့ ဥပဒေများကို ကျင့်သုံးဆောင်ရွက်ရင်း အခြားပေါ်ပေါက်လာသည့် အနေအထားအသစ်များနှင့် လျော်ညီစွာ ဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ တစ်ခါတစ်ရံ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ရပါကြောင်း၊ ရုပ်သံဥပဒေ ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး ဆက်စပ်သည့် နည်းဥပဒေကို ရေးဆွဲနေဆဲ ဖြစ်ပါကြောင်း၊ ရုပ်သံနည်းဥပဒေ ပြဋ္ဌာန်းပြီးပါက ရုပ်သံကောင်စီ ဖွဲ့စည်း၍ ကောင်စီ၏လုပ်ငန်းများလည်းပေါ်မည်ဖြစ်ကာ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းနှင့် ချိတ်ဆက်မည်ဖြစ်ပါကြောင်း။

ရုပ်သံထုတ်လွှင့်သူများ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အသင်းအဖွဲ့တစ်ခုရှိသင့်သည်ဟု လက်ခံယုံကြည်ပါကြောင်း၊ ယနေ့တွင် အသင်း၏ အလုပ်များ ပိုမိုသွက်လက်စွာ လုပ်ကိုင်နိုင်ရန် စည်းမျဉ်းအချို့ ပြင်ဆင်မည်ကို တွေ့ရပါကြောင်း၊ နည်းဥပဒေထွက်လာပါက ရုပ်သံကောင်စီ ပေါ်ပေါက်လာပြီး အနေအထားပြောင်းလဲမှုများအပေါ်တွင်မူတည်၍ အသင်းကို မည်သည့်ပုံစံဖြင့် ဆက်လက်ဆောင်ရွက်မည်ကို စဉ်းစားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။



ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများနှင့် ဖွဲ့စည်းခြင်းဆိုင်ရာအသင်းအဖွဲ့စည်းမျဉ်းပြင်ဆင်ချက်များကို အတည်ပြုခြင်း၊ လက်ရှိဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ခြင်းကိုဆောင်ရွက်ရာ ဒုတိယသက်တမ်း သုံးနှစ်တာကာလအတွက် ဥက္ကဋ္ဌအဖြစ် ရွှေသံလွင်မီဒီယာဂရု(ပ်)မှ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌအဖြစ် Forever Group ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်ဌေး၊ အထွေထွေအတွင်းရေးမှူးအဖြစ် Myanmar International Television (MITV) မှ ဦးဇော်သက်မောင်အပါအဝင် ဒါရိုက်တာအဖွဲ့ဝင် ၁၆ ဦးတို့ကို ရွေးချယ်အတည်ပြုခဲ့သည်။

ယင်းနောက် အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးကိုကိုက နှုတ်ခွန်းဆက်စကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ အသင်းသူ အသင်းသားများ၊ ရုပ်သံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ၊ ရုပ်သံလုပ်ငန်းအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ရုပ်သံလုပ်ငန်း လုပ်ကိုင်နေကြသည့် အသင်းဝင်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများ အသင်းကို ၂၀၁၅ ခုနစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ၁၆၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဇာတ်ညွှန်းအခန်းကဏ္ဍ တိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ ဆွေးနွေးပွဲများကျင်းပလျက်ရှိရာ ရုပ်ရှင်ဇာတ်ညွှန်းနှင့် ပတ်သက်သည့်ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဇာတ်ညွှန်းရေးသူနှင့် ဒါရိုက်တာများ ဖြစ်ကြသည့် ဒါရိုက်တာဇာကြီး၊ ဇော်ဇော်(Ad.leono) နှင့် L မင်းပြည့်မွန်တို့က "ဇာတ်ညွှန်းနှင့် စိန်ခေါ်မှုများ(၁)" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဦးဆောင်ဆွေးနွေးသူ L မင်းပြည့်မွန်က "ဒီတစ်ပတ်မီ ဇာတ်ကားရုံတင်ချိန်မှာ ပရိသတ်စိတ်ဝင်စားမှုများတယ်၊ ဒါရိုက်တာဇာကြီးကိုယ်တိုင်လည်း ဇာတ်ညွှန်းရေးတယ်၊ ဒါရိုက်တာလည်းဖြစ်တယ်ဆိုတော့ ဖိတ်ခေါ်ဆွေးနွေးဖြစ်တာပါ။ မီ ဇာတ်ကားရဲ့ ဇာတ်ညွှန်းပိုင်းကို အဓိကထား ဆွေးနွေးတာပါ"ဟု ပြောသည်။



ဇာတ်ညွှန်းရေးသူ ဇော်ဇော်(Ad.leono)က မျက်မှောက်ကာလတွင် ရုပ်ရှင်ဇာတ်ကားများပုံစံသစ်၊ ဒါရိုက်တာအသစ်များဖြင့် ရိုက်ကူးလာကြခြင်းကြောင့် ဇာတ်ညွှန်းရေးဆရာအသစ်များအနေဖြင့် အဆိုပါလုပ်ငန်းသည် ရုပ်တည်မှုပိုမိုခိုင်မာနိုင်ကြောင်းသိရှိလာကာ ထိုမှတစ်ဆင့် ဇာတ်ညွှန်းကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဒါရိုက်တာဇာကြီးကလည်း "ဇာတ်ညွှန်းကို ဘယ်လိုတည်ဆောက်မလဲ၊ ဝတ္ထုကနေဇာတ်ညွှန်းအဖြစ် ပြောင်းလဲတဲ့အခါမှာ ဘယ်လိုစိန်ခေါ်မှုတွေ ရင်ဆိုင်ရသလဲဆိုတာ ကျွန်တော်သိသလောက် မျှဝေဆွေးနွေးတာပါ။ ပြီးခဲ့တဲ့နှစ်ပိုင်းကစပြီး ဇာတ်ညွှန်းကဏ္ဍအတွက် တိုးတက်ပြောင်းလဲမှုတွေ အများကြီးတွေ့လာရတယ်။ တကယ်ကောင်းတဲ့ ဝတ္ထုတွေဝယ်လာကြပြီး ဇာတ်ညွှန်းရေးတဲ့အချိန်မှာ သေသေချာချာရေးလာကြတယ်။ ဒါကြောင့် ဇာတ်ညွှန်းကဏ္ဍက အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်လာတယ်"ဟု ပြောသည်။

"ဇာတ်ညွှန်း ဇာတ်လမ်းရေးတဲ့သူတွေကိုအကြံပြုချင်တာက ရုပ်ရှင်များများကြည့်ပါ။ စစချင်း စိတ်ထဲက ဇာတ်လမ်းကို အပြီးထိအောင် လက်တွေ့ချရေးလိုက်ပါ။ အွန်လိုင်းကလည်း အလွယ်တကူ လေ့လာနိုင်တယ်။ အလေ့အကျင့်များမှ ကောင်းမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာဇာကြီးက အကြံပြုသည်။

အဆိုပါ ဇာတ်ညွှန်းအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများကို နှစ်ပတ်ခြားတစ်ခါ စနေနေ့တိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-စန္ဒီ**
**ဓာတ်ပုံ-မွန်းဦးနဒီ**

# သူတို့လို လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ရတဲ့အချိန်တွေ၊ ကုန်ကျစရိတ်တွေက သူတို့နီးပါးလောက်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံက သူတို့နီးပါး စီးပွားရေးလုပ်လို့ကောင်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်မှာပါ

အလုပ်အမှုဆောင် ဦးဇေယျသူရမွန်

## ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

“ရှင်းလင်းလွယ်ကူ တိုင်းပြည်ထူ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲအပိုင်း(၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC) အထွေထွေမန်နေဂျာ ဦးတင်အောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးဇေယျသူရမွန်တို့က ပါဝင်ဆွေးနွေးကြသည်။

**အစီအစဉ်မှူး။ ။ မီးပြတ်တောက်တာတွေနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်နေမှုအခြေအနေတွေ၊ မီးမရရှိသေးတဲ့ အိမ်ထောင်စုတွေကို မီးပေးနိုင်ဖို့ ဆောင်ရွက်နေမှုအခြေအနေတွေ၊ လက်ရှိမှာ မီးရရှိမှုအခြေအနေတွေနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပေးစေလိုပါတယ်။**

**ဦးတင်အောင်။** ။ မီးပြတ်တောက်တာကို ဆောင်ရွက်မှုနဲ့ပတ်သက်လို့ ပထမပိုင်းမှာ ပြောခဲ့သလို လျှပ်စစ်ဓာတ်အားလွယ်လွယ်ကူကူရရှိတဲ့ စံနှုန်းကို ကမ္ဘာ့ဘဏ်ရဲ့ စစ်တမ်းမြို့အနေနဲ့ ရန်ကုန်ဧရိယာကို သတ်မှတ်ပြီးတော့ လုပ်ပါတယ်။ လုပ်တဲ့အတွက်ကြောင့် ဒီစကားဝိုင်းမှာ အဓိကအလေးပေးပြောချင်တာက ရန်ကုန်ဧရိယာကိုပဲ အလေးပေးပြောခွင့်ပြုပါ။ သူစစ်တမ်းလုပ်ထားတာက ရန်ကုန်ဖြစ်တဲ့အတွက် လက်ရှိတာဝန်ထမ်းဆောင်နေတာလည်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဆိုတဲ့အတွက် ရန်ကုန်ကိုပဲ ဦးစားပေးပြီးတော့ ဥပမာနဲ့ပြောပြခွင့်ပြုပါ။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဆိုတာ ကျွန်တော်တို့က Indicator ထဲမှာ အဓိကအချက်ကြီးတစ်ချက်အနေနဲ့ ပါဝင်ပါတယ်။ ပြတ်တောက်တဲ့ အကြိမ်အရေအတွက် လျှော့ချပေးဖို့ နောက်တစ်ခါ ပြတ်တောက်ချိန်လျှော့ချပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်တာနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် နံပါတ်တစ်ပြတ်တဲ့အကြိမ်ရေလျှော့ချင်ရင် မပြတ်အောင်လုပ်ရတာပါ။ မပြတ်အောင်လုပ်ဖို့ကို အဓိကလုပ်ပါတယ်။

ပထမ ရန်ကုန်ဧရိယာထဲမှာရှိတဲ့ အရင်သုံးခဲ့တဲ့ ကြေးနီကြိုးတွေ သုံးထားတဲ့နေရာတွေမှာ Insulated ဝါယာကြိုးတွေလည်းလဲတယ်။ ဘာကြောင့်လဲတာလဲ ပြောရရင် ကြေးနီဝါယာတွေက Insulated မပါတဲ့အတွက် သစ်ပင်၊ သစ်ကိုင်းတွေနဲ့ထိတယ်။ အရင်သုံးထားတဲ့ ဝါယာကြိုးတွေဖြစ်တဲ့အတွက် ကြိုးအရွယ်တွေကသေးတယ်။ ယခုလက်ရှိအခြေအနေမှာ ရန်ကုန်မြို့ရဲ့ ဝန်အားတွေက အဆမတန်များပြားလာတယ်။ မူလကြိုးကသေးတဲ့အတွက် ကြိုးတွေခဏခဏ ပြတ်ကျတယ်။ ပြတ်ကျတဲ့ကြိုးတွေအပေါ် သစ်ကိုင်းတွေကထိတယ်။

အဲဒီအခါမှာ ရှော့ခ်ဖြစ်ပြီး ကြိုးတွေပြတ်ကျတယ်။ ကြိုးပြတ်ကျတာနဲ့တွဲပြီးတော့ ကြိုးပြတ်ကျတာဟာ တစ်နည်းအားဖြင့် လျှပ်စစ်ဓာတ်အားပြတ်သွားတာဖြစ်ပါတယ်။ ကြိုးပြတ်ကျရင် အလိုအလျောက် Protection System ပြတ်သွားတာရှိသလို မပြတ်သွားရင်လည်း ပိတ်ပစ်ရတယ်။ ပိတ်ပစ်လိုက်ရင် မီးပြတ်ပါတယ်။ Protection စနစ်က ဖြတ်ပစ်လိုက်ရင်လည်း မီးပြတ်တာပဲ။ မီးမပြတ်တောက်ချင်ရင် ကြေးနီဝါယာတွေနေရာမှာ Insulated ကြိုးတွေနဲ့ အစားထိုးမယ်။ အစားထိုးပြီးရင် ရန်ကုန်တစ်မြို့လုံးမှာ မိုင် ၂၀၀ လောက်လဲပြီးပြီ။

ရန်ကုန်တိုင်းတစ်တိုင်းလုံး ပမာဏအားဖြင့်လဲဖို့ဆိုရင် စုစုပေါင်း မိုင် ၆၀၀၀ လောက်ရှိတယ်။ ဒါပေမယ့် လတ်တလော မလဲနိုင်သေးပါဘူး။ အခုဆိုရင် မိုင် ၂၀၀ လောက်လဲပြီးပြီ။ အခုမိုင် ၅၀၀ လဲဖို့ လုပ်ထားပါတယ်။ တင်ဒါခေါ်ပြီးပြီ။ ပစ္စည်းတွေရောက်လာရင် မိုင် ၅၀၀ ထပ်လဲမယ်။ ဒီနှစ်ဘတ်ဂျက်ထဲမှာဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဒီလိုပဲဆက်ပြီးတော့လဲမှာဖြစ်ပါတယ်။

နောက်ပိုင်း တဖြည်းဖြည်းနဲ့ ရန်ကုန်ဧရိယာတစ်ခုလုံးမှာ Insulated ကြိုးတွေနဲ့ဖြစ်သွားမယ်ဆိုရင် ဓာတ်လိုက်မှုအန္တရာယ်တွေ လျှော့ချသွားနိုင်မယ်။ သစ်ပင်သစ်ကိုင်းနဲ့ထိပြီးတော့ အန္တရာယ်ဖြစ်တာတွေ လျော့ကျသွားမယ်။ မီးပြတ်ချိန်တွေလျော့ကျသွားမယ်။




မီးပြတ်တဲ့အကြိမ်ရေလျော့ကျသွားမယ့် လုပ်ငန်းစဉ်ကြီးတစ်ခုအပါအဝင်ဖြစ်ပါတယ်။ နောက်တစ်ခု မီးပြတ်ချိန်ကို လျှော့ချဖို့အတွက် Sectionalizer၊ Auto re-closer၊ fault passage Indicator တို့ တပ်နေပါတယ်။ ရန်ကုန်မှာ Auto re-closer အခုချိန်ထိဆိုရင် ၁၈ ခု တပ်ပြီးပါပြီ။ ဆက်လည်းတပ်ဦးမှာ ဖြစ်ပါတယ်။ Sectionalizer လေးခုတပ်ပြီးသွားပြီ။ ကျွန်တော်တို့ ESE ဘက်မှာဆိုရင်လည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ အခုသုံးဆယ်လောက်တပ်ပြီးသွားပြီ။ ဆက်လည်းတပ်ဆင်နေမှာဖြစ်ပါတယ်။

သူ့ကို ဘာကြောင့်တပ်ရလဲဆိုရင် မီးပြတ်ချိန်လျှော့ချဖို့အတွက်တပ်ရပါတယ်။ မီးပြတ်သွားရင် Auto re-closer ဆိုတဲ့အတိုင်းပဲ ခဏတစ်ဖြုတ်သွားပြီးရင် သူ့အလိုလို ပြန်တင်ပေးတဲ့စနစ်ပါဝင်ပါတယ်။ အဲဒါကြောင့် မီးပြတ်တဲ့ အချိန်ကို လျှော့ချပေးနိုင်ပါတယ်။ သူ့မှာ ဖုန်းတွေမှာအသုံးပြုတဲ့ပုံစံမျိုး ဆင်းကတ်လေးတွေပါတယ်။

ဆင်းကတ်လေးတွေပါတဲ့အတွက် အဲဒီဆင်းကတ်ကနေ Transmit လုပ်လိုက်ရင် ထိန်းချုပ်တဲ့မြို့နယ်လျှပ်စစ်ရုံးတို့၊ ခရိုင်လျှပ်စစ်ရုံးတို့၊ တိုင်းရုံးတို့မှာ ဘယ်နေရာမှာ မီးပြတ်သွားပြီ Over Current ကြောင့်ပြတ်သွားတယ်။ လက်ရှိ Current က ဘယ်လောက်စီးနေတယ်ဆိုတာ အချိန်နဲ့အမျှ ပို့နေတဲ့အတွက် ကျွန်တော်တို့က အချိန်ပိုင်းအတွင်းမှာ Real Time မှာ ဘယ်နေရာမှာတော့ Over Load ဖြစ်သွားပြီ၊ ဘယ်နေရာမှာတော့ ပြတ်သွားပြီးဆိုတာ သိရင် ထိန်းချုပ်နိုင်တယ်။

အဲဒီနေရာမှာ ပြတ်သွားတယ်ဆိုတာသိရင် လိုက်ကြည့်စရာမလိုဘဲ အဲဒီနေရာမှာပြတ်နေပြီ၊ သွားကြည့်တော့၊ သွားပြင်တော့ဆိုပြီး အချိန်တိုအတွင်းမှာ ပြင်နိုင်ပါတယ်။ Auto re-close Function လည်းပါတဲ့အတွက်ကြောင့် ပထမတစ်ကြိမ်ပြန်တင်မယ်။ ဒုတိယအကြိမ်ပြန်တင်မယ်။ တတိယအကြိမ်ကျရင် မတင်တော့ဘူး။ ဒါကတော့ Fault ကို Clear ဖြစ်ပြီးမှ လူကပြန်တင်ဆိုတဲ့အမိန့်ပေးမှ ပြန်တင်တော့မယ်။ ဒါမျိုးစနစ်တွေဖြစ်နေမယ်။ တပ်ထားတဲ့အတွက်ကြောင့် မီးပျက်ချိန်ကို လျှော့ချပေးနိုင်ပါတယ်။ ဒါက Auto re-closer ဖြစ်ပါတယ်။

Sectionalizerဆိုတာလည်း မီးပျက်တဲ့အပိုင်းမှာ သူ့ Section အလိုက် ပိုင်းပေးနိုင်တယ်။ အရင်က လမ်းကြောင်းတစ်ခုလုံး မီးပျက်သွားပြီဆိုရင် အဲဒီရပ်ကွက်ကြီးတစ်ခုလုံးက မှောင်သွားနိုင်တယ်။ Sectionalizer တပ်ထားခြင်းအားဖြင့် ချွတ်ယွင်းမှုဖြစ်တဲ့အပိုင်းလောက်ပဲ မီးပျက်သွားမယ်။ ကျန်တဲ့အပိုင်းက မီးပြန်လာနေမယ်။ မီးပျက်ချိန်ကို လျှော့ချပေးနိုင်မယ်။ ဒါဟာ မီးပြတ်တောက်မှုနဲ့ ပတ်သက်ပြီးတော့ ဘာလုပ်ထားသလဲဆိုတဲ့မေးခွန်းကို ဖြေပေးတာဖြစ်ပါတယ်။

မီးရရှိမှုအခြေအနေက တစ်နိုင်ငံလုံးအနေနဲ့ပြောရရင် တစ်နိုင်ငံလုံးမှာ အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိတဲ့အနက်မှာ ၄ ဒသမ ၄၂၈ သန်းက မီးရသေးတယ်။ ၄၁ ဒသမ ၂ ရာခိုင်နှုန်းပဲ မီးရရှိပြီး ကျန်အိမ်ထောင်စုပေါင်း ၆ ဒသမ ၃၉၆ သန်းက လျှပ်စစ်ဓာတ်အားမရရှိသေးပါဘူး။ မီးလင်းရန်ကျန်ရှိတာက ၅၈ ဒသမ ၅ ရာခိုင်နှုန်းက အခုထိ မီးမရရှိသေးပါဘူး။ အဲဒါကို မီးရရှိရေးအတွက် ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း National Electrification Plan ဆိုပြီးတော့ ချမှတ်ပြီးတော့ တစ်နိုင်ငံလုံးရဲ့ မီးရရှိရေးအတွက်ကို ကြိုးစားအားထုတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်တဲ့နေရာမှာ ပိုမိုအဆင်ပြေစေဖို့အတွက် ဘာတွေတိုးတက်လုပ်ဆောင်ရမယ်လို့ မြင်ပါသလဲ။**

**ဦးဇေယျသူရမွန်။** ။ စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်လုပ်ဖို့ဆိုတာ စီးပွားရေးလုပ်ရတာ လွယ်လာလို့ရှိရင် စီးပွားရေးလုပ်ငန်းကြီးတိုးတက်လာမယ်။ လူတိုင်းလူတိုင်းလည်း စီးပွားရေးလုပ်ရတာ အဆင်ပြေလာမယ်။ သိပ်တော်တဲ့သူမှ စီးပွားရေးလုပ်တတ်မယ်၊ သာမန်လူကစီးပွားလုပ်ရတာ ခက်နေမယ်ဆိုရင် သူတို့က တိုးမပေါက်ပါဘူး။ အဲဒီ Indicator အချက် ၁၀ ခုက စီးပွားရေးလုပ်တဲ့အချိန်ကစပြီး စက်ရုံတွေဆောက်မယ်၊ လျှပ်စစ်မီးရမယ်၊ ငွေချေးမယ်၊ အရောင်းအဝယ်စာချုပ်ချုပ်စတဲ့ လုပ်ငန်းသိမ်းတဲ့အထိ တိုင်းတာတဲ့ဟာတွေပါတယ်။ မွေးဖွားတာကနေ သေဆုံးတဲ့အထိ တိုင်းတာထားတာဖြစ်ပါတယ်။

အဲဒီထဲက အချက်တွေအားလုံးမှာ နိုင်ငံတကာနဲ့ ယှဉ်ရင် ကျွန်တော်တို့က တစ်ရာပေးရင် လေးဆယ့်လေးမှတ်ရပါတယ်။ အဆင့်နဲ့ကြည့်ရင် ၁၇၁ ရတယ်။ အကောင်းဆုံးနိုင်ငံတွေက နယူးဇီလန်နိုင်ငံက အကောင်းဆုံး ၁၀၀ ပေးရင် ၈၀ ကျော်ရတယ်။ အဆင့် ၁ ရတယ်။ စင်ကာပူလည်းအတူတူပဲ ၈၀ ကျော်ရတဲ့အတွက် အဆင့် ၂ ရတယ်။ သူတို့လို လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ရတဲ့အချိန်တွေ၊ ကုန်ကျစရိတ်တွေက သူတို့နီးပါးလောက်ဖြစ်လာလို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံက သူတို့နီးပါး စီးပွားရေးလုပ်လို့ကောင်းတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်မှာပါ။ ဒါပေမယ့် ကျွန်တော်တို့က မနက်ဖြန် အဲဒီနေရာကို ရောက်မလားဆိုတော့ မရောက်နိုင်ပါဘူး။ ကျွန်တော်တို့က နှစ်ပေါင်းများစွာ ရပ်တန့်ပြီးနေလာတယ်။ Regulation တွေကလည်း အများကြီးပြင်ရမယ်။

အဲဒါတွေကို ဒုတိယဝန်ကြီးဦးဆောင်ပြီးတော့ Indicators ခေါင်းဆောင်တွေကလည်း အားစိုက်ပြီးတော့ လုပ်နေပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် အစိုးရဘက်က လုပ်နိုင်သလောက် တော်တော်လေးလုပ်ထားပြီးပါပြီ။ အဲဒါကို စီးပွားရေးလုပ်ငန်းရှင်တွေက Utilize လုပ်ရမယ်။ ဥပမာအားဖြင့် ပါမစ်ဆိုရင် ဒေါ်လာ ၂၀၀ ကုန်ကျမယ် တစ်ပတ်ကြာမယ်။ တကယ်တော့ သုံးရက်ပဲကြာတယ်။ ဒေါ်လာ ၅၀ ပဲကုန်ကျမယ်။ ဒါပေမယ့် Agent ကိုပေးလိုက်တဲ့အခါကျတော့ ဒေါ်လာ ၂၀၀ ပဲယူတယ်၊ တစ်ပတ်ကြာမယ်ဆိုပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေက အစိုးရဘက်က ပြုပြင်ပြောင်းလဲတာတွေကို မသိနိုင်သေးဘူး။ အဲဒါကို ဘယ်မှာသက်သေပြသလဲဆိုရင် သူတို့ဖြေတဲ့မေးခွန်းတွေမှာ အရင်နှစ်ကဖြေတဲ့အတိုင်းပဲ ပြောင်းလဲတိုးတက်မှုတွေ မသိသေးဘူးဖြစ်နေတယ်။

အဲဒါကြောင့် စီးပွားရေးလုပ်ငန်းရှင်အနေနဲ့ အစိုးရဘက်ကနေ ဖြေလျှော့တာတွေ အကုန်လုံးကို Utilize လုပ်နိုင်မယ်ဆိုလို့ရှိရင် လက်ရှိအနေအထားမှာ အလုပ်အကိုင်စီးပွားလုပ်လို့ ကောင်းတဲ့အနေအထားမှာရှိပါတယ်။ ကျွန်တော်ကတော့ အဲဒီလိုမြင်ပါတယ်။

**အစီအစဉ်မှူး။ ။ Getting Electricity အတွက် ပုဂ္ဂလိကကဏ္ဍကနေပြီး ဒီနှစ်ထဲမှာလုပ်ဆောင်ခဲ့တာတွေ ဘယ်လောက်ထိရှိခဲ့တယ်ဆိုတာ သိလိုပါတယ်။**

**ဦးဇေယျသူရမွန်။** ။ ကျွန်တော်က လျှပ်စစ်လုပ်ငန်းကိုလုပ်တဲ့သူ၊ ဒီ Indicator နဲ့ ပတ်သက်ပြီးလည်း ထဲထဲဝင်ဝင်စိတ်ဝင်စားတဲ့သူ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ကနေပြီးတော့ ကျွန်တော်တို့ရဲ့အချက်အလက်ထဲမှာ လျှပ်စစ်မီတာခကို ဝက်ဘ်ဆိုက်ထဲမှာရှာလို့ မတွေ့ဘူးပြောတယ်။ လျှပ်စစ်ရဲ့ဝက်ဘ်ဆိုက်ထဲမှာမရှိဘူး။ ဒါပေမယ့် Doing Business Indicator ထဲမှာ ပါဝင်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ DICA က ထုတ်ထားတဲ့စာရင်းထဲမှာ လျှပ်စစ်မီတာခနဲ့ တခြား Doing Business နဲ့ သက်ဆိုင်တဲ့အချက်အလက်အများကြီးပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခု ဘယ်လိုလုပ်မယ်ဆိုတာတွေ အများကြီးပါတယ်။ ကမ္ဘာ့ဘဏ်က အွန်လိုင်းမှာရှာလို့တွေ့လားဆိုတော့ အွန်လိုင်းမှာရှာရင်ရှိတယ်။ သူရှာတာတော့မရှိဘူး။ ဌာနက တစ်ပတ်အတွင်း ဝက်ဘ်ဆိုက်ကိုတင်လိုက်တယ်။ ဝက်ဘ်ဆိုက်တင်လိုက်တဲ့အတွက် အမှတ်ပေးတဲ့စာရင်းထဲမှာ အမှတ်တစ်ခုရသွားတယ်။ နောက်တစ်ခုကမီးပျက်တဲ့အကြိမ်ရေကိုဖော်ပြတဲ့ အညွှန်းကိန်းကို အွန်လိုင်းမှာရသလားမေးတယ်။ မီးပျက်တဲ့အကြိမ်ရေဂဏန်းလေးတွက်ပြီးတော့ ဝက်ဘ်ဆိုက်မှာတင်ထားလိုက်ရုံပါပဲ။ အင်ဂျင်နီယာတွေနဲ့ သေသေချာချာတွက်ပြီး အွန်လိုင်းမှာတင်လိုက်တယ်။ အဲဒါတွေက ချက်ချင်းလက်ငင်းမြန်မြန်ပြင်တဲ့ဟာတွေဖြစ်ပါတယ်။

လျှပ်စစ်လုပ်ငန်းက လုပ်တဲ့ဟာတွေဖြစ်ပါတယ်။ တခြားဌာနမှာ လွန်ခဲ့တဲ့သုံးနှစ်လောက်က ကြေညာထားတယ်၊ ကမ္ဘာ့ဘဏ်ကလည်းမသိဘူး။ စီးပွားရေးလုပ်ငန်းတွေကလည်း မသိတော့ ဒီလုပ်ထုံးလုပ်နည်းတွေရှိပါတယ်လို့ ဖြေတယ်။ ကမ္ဘာ့ဘဏ်ကလည်း အစည်းအဝေးမှာ ဒါမရှိတော့ဘူးလို့ ပြောတာလက်မခံဘူး။ မရှိတော့တဲ့ဟာတွေကို သက်သေပြရပါတယ်။

**ဦးတင်အောင်။** ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း ပွင့်လင်းမြင်သာမှုလုပ်ပါတယ်။ လုပ်တဲ့နေရာမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှာလည်း တင်ထားပါတယ်။ လျှပ်စစ်ဓာတ်အားရရှိဖို့နဲ့ ပြည်သူတွေသိအောင် ဘယ်လောက်ကုန်ကျမယ်။ ဘယ်နှရက်အတွင်းပြီးအောင် လုပ်ပေးမယ်ဆိုပြီး ဝက်ဘ်ဆိုက်မှာတင်ပါတယ်။ လက်ရှိမှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှာ လုပ်နေပြီ၊ မန္တလေးမှာလည်းလုပ်နေပြီ၊ သူတို့လည်း ဝက်ဘ်ဆိုက်တင်တော့မယ်။ စုစုပေါင်းသုံးခုဖြစ်သွားပြီ။ ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တစ်ခု၊ ကော်ပိုရေးရှင်း ဝက်ဘ်ဆိုက်နှစ်ခုတင်မှာ ဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်တင်တာနဲ့ မတင်ခင်ကလည်း မြို့နယ်လျှပ်စစ်ရုံးတိုင်းရုံးတိုင်းမှာ မီတာလျှောက်ရင် လုပ်ထုံးလုပ်နည်း၊ ကုန်ကျစရိတ်၊ ဘယ်လောက်ကြာမယ်ဆိုတာ ဗီနိုင်းတွေနဲ့ လူမြင်သာတဲ့၊ အများပြည်သူမြင်သာတဲ့နေရာမှာ ကပ်ထားပါတယ်။ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ ကပ်ခိုင်းထားပါတယ်။ ပွင့်လင်းမြင်သာမှုရှိအောင် ဒါတွေ လုပ်ပေးပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

သတင်း-ရှင်မင်း
ဓာတ်ပုံ-အေးသန်း

# ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**(ယမန်နေ့မှအဆက်)**

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရေးအတွက် ကာကွယ်ထိန်းသိမ်းခြင်းဆိုင်ရာမူဝါဒကို မြှင့်တင်အကောင်အထည်ဖော်ရန်၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များအား သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ၊ သစ်ပင်သစ်ဥကြောင့်ဖြစ်စေ၊ ပိုးမွှားများ၊ ငှက်၊ တိရစ္ဆာန်များကြောင့်ဖြစ်စေ၊ ယိုယွင်းပျက်စီးခြင်းမရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ အသိစိတ်ဓာတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအား ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို နားလည်ခံယူနိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးမှုမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်၊

(ဆ) ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

## အခန်း (၃)
## ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသကိုလည်းကောင်း၊ အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသကိုလည်းကောင်း ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သောဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူတစ်ဦး | အဖွဲ့ဝင် |
| (၁၀) | ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းကို စိတ်ဝင်စားသည့်ဒေသခံနှစ်ဦး | အဖွဲ့ဝင် |
| (၁၁) | သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ | အတွင်းရေးမှူး |

(ခ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည်-

(က) ကမ္ဘာ့အမွေအနှစ်ဒေသနှင့် အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်ဒေသများမှလွဲ၍ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ခရိုင် သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ တာဝန်ပေးအပ်သည့်ဌာနဆိုင်ရာ အရာရှိတစ်ဦး | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အရာရှိတစ်ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနခွဲ တာဝန်ခံ | အတွင်းရေးမှူး |

(ခ) ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသသတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါဒေသအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ၊

(ခ) ကြားခံဒေသ။

၇။ ဝန်ကြီးဌာနသည် လိုအပ်လျှင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသအတွင်းတွင် မြေယာစီမံခန့်ခွဲရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ သက်ဆိုင်ရာပုဂ္ဂိုလ်၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

## အခန်း (၅)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသကာကွယ်ထိန်းသိမ်းခြင်း

၈။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် ယဉ်ကျေးမှုအမွေအနှစ်အခင်းအကျင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေသည့် မည်သည့်အဆောက်အအုံမျှ ဆောက်လုပ်ခြင်းမပြုရန်တားဆီးခြင်း၊ ကျူးကျော်ဆောက်လုပ်ထားမှုများကို ဖယ်ရှားစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၉။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုချင်းအလိုက် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကို ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။

၁၀။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အမျိုးသားအဆင့်စီမံခန့်ခွဲမှုကော်မတီနှင့် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရန် လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ရယူရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ပရဝဏ်ကိုသတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သည့်ပရဝဏ်အတွင်း ဆောင်ရွက်သည့်ကိစ္စရပ်များအတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံအား ဂေါပက သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

**(ဆက်လက်ဖော်ပြပါမည်)**

MYANMAR IVY
College of Business and Technology
MIAMI UNIVERSITY
U.S. RANKINGS #78




တက္ကသိုလ်ဝင်တန်း(၁၀တန်း) ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား/သူ များနှင့် IGCSE ဖြေဆိုအောင်မြင် ပြီးသော ကျောင်းသား/သူ များ သည် Myanmar Ivy College တွင် ပထမနှစ်မှ တတိယနှစ်အထိ တက်ရောက်ပြီး အမေရိကန် နိုင်ငံ တစ်နိုင်ငံလုံးတွင် အဆင့် (၇၈) ဖြင့်ရပ်တည်နေသော Miami University မှ စီးပွားရေးသိပ္ပံဘွဲ့တန်း (Bachelor of Science in Commence) နောက်ဆုံးနှစ်(Final Year) ကိုတိုက်ရိုက်တက်ရောက်နိုင်ပြီဖြစ်ပါတယ်...

Jan 2019 အတန်းအတွက် ကျောင်းအပ်လက်ခံနေပါပြီ...

ENROLL NOW

Discount & Scholarships
- နိုဝင်ဘာ ၂၀၁၈ တွင် ကျောင်းအပ်နှံပါက ၃၀,၀၀၀ကျပ် Discount
- ဒီဇင်ဘာ ၂၀၁၈ တွင် ကျောင်းအပ်နှံပါက ၂၀,၀၀၀ကျပ် Discount
- တက္ကသိုလ်ဝင်တန်း(၁၀ တန်း) အား ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား/သူများအတွက် ဂုဏ်ထူး (၁)ဘာသာလျှင် (၂)သိန်းကျပ် ချီးမြှင့်မည်
- IGCSE အား A နှင့် A+ ဖြင့် အောင်မြင်ပါက (၁)ဘာသာလျှင် (၂)သိန်းကျပ် ချီးမြှင့်မည်

နယ်မှ ကျောင်းသား/သူ များအတွက်လည်း ကျောင်းသားသီးသန့် အဆောင်နေရာများစီစဉ်ထားရှိပါတယ်...

Myanmar Ivy College of Business and Technology
09-251979779, 09-965081493 www.ivy.edu.mm
6(B), Level(6), Pansondan Business Tower, Corner of Anawrahta and Pansondan Road, Yangon.

# ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီးတွင် သားဖွား၊ မီးယပ်နှင့်ပတ်သက်သော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**ဗဟိုအမျိုးသမီး ဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီး အရေးပေါ်ဌာန၊ သားဖွားခန်း၊ ခွဲစိတ်ခန်းများမှ နိုဝင်ဘာ ၂၆ ရက်မှစတင်၍ ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီး၏ မြေညီထပ်တွင် အရေးပေါ်ဌာန၊ နေ့ပိုင်းစောင့်ကြပ်ကြည့်ရှုရန် လိုအပ်သောလူနာများကို ကုသပေးရန်ဌာန၊ ကိုယ်ဝန်နှစ်စဉ် သွေးဆင်း၊ ဗိုက်နာသောလူနာများကို ကြည့်ရှုကုသပေးသောဌာန၊ တယ်လီဖေးရှင်းနှင့်ကွန်ပျူတာဓာတ်မှန်ဌာန၊ သွေးလှူဘဏ်နှင့် ၂၄ နာရီဓာတ်ခွဲခန်း၊ ပထမထပ်တွင် သားဖွားခန်း၊ ကိုယ်ဝန်ဆောင် လူနာခန်းများ၊ မွေးပြီးစ လူနာခန်းများဆောင်၊ ဒုတိယထပ်တွင် အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ပြီး မွေးလူနာဆောင်၊ တတိယထပ်တွင် ခွဲစိတ်ခန်းများ၊ ခွဲစိတ်ပြီးစ လူနာခန်း၊ စတုတ္ထထပ်တွင် ဆေးရုံအုပ်ကြီးရုံးခန်း၊ ဆေးရုံအုပ်ကြီးရုံးအဖွဲ့၊ အစည်းအဝေးခန်းမများ၊ စာသင်ခန်းများ၊ ဘုရားခန်းများ ပါဝင်ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ငါးထပ်ဆောင်သစ်ကြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာခင်ပြုံးကြည်အား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။



ဆေးရုံအုပ်ကြီး ပါမောက္ခ
ဒေါက်တာခင်ပြုံးကြည်

**မေး။ ။ ဗဟိုအမျိုးသမီးဆေးရုံ ငါးထပ်ဆောင်အသစ်ကြီးကို ထပ်မံတိုးချဲ့ ဖွင့်လှစ်ထားတယ်။ ဒီနေ့မှာ လူနာတချို့ကို ပြောင်းရွှေ့ပြီး ဆေးကုသမှုခံယူနေတယ်လို့သိရပါတယ်။ လူနာဘယ်နှဦးလဲ၊ ဘယ်လိုရောဂါမျိုးကို ပြောင်းရွှေ့ကုသစေတာပါလဲ။**

ဖြေ။ ။ အဆင့်မြင့် ငါးထပ်ဆောင်ကြီးမှာ နိုဝင်ဘာ ၂၆ ရက်နေ့ကစပြီးတော့ လူနာတွေကိုပြောင်းရွှေ့ကုသခဲ့ပါတယ်။ ကုသတဲ့လူနာတွေက အဓိကကတော့ ပထမထပ်မှာဆိုရင် သားဖွားခန်းတွေရှိပါတယ်။ ရိုးရိုးမွေးဖွားမယ့်လူနာတွေကို ကုသပေးပါတယ်။ တတိယထပ်မှာ ခွဲစိတ်ခန်းခုနစ်ခန်းရှိပါတယ်။ ခွဲစိတ်ခန်းခုနစ်ခန်းမှာ စီစဉ်ပြီးခွဲစိတ်တဲ့ ဗိုက်ခွဲပြီး မွေးဖွားတဲ့လူနာတွေရယ်၊ ၂၄ နာရီ အရေးပေါ်ဗိုက်ခွဲမွေးဖွားတဲ့ မွေးလူနာတွေကို ကုသပေးပါတယ်။ ဒါ့အပြင် ခွဲစိတ်ခန်းခုနစ်ခန်းက တချို့ခွဲစိတ်ခန်းတွေမှာ မီးယပ်ဝေဒနာရှင်တွေကိုလည်း ခွဲစိတ်ကုသခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ အောက်ဆုံးထပ်မှာ အရေးပေါ်ဌာနရှိပါတယ်။

အရေးပေါ်ဌာနက အရင်က ဒီဘက်က အဆောင်မှာပါ။ အခုတော့ အရေးပေါ်ဌာနကိုလည်း ငါးထပ်ဆောင်ကြီး အောက်ဆုံးထပ်မှာ နိုဝင်ဘာလ ၂၆ ရက်နေ့က စပြောင်းရွှေ့ပြီး အရေးပေါ်အကြောင်းကြောင်းကြောင့် ဆေးရုံတက်ရမယ့်လူနာတွေကိုလည်း ဒီအရေးပေါ်ဌာနကတစ်ဆင့် ဆေးရုံတင်ခြင်းလုပ်ငန်းကိုလုပ်သလိုပဲ အရေးပေါ်ဗိုက်နာလို့သော်လည်းကောင်း၊ သွေးဆင်းလို့သော် လည်းကောင်း၊ သားပျက်သားလျှောလို့သော်လည်းကောင်း ရောက်လာတဲ့ လူနာတွေကိုလည်း ဒီအရေးပေါ်ဌာနက လက်ခံပြီးတော့ သက်ဆိုင်ရာ လူနာဆောင်အသီးသီးကို တင်ပေးပါတယ်။ ဒီအောက်ဆုံးထပ်မှာပဲ ၂၄ နာရီ ဓာတ်ခွဲခန်းလည်းရှိတယ်။ ဓာတ်မှန်ဌာနအနေနဲ့ CT ဓာတ်မှန်ဌာန၊ Ultrasound ရိုက်ကူးရေးကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ အရင်ဆေးရုံဟောင်းအဆောင်တွေကို ဘယ်လိုထားရှိဆောင်ရွက်သလဲဆိုတာလည်း သိချင်ပါတယ်။**

ဖြေ။ ။ အရင် ဆေးရုံအဟောင်းမှာ အခုလက်ရှိ (A) ဆောင် ပထမထပ်မှာ မူလအတိုင်းပါပဲ။ ဆေးရုံကြိုတင်ရတဲ့လူနာတွေကို ထားရှိပေးပါတယ်။ အဲဒီအပေါ် တတိယထပ်က ခွဲစိတ်မွေးဖွားတဲ့လူနာတွေ ထားတာပါ။ အဲဒီအထပ်မှာ ရိုးရိုးမွေးဖွားပြီးတော့ ဒုတိယ၊ တတိယရက်တွေပေါ့။ အဲဒီ လူနာတွေစိတ်ချရရင် အဲဒီဘက်မှာရွှေ့ပြီး ကုသပေးပါတယ်။

**မေး။ ။ အခု လူနာတစ်ဦးက ဗဟိုအမျိုးသမီးဆေးရုံမှာ ဆေးလာကုမယ်ဆိုရင် အဟောင်းကို သွားရမလား၊ အသစ်ကိုသွားရမလား ပြည်သူလူထုကိုသိအောင် ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဘယ်လူနာမဆို ဆေးရုံတက်ရမယ့်လူနာတွေဆိုရင် ငါးထပ်ဆောင်ကြီး အောက်ဆုံးထပ်မှာရှိတဲ့ အရေးပေါ်ဌာနကိုပဲ လာရမှာပါ။ ပြင်ပလူနာဌာနကတော့ မူလအတိုင်းရှိပါတယ်။ ပြောချင်တာက အရေးပေါ်ဌာနကတော့ ငါးထပ်ဆောင်ကြီးရဲ့ အောက်ဆုံးထပ်မှာ ရှိပါတယ်။

**မေး။ ။ ဆေးဝါးကုသပေးတဲ့အပိုင်းနဲ့ပတ်သက်ပြီးတော့ အရင်အတိုင်း အခမဲ့ပဲလားရှင့်။**

ဖြေ။ ။ ဆေးဝါးကုသရေးမှာ အခြေခံဆေးဝါးတွေကိုတော့ အခမဲ့ကုသပေးပါတယ်၊ ဒီထဲမှာမှ အရေးကြီးတဲ့ဆေးဝါးတွေ၊ ဆေးရုံမှာမရှိတဲ့ ဆေးဝါးတချို့ကိုတော့ ဆေးရုံအထောက်အကူပြု ဆေးဆိုင်ရှိတယ်။ အဲဒီမှာ အလွယ်တကူဝယ်ယူနိုင်ဖို့ စီစဉ်ပေးထားပါတယ်။

**မေး။ ။ အခုလို ငါးထပ်ဆောင်သစ်ကြီးမှာ လူနာတွေကို လက်ခံကုသပေးနေပြီဆိုတာနဲ့ ပတ်သက်ပြီး ပြည်သူကိုဘာများ message ပေးချင်ပါသလဲ။**

ဖြေ။ ။ ကျွန်မအနေနဲ့ ပြည်သူလူထုကို message ပေးချင်တဲ့အကြောင်းအရာကတော့ ကျွန်မတို့ ဗဟိုအမျိုးသမီးဆေးရုံကြီးက ဆင်းရဲချမ်းသာမရွေး ကိုယ်ဝန်ဆောင်မိခင်တွေရော၊ မီးယပ်ဝေဒနာရှင်ရော အားလုံးကိုကုသပေးတဲ့ ဆေးရုံကြီးပါ။ ကျွန်မတို့ဆေးရုံကြီးက မြန်မာနိုင်ငံမှာဆိုရင် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီးပါ။ နိုင်ငံတကာအဆင့်မီအောင်လည်း ကျွန်မတို့အနေနဲ့လည်း ကြိုးစားပြီးဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဗဟိုအမျိုးသမီးဆေးရုံမှာ ဆရာဝန်၊ ဆရာမတွေ အားလုံးကနေပြီး အမျိုးသမီးထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးရတဲ့အတွက်ကြောင့် ဝမ်းသာဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ သားဆက်ခြားနဲ့ သားသမီးလိုချင်ရင် ဒီဆေးရုံမှာ လာရောက်ကုသရင်ရောရပါသလား။**

ဖြေ။ ။ ပုံမှန်အားဖြင့် သားဆက်ခြားဆေးပေးခန်းကတော့ အဆောင်ဟောင်း ပြင်ပလူနာဌာနမှာ ရှိပါတယ်။ ဒီဘက်က အဆောင်ကတော့ အောက်ဆုံးထပ်မှာ အရေးပေါ်ဌာန၊ တစ်ခါတလေ မွေးလူနာတွေ စိတ်ပူပြီးလာကြတယ်၊ စိတ်ပူပြီး ကလေးသိပ်မလှုပ်လို့၊ ခေါင်းကိုက်လို့၊ အဲဒါမျိုးတွေဆိုရင် ကျွန်မတို့ကတစ်ခါတလေကျရင် အရေးပေါ်ဌာနမှာ ကြည့်လိုက်တယ်။ ကြည့်လိုက်ပြီး ဆေးရုံတင်ဖို့လည်းမလိုဘူး။ ဒါပေမယ့်လည်း တစ်နေ့လောက်၊ ခဏ စိတ်ချရတဲ့အထိလည်း ထားစေချင်တယ်၊ ကျွန်မတို့ အနေနဲ့လည်း ဆန္ဒရှိတယ်။ ချက်ချင်းလည်း ပြန်မလွှတ်ချင်တဲ့ အခါကျရင် ကျွန်မတို့က နေ့ပိုင်းစောင့်ကြပ်ကြည့်ရှုဖို့ လိုအပ်တဲ့ လူနာတွေကိုကုသပေးတဲ့ ဌာနလည်းရှိပါတယ်။ နောက်တစ်ခု ကိုယ်ဝန်နုစဉ် သွေးဆင်း၊ ဗိုက်နာတဲ့ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ဌာနမှာ ကိုယ်ဝန်ဆောင်မိခင်တွေက သွေးဆင်း၊ ဗိုက်နာ အကြောင်းကြောင်းကြောင့် ရောက်လာရင်လည်း ကျွန်မတို့က Ultrasound တွေကြည့်ပြီး လုပ်တယ်။ စိတ်ချရတဲ့အထိထားရှိပြီး စိတ်ချရင် အိမ်ပြန်လွှတ်တယ်၊ နေ့ပိုင်းစောင့်ကြပ်ကြည့်ရှုဖို့ လိုအပ်တဲ့ လူနာတွေကိုကုသပေးတဲ့ဌာနတို့၊ ကိုယ်ဝန်နုစဉ် သွေးဆင်း၊ ဗိုက်နာတဲ့ လူနာတွေကို ကြည့်ရှုကုသပေးတဲ့ ဌာနတွေက ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ပထမဆုံးထားရှိပြီး ကုသပေးမှာဖြစ်ပါတယ်။

**မေး။ ။ အမျိုးသမီးနဲ့ ပတ်သက်တဲ့ရောဂါ ရင်သားကင်ဆာနဲ့ သားအိမ်ခေါင်းကင်ဆာတို့ ကာကွယ်မှုအပိုင်း၊ ကုသမှုအပိုင်းတွေကို ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ အမျိုးသမီးတွေ ရင်သားကင်ဆာ ကာကွယ်ရေးအပိုင်းမှာ မိမိကိုယ်တိုင် ဘယ်လိုစမ်းသပ်ရမလဲဆိုတာကိုလည်း ဆရာဝန်တွေက သင်ကြားပြသပေးတဲ့အပြင် ဂိုက်လိုင်းတွေလည်းရှိပါတယ်။ ဘယ်လို အသက်အရွယ် အမျိုးသမီးတွေကို ရင်သားကင်ဆာမဖြစ်ခင်ကတည်းက ကြိုတင်ပြီးတော့ early state တကယ်လို့ ဖြစ်နေရင် စောစောစီးစီးသိရအောင် မယ်မိုဂရမ် ရိုက်ကူးပေးပါတယ်။ အဲဒါက ပြင်ပလူနာဌာနမှာ ရှိပါတယ်။ အဲဒီလိုပဲ အမျိုးသမီးထဲမှာ အဖြစ်အများဆုံးဖြစ်တဲ့ သားအိမ်ခေါင်းကင်ဆာအတွက် ရှေ့ပြေးအဆင့်ကို ကုသပေးတဲ့ ဆေးခန်းရှိပါတယ်။ သက်ဆိုင်ရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးတွေက ဦးဆောင်ပြီးတော့ ဖွင့်လှစ်ထားတာရှိပါတယ်။ အဲဒါက ပြင်ပလူနာဌာနမှာပါ။

**မေး။ ။ ငါးထပ်ဆောင်ကြီး တိုးချဲ့လိုက်တဲ့အတွက် လူနာဦးရေတိုးတက်လာမှု အတိုင်းအတာလေးလည်း သိပါရစေ။**

ဖြေ။ ။ ငါးထပ်ဆောင်ကြီးကိုဖွင့်လိုက်တဲ့အတွက် လူနာခုတင် ၂၀၀ လောက် အနည်းဆုံး တိုးချဲ့ပြီး ကုသနိုင်ပါတယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီးက ခုတင် ၈၀၀ ဆံ့ ဆေးရုံကြီးပါ။ ဒီဘက်မှာ ၈၀၀ ထက် မကပါဘူး။ အဲဒီအခါကျတော့ ကျွန်မတို့ ဒီဘက်မှာ ခုတင် ၈၀၀ ရယ်၊ ဟိုဘက်က ခုတင် ၂၀၀ စုစုပေါင်း ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးတော့ ဖြစ်လာပါပြီ။

**အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်။ ။**

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ-ကိုမျိုး**

CALIFORNIA UNITEC
Institute of Civil Engineering
Edinburgh Napier UNIVERSITY
15th January 2019 Intake အတွက် ကျောင်းသူ/ကျောင်းသားများအား စတင်လက်ခံနေပါပြီ။



✓ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများ၊ Foundation မှ စတင်၍ Napier University(UK) မှ ပေးအပ်သော BEng (Hons), MSc, MEng ဘွဲ့ များကို မြန်မာပြည်ရှိ California Unitec တွင် တက်ရောက်နိုင်ပါသည်။
✓ အသေးစိတ်သိရှိလိုပါက
ပုလဲကွန်ဒို၊ Block C နှင့် D ကြား ၊ 3F (တတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
09 250 555 558, 09 250 555 559
www.facebook.com/californiaunitec

Taw Win Nan Htake Htar Travels & Tours
No.(1), 151st,Tamwe Township, Yangon.
- မြိတ် - မြိတ်ကျွန်းစု - ကျွန်းလည်
- မြစ်ကြီးနား - အင်းတော်ကြီး - ဖလံ့တောင်
- ချင်းပြည်နယ် - ခေါ်နုဆုမ် - ဇလေ
- တားလယ် - ရှင်ကိုးရှင် - မောင်းမကန်ကမ်းခြေ
- မိုးကုတ် - အင်းစ - မန္တလေး
- တောင်ကြီး - အင်းလေး - ပင်းတယ - ရွာငံ
- ပုဂံ - ပုပ္ပါး - ရွှေစက်တော်လေးဆူ - ပခုက္ကူ
- ကျိုက်ထီးရိုး - ဘီးလင်း - အောင်ပန်း
- ပန်းပါ - ထိန်ချိုး - မြစ်ကြီးနား
- မြဝတီ - မဲဆောက်
- ရခိုင် - မြောက်ဦး - စစ်တွေ
- သီပေါ - လားရှိုး - ဂုတ်ထိပ်

နေ့ချင်းပြန်ခရီးစဉ်များ
တောင်ဂူ - သံတောင်
ဘားအံ ခရီးစဉ်
မော်လမြိုင် ခရီးစဉ်
ပြည် - အကောက်တောင်
ရက်ရှည်ခရီးစဉ်များ
Dec - 21,22,28,29
Jan - 3 , Feb - 8
ညများတွင်ထွက်ရှိပါမည်။
09- 4500 43394, 09-252630799, 09-787177990

THREE STAR
Air-con ၊ ရေခဲသေတ္တာ၊အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ၊
ဆေးကြောသန့်စင်ခြင်းများကို အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con
Brand New
1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 320000-Ks
(Copperr Pipe-10ft, Drain Pipe, Wire, Safeguard, Frame, Transporation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
မ/ဥက္ကလာပ - 0943131601, 09400882811
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

# အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာ အသက် ၉၄ နှစ်တွင် ကွယ်လွန်


**ဝါရှင်တန် ဒီဇင်ဘာ ၁**

အသက် ၉၄ နှစ်အရွယ် အမေရိကန်ပြည်ထောင်စု၏ ၄၁ ယောက်မြောက် သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် သေဆုံးသွားပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာသေဆုံးသွားပြီဖြစ်ကြောင်း ၎င်း၏သားဖြစ်သူ အမေရိကန်သမ္မတဟောင်း ဂျော့ရှ်ဒဗလျူဘုရှ်က အတည်ပြုပြောကြားခဲ့သည်။

သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာသည် အဆုတ်အအေးမိဝေဒနာ ခံစားရပြီး လွန်ခဲ့သောဧပြီလက တက္ကဆက်ပြည်နယ် ဟူစတန်ဆေးရုံ အထူးကြပ်မတ်ကုသဆောင်တွင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ ၎င်းဆေးကုသမှု ခံယူနေစဉ် ဇနီးဖြစ်သူ ဘာဘရာဘုရှ် ကွယ်လွန်ခဲ့သည်။

(၄၁)ယောက်မြောက်သမ္မတ ဂျော့ရှ်ဒဗလျူဘုရှ်၏ ဖခင်ဖြစ်သော ဂျော့ဒဗလျူဘုရှ်-စီနီယာသည် ဆိုဗီယက်ပြည်ထောင်စုနှင့်အတူ စစ်အေးတိုက်ပွဲကို အဆုံးသတ်ပေးနိုင်ခဲ့သူဖြစ်သည်။



သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာသည် ၁၉၆၆ ခုနှစ်တွင် တက္ကဆက်ပြည်နယ် လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံရပြီးနောက် နိုင်ငံရေးလောကထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။

ထို့နောက် ၁၉၈၉ ခုနှစ်တွင် စီအိုင်အေ ဒါရိုက်တာ၊ သမ္မတရော်နယ်ရေဂင်လက်ထက်တွင် ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာသည် ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင် မီခေးလ်ဂေါ်ဘာချော့ဗ်၏ မူဝါဒပြုပြင်ပြောင်းလဲရေးကို ထောက်ခံအားပေးခဲ့သူဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာနှင့် ဂေါ်ဘာချော့ဗ်တို့သည် စစ်အေးတိုက်ပွဲပြေငြိမ်းကြောင်း ကြေညာခဲ့ကြသည်။

ပင်လယ်ကွေ့စစ်ပွဲစတင်ချိန်ဖြစ်သည့် ၁၉၉၀ ပြည့်နှစ်တွင် အီရတ်နိုင်ငံက အိမ်နီးချင်းကူဝိတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် အီရတ်နိုင်ငံအား ရှုတ်ချခဲ့သည်။

ထို့ကြောင့် အမေရိကန်ဦးဆောင်သော နိုင်ငံစုံညွန့်ပေါင်းတပ်ဖွဲ့များသည် အီရတ်တပ်ဖွဲ့များ ကူဝိတ်နိုင်ငံမှ ပြန်လည်စွန့်ခွာသွားရန် အီရတ်နိုင်ငံသို့ ထိုးစစ်ဆင်တိုက်ပွဲများ ဆင်နွှဲရာတွင် သမ္မတဟောင်း ဘုရှ်-စီနီယာက ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် သမ္မတဟောင်း ဘုရှ်-စီနီယာက သမ္မတသက်တမ်းဒုတိယအကြိမ်အတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒီမိုကရက် ဘီကလင်တန်ကို ရှုံးနိမ့်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲ ပထမနေ့ ကျင်းပ

**ဗျူနိုအေရီ ဒီဇင်ဘာ ၁**

ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲ ပထမနေ့ကို အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီမြို့တွင် ကျင်းပလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။ အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပဋိပက္ခသည် ပြင်းထန်လျက်ရှိပြီး အဆိုပါ ကုန်သွယ်ရေးတင်းမာမှုများသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲ၏ ပထမနေ့တွင် ပြောကြားခဲ့သည်။

အင်အားကြီးနှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ တင်းမာမှုများကြောင့် လွန်ခဲ့သောလက ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်ကိုပင် ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိခဲ့ကြောင်း ဝန်ကြီးချုပ်အာဘေးက ထောက်ပြပြောကြားခဲ့သည်။

သို့သော် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲ၏ သတင်းထုတ်ပြန်ချက်များကို ၂၀၀၈ ခုနှစ် ယင်းအစည်းအဝေးပွဲ စတင်ကျင်းပသည့်အချိန်ကစပြီး ထုတ်ပြန်ကြေညာခြင်းမရှိသည့်အကြိမ်ဟူ၍ မရှိခဲ့ပါကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အား သီးခြားစီတွေ့ဆုံမည်ဖြစ်ပြီး အင်အားကြီးနှစ်နိုင်ငံအကြား ဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခကို ပြေလည်နိုင်စေရန် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ စေ့စပ်ညှိနှိုင်းမှု အောင်မြင်မှု ရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# မူးယစ်ဆေးဖြင့် သံသယရှိသူ ၁၄၄၈၈ ဦးအား ယခုနှစ် ၁၁ လအတွင်း ကမ္ဘောဒီးယားတွင် ဖမ်းဆီး

**ဖနောင်ပင် ဒီဇင်ဘာ ၁**

၂၀၁၈ ခုနှစ် ၁၁ လအတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် မူးယစ်ဆေးဝါးဖြင့် သံသယရှိသူ ၁၄၄၈၈ ဦးအား အမှုပေါင်း ၇၂၂၉ မှုဖြင့် အာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနမှ ဒီဇင်ဘာ ၁ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ဖမ်းဆီးခံရသူများအနက် ၈၂၂၂ ဦးသည် မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးမှုတွင် ပါဝင်သူများဖြစ်ပြီး အခြား ၆၂၆၆ ဦးမှာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်ပတ်သက်သူများဖြစ်ကြောင်း၊ ၎င်းတို့အနက် ၂၄၂ ဦးမှာ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ နိုင်ငံသားများဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ဘိန်းဖြူ၊ ကိုကင်း၊ မက်သာဖက်တမင်းပုံဆောင်ခဲများ၊ မက်သာဖက်တမင်းနှင့် ကီတာမင်းဆေးပြားများအပါအဝင် မူးယစ်ဆေးမျိုးစုံ အလေးချိန် ၅၂၄ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် မူးယစ်ဆေးဖြင့် သံသယရှိသူ ၁၇၇၉၅ ဦးအား အမှုပေါင်း ၈၁၇၃ မှုဖြင့် ဖမ်းဆီးခဲ့ပြီး ယင်းနှစ်အတွင်း သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး အလေးချိန်မှာ ကီလိုဂရမ် ၃၀၀ နီးပါးရှိသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများအား သေဒဏ်ချမှတ်ခြင်းမရှိဘဲ လူတစ်ဦးဦးထံမှ တရားမဝင်မူးယစ်ဆေး အလေးချိန် ဂရမ် ၈၀ ကျော် ရှာဖွေတွေ့ရှိပါက ဥပဒေအရ ထောင်ဒဏ် တစ်သက်ချမှတ်ခံရမည်ဖြစ်သည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံအလယ်ပိုင်း အယ်လ်ဘေဒါပြည်နယ်၌ အစိုးရတပ်ဖွဲ့များ တိုက်ခိုက်၍ ဟူသီသူပုန် ၄၀ သေဆုံး

**အေဒင် ဒီဇင်ဘာ ၁**

ယီမင်နိုင်ငံ အလယ်ပိုင်းရှိ အယ်လ်ဘေဒါပြည်နယ်တွင် နိုဝင်ဘာ ၃၀ ရက်က အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ဟူသီသူပုန် ၄၀ သေဆုံးသွားကြောင်း ယီမင်အစိုးရ ဆာဘားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယီမင်အစိုးရတပ်ဖွဲ့ဝင်များ အခြေချထားသည့် အယ်လ်ဘေဒါပြည်နယ်၊ မာလာဂျမ်ခရိုင်တွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် ဟူသီသူပုန်များ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ဟူသီသူပုန် ၃၀ တို့ သေဆုံးသွားကြောင်း ဆာဘားသတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်မှုများဖြစ်ပွားရာ နေရာအနီးတွင် ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် အခြားဟူသီသူပုန်တပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးခဲ့ကြောင်း ဆာဘားသတင်းဌာနမှ ထုတ်ပြန်သည့်သတင်းတွင် ဖော်ပြသည်။

ယီမင်အစိုးရတပ်ဖွဲ့များက ဟူသီသူပုန်များအား လုံးဝချေမှုန်းနိုင်ရန် လုပ်ဆောင်နေပြီး ဟူသီသူပုန်များ၏ စိမ့်ဝင်ထိုးဖောက် ဝင်ရောက်၍ ပြန်လည်သိမ်းယူရေးအတွက် ကြိုးပမ်းမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့ခြင်းကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်ဟု ဆာဘားသတင်းတွင် ဖော်ပြသည်။

ယီမင်နိုင်ငံတွင်း၌ နှစ်ဖက်တပ်ဖွဲ့များ အကြမ်းဖက်တိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းထားသော်လည်း ယီမင်အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များသည် နိုင်ငံတွင်းရှိ အချို့သောနေရာများတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိခဲ့သည်။



အီရန်နိုင်ငံက ထောက်ခံအားပေးသည့် ဟူသီသူပုန်များက ယီမင်အစိုးရတပ်ဖွဲ့များကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်များနှင့် မြို့တော်ဆာနားတို့အား ၂၀၁၄ ခုနှစ်အတွင်းက သိမ်းယူခဲ့ပြီးနောက် ယင်းနိုင်ငံမှာ ပြည်တွင်းစစ်အတွင်း ပိတ်မိနေခဲ့သည်။

ဟူသီသူပုန်တို့၏ တိုက်ခိုက်မှုကြောင့် ပြည်ပသို့ တိမ်းရှောင်ခဲ့ရသည့် ယီမင်အစိုးရနှင့် သမ္မတ အဘ်ဒရာဘူ မန်ဆောဟာဒီအား အထောက်အကူပေးရန် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ၂၀၁၅ တွင် ယီမင်နိုင်ငံတွင်းသို့ စစ်ရေးအရ ကြားဝင်စွက်ဖက်ခဲ့သည်။

**ဆင်ဟွာ**

# ရှေ့နေနှင့် ဓမ္မ

ခ ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဆရာမျက်နှာမကောင်းပါလား"
"အေးဗျာ"
"ပူပင်သောကများ ရှိနေလို့လား"
"အေးဗျာ"
"တရားဓမ္မနှင့် ဖြေကြည့်ပါလားဆရာ"
"အေးဗျာ"
"ဆရာကလည်း အေးဗျာတွေချည်းပဲ"
"အေးဗျာ"
"ဘာလို့ အေးဗျာတွေချည်း ပြောနေရတာလဲ။ မရှင်းဘူး"
"ဩော် - သောကဆိုတာကတော့ လူတိုင်းရှိတတ်တာမျိုးပဲ။ အပူမီးလို့ခေါ်မလား"
"သောကကိုဘယ်လို ပြေပျောက်အောင်လုပ်ကြမှာလဲဆရာ"
"ဒီလိုလေဗျာ"




**ဓမ္မနှင့်ကင်းကွာနေရခြင်း**

ဓမ္မနှင့်ကင်းကွာနေရခြင်းသည် လွတ်ငြိမ်းမှုနှင့် ကင်းကွာပြီး နေရခြင်းဖြစ်၏။

(စာရေးဆရာကြီး ပါရဂူ ဘာသာပြန်သော ငှက်ဓမ္မသဘင်စာအုပ်မှ အလွန်မှန်ကန်၍ နှစ်ခြိုက်ဖွယ်ကောင်းလှသော စာပိုဒ်ဖြင့် နိဒါန်းပြုပါရစေ။)

**ဆရာကြီးပါရဂူ**

စာရေးဆရာကြီး ပါရဂူသည် အလွန်ထင်ရှားသူဖြစ်ပါ၏။ အတွေးအခေါ်စာပေများ ရေးသားသူဖြစ်ပါ၏။ စာပေရေးရာစုံလင်စွာ ကျွမ်းကျင်သူဖြစ်ပါ၏။ ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝကတည်းက ဆရာကြီးပါရဂူ၏ စာအုပ်များကို ဖတ်ဖူးပါ၏။ ဆရာကြီး၏ စာပေဟောပြောပွဲများသို့လည်း ရှာဖွေတက်ရောက်ခဲ့ဖူးပါ၏။ ဆရာကြီး၏ စာကြည့်တိုက်သို့လည်း ရောက်ဖူးပါ၏။ ဆရာကြီးပါရဂူ၏ စာအုပ်စာပေများကို ကျွန်တော်လေးလေးစားစား ရှာဖွေဖတ်ရှုမိပါ၏။

**ငှက်ဓမ္မသဘင်**

ရန်ကုန်ရွှေစာပေတိုက်က ထုတ်ဝေသည့် စာရေးဆရာကြီးပါရဂူ ဘာသာပြန်သော ငှက်ဓမ္မသဘင် စာအုပ်ကလေးမှာ သေးသေးကလေးဖြစ်ပါ၏။ ဤစာအုပ်သေးသေးက ကျွန်တော်၏ရင်ကို အေးမြစေပါ၏။ သောကပွေသော အမှုအခင်းများကို ကျွန်တော်နေ့စဉ်ကြုံတွေ့နေရပါသည်။ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေသော၊ မတရားသော ၊ အဂတိလိုက်စားသောအမှုများ၊ အဖြစ်အပျက်များကို နေ့စဉ်ကြားသိနေရပါ၏။ ဖတ်ရှုနေရပါ၏။ သူများအပူ ကိုယ့်အပူဖြစ်နေပါ၏။ အပူတွေကို ဘယ်လိုဖြေရှင်းရပါ့။ ဘယ်လိုကိုင်တွယ်ရပါ့။ စနစ်တကျ ဖြေရှင်းပေးလိုပါ၏။ အေးချမ်းစေလိုပါ၏။ တရားဓမ္မသည်သာ အားကိုးရာဖြစ်ပါပေ၏။ ထိုအချိန် ထိုအခါတွင် ဆရာကြီးပါရဂူ၏ ငှက်ဓမ္မသဘင်စာအုပ်က များစွာသင်ပြပေးပေသည်။ သောကအပူမီးကို ငြိမ်းအေးပေးပေသည်။ ကျေးဇူးကြီးလှပေစွ။

**တိဗက်စာပေ (ကျမ်းနှစ်ကျမ်း)**

တိဗက်ရှေးဟောင်းစာပေ၌ ဓမ္မနှင့်ပတ်သက်သော ကဗျာအဖွဲ့အနွဲ့ အများအပြားပါဝင်ပါသည်။ အင်္ဂလိပ်ဘာသာပြန်ထားသော တိဗက်ဓမ္မကဗျာ ကျမ်းနှစ်ကျမ်းရှိသည်ဆိုပါ၏-

(၁) The Mila Grubum
(The Hundred Thousand Songs of Milarepa)

(၂) Bya Chos rinchen phren-ba
(The Dharma among the Birds, a precious garland )

(၃) ဓမ္မဆိုင်ရာ ဂန္ထဝင်ကဗျာများထဲက အကြီးကျယ်ဆုံး ကဗျာကျမ်းတစ်ကျမ်းဖြစ်ပါသည်။

တိဗက်မူရင်း ကဗျာစာအုပ်ကို ၁၉၀၄ ခုနှစ်ကာလကတ္တားမြို့၌ ပုံနှိပ်ထုတ်ဝေသည်။ ယင်းကဗျာကျမ်းကို နာမည်ကျော် ဗုဒ္ဓစာပေပညာရှင် အက်ဒွပ်ကွန်ဇေက ၁၉၅၅ ခုနှစ်တွင် တိဗက်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်သည်။ အင်္ဂလိပ်ဘာသာပြန်စာအုပ်အမည်မှာ "The Buddha's Law Among the Birds" ဖြစ်သည်။ အင်္ဂလိပ်ဘာသာပြန်ကို ပထမဆုံး အင်္ဂလန်၌ ထုတ်ဝေခဲ့သည်။ ငှက်ဓမ္မသဘင်သည် "The Buddha's Law Among the Birds" ကိုမြန်မာစကားပြေ ပြန်ထားခြင်းဖြစ်သည်။ ဓမ္မနှင့်ကဗျာကို ပေါင်းစပ်ထားသည်။ ၂၀၀၀ ပြည့်နှစ်တွင် တိုင်းလင်းစာပေက ထုတ်ဝေသည်။ ကျွန်တော်နှစ်ခြိုက်မိသမျှ ကောက်နုတ်တင်ပြပါရစေ။

**ရှေးရှေးတုန်းက**

ရှေးရှေးတုန်းက ဘဒ္ဒကပ်ကမ္ဘာ ကာလအတွင်း ဇမ္ဗူဒိပ်နှင့် တိဗက်နယ်စပ်၌ 'ရမ္မရတနာ' အမည်ရှိ တောထူထပ်သည့် သာယာကြည်နူးဖွယ် တောင်တစ်တောင်ရှိသည်။ တရားကျင့်ကြံ အားထုတ်ရာ ဆိတ်ငြိမ်ဒေသဖြစ်သည်။ ကျေးငှက်များနေကြသည်။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်စသောသတ္တဝါများသည်လည်း ခုန်ပေါက်ပြေးလွှား ပျော်ပါးကစားနေကြသည်။ ကျောက်ဆောင်များသည် တောင်၏ လေးဘက်လေးတန်ကို အလှဆင်ထားကြသည်။ တောင်ခြေတစ်ခွင်၌မူ လင်းတ၊ လင်းယုန်နှင့် အခြားတော်ဝင်ငှက်များ ပျံသန်းနေကြသည်။ စမ်းချောင်းများ၊ ရေကန်များ၊ ရေအိုင်များ၊ ရေတံခွန်များလည်း တည်ရှိနေကြသည်။ ကျောက်ဆောင်များနှင့် ရေခဲပြင်များမှ တသွင်သွင်စီးကျလာသောရေသည် ဝမ်းဘဲ၊ စင်ရော်စသော ရေငှက်များနှင့် ပန်းရနေသည်။ ဥဒေါင်း၊ ကြက်တူရွေး၊ ကျီးကန်းစသော သစ်ပင်ပျော်ငှက်များကြောင့်လည်း တောစိုး သစ်ပင်ထိပ်ဖျားများသည် တင့်တယ်လှပနေသည်။

**ငှက်ဘုရင်**

ထိုတော၌ ကျေးငှက်များကို တရားဓမ္မဟောပြရန်အတွက် ငှက်ဘုရင်ဥသြငှက်သည် စန္ဒကူးပင်ကြီးတစ်ပင်အောက်၌ နှစ်ပရိစ္ဆေဒကြာမြင့်စွာ တစ်နေ့လုံး တစ်ညလုံး မလှုပ်မယှက် သမာဓိဝင်စားနေသည်။

(၄) တစ်နေ့သ၌ ကျေးသားတစ်ကောင်က ငှက်ဘုရင်ဥသြငှက်ရှေ့ရောက်လာပြီး နှုတ်ခွန်းဆက်သလိုက်သည်။

"ယနေ့အထိ တစ်နှစ်တာပတ်လုံး ဤစန္ဒကူးပင်အောက်၌ စကားလည်းမပြော၊ လှုပ်လည်းမလှုပ်၊ တိတ်ဆိတ်ငြိမ်သက်စွာ ဝပ်နေ၏။

"တစ်စုံတစ်ခုသော အကြောင်းအရာသည် သင်၏စိတ်နှလုံးကို အနှောင့်အယှက်ပြုနေပါသလော။

သင်၏ သမာဓိကို မည်သည့်အချိန်၌ အဆုံးသတ်ပြီးလျှင် အစာအာဟာရအားလုံးထဲက အနံ့အရသာနှင့်အပြည့်စုံဆုံး ဤသစ်စေ့ကို သုံးဆောင်မည်နည်း။

**ငှက်ဘုရင်က ပြန်ကြား**

စကားအရာ လိမ္မာကြွယ်ဝသော "အို-ကျေးသား--- နားထောင်ပါလော့။

"ကျွန်ုပ်သည် ဘဝသံသရာအကြောင်းကို ဆင်ခြင်စဉ်းစားနေ၏ ။ ဤဘဝသံသရာ၌ အနှစ်သာရ ဘာတစ်ခုမှမတွေ့ရပေ။ ယခုအချိန်ထိ မျိုးဆက်သစ်တွေ တစ်ဆက်ပြီးတစ်ဆက် ကွယ်လွန်သေဆုံးကြသည်ကိုသာ တွေ့မြင်နေရ၏။

"သတ္တဝါများသည် အစားအသောက်အတွက် အသတ်ခံကြရ၏။ မည်မျှသနားစရာကောင်းသနည်း။

"ခံတပ်များလည်း ပြိုကျပျက်စီးသွားမည်။ အသစ်ဆုံးခံတပ်သည်ပင် ပြိုကျပျက်စီးသွားပြီ။

"မြေအဆောက်အအုံ၊ ကျောက်အဆောက်အအုံများလည်း ပြိုကျပျက်စီးသွားကြပြီ။ မည်မျှဝမ်းနည်းဖွယ်ကောင်းသနည်း။

"ရန်သူများသည် သိုမှီးသိမ်းဆည်းထားသော ပစ္စည်းများကို ကုန်ဆုံးပျက်စီးသွားအောင် လုပ်ပစ်လိုက်ကြပြီ။ ဤဥစ္စာနေကို လောဘရမ္မက်ကြီးစွာဖြင့် စုဆောင်းသိုမှီးထားခြင်းသည် မည်မျှသနားစရာကောင်းသနည်း။

"အရင်းနှီးဆုံးမိတ်ဆွေများနှင့် ကွဲကွာသွားရပြီး နောက်ဆုံးအဆင့်ရောက်သွားကြရပြီ။ မည်မျှသနားစရာကောင်းသနည်း။

"ကိုယ့်မိတ်ဆွေ ကိုယ့်သားသမီးများကို ခင်တွယ်ကြ၏။ အရာဝတ္ထုအားလုံးသည် ရေပွက်ပမာ အနိစ္စတရားများသာ ဖြစ်ကြ၏။

"အနှစ်သာရရှိသည့်အရာဝတ္ထု ဘာတစ်ခုမှ မတွေ့ရပေ။

"ကျွန်ုပ်သည် ယခု ယင်းလှုပ်ရှားမှုမှန်သမျှကို အားလုံးစွန့်ပစ်လိုက်ပြီ။

"မိမိ၏ အဓိဋ္ဌာန်ခိုင်မာစေရန်အတွက် ဤငြိမ်းချမ်းသော စန္ဒကူးပင်အောက်၌ ကျွန်ုပ်တစ်ကိုယ်တည်း တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ၏။ သမာဓိရအောင် တရားဘာဝနာ ပွားများနေ၏။

(၅) "မိတ်ဆွေကျေးသား၊ ကျွန်ုပ်ပြောပြသော စကားကို ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား ကျေးငှက်တွေအားလုံးအား တစ်ဆင့်ပြောပြပါလေ။ (စာ-၉)

**ကြီးကြီးငယ်ငယ်ရွယ်ရွယ်စားစား**

အရပ်ရှစ်မျက်နှာ ကျေးငှက်များဖြစ်ကြကုန်သော ဥဒေါင်း၊ လင်းတ၊ ဘဲငန်း၊ ရစ်ဖြူ၊ ကြက်ဖ စသည့် ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား ငှက်ပရိသတ်တို့သည် ဥသြငှက်ထံ ချဉ်းကပ်လာပြီး တရားဓမ္မဟောပြောရန် တောင်းပန်ကြသည်-

(၁) အဝိဇ္ဇာကို ခွင်းပစ်မည့် အလင်းရောင်ပေးပါရန်၊

(၂) ကိလေသာ အညစ်အကြေးမှန်သမျှကို ဖယ်ရှားပစ်မည့် တရားဓမ္မကို ဟောပြောရန် တောင်းပန်ကြခြင်းဖြစ်ပါ၏။ (စာ-၁၄)

**တရားဓမ္မ**

"အနိစ္စတရားနှင့် မရဏတရားကို စဉ်းစားဆင်ခြင်ရမည်။

"မကောင်းမှုအကုသိုလ်ကို မည်သည့်နည်းနှင့်မျှ မကျူးလွန်ပါနှင့်။


စာမျက်နှာ ၁၉ သို့












ကျားဝါပေ့ပေ့
ကြယ်နီ
မိသားစုကာတွန်းများ











# ပင်လယ်နက် ရတက်ပွေ အမျက်ပြေနိုင်မည်လော

ကို ရင်ညြ

ယူကရိန်းနိုင်ငံ၏ နယ်စပ်ဒေသတစ်လျှောက်ရှိ နယ်မြေများတွင် ရက်ပေါင်း ၃၀ ကြာ စစ်အုပ်ချုပ်ရေးအမိန့် (မာရှယ်လော) ထုတ်ပြန်ရန် သမ္မတ ပီထရိုပိုရိုရှန်ကို၏ ပန်ကြားချက်ကို လွှတ်တော်တွင် အကြိတ်အနယ် ဆွေးနွေးခဲ့ကြပြီးနောက် အမတ် ၂၇၆ ဦးတို့က မဲခွဲဆုံးဖြတ်ကာ အတည်ပြုပေးခဲ့ကြသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ လတ်တလောဖြစ်ပေါ်လာသည့် ယူကရိန်း-ရုရှား တင်းမာမှုဖြစ်စဉ်ကို လေ့လာကြည့်မိလေ၏။

ရုရှားကမ်းခြေစောင့်တပ်ဖွဲ့မှ ကင်းလှည့်ရေယာဉ်များသည် ယူကရိန်းစစ်ရေယာဉ်ငယ်သုံးစင်းကို ခရိုင်းမီးယားကမ်းခြေအနီးတွင် နိုဝင်ဘာ ၂၅ ရက် ညက ပစ်ခတ်ဖမ်းဆီးခဲ့ခြင်းကြောင့် ရေတပ်သားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းရေတပ်က ပြောကြားခဲ့သည်။

ယင်းစစ်ရေယာဉ်များသည် ရုရှားရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြောင်း ရုရှားအစိုးရက စွပ်စွဲထားသည်။ သို့ရာတွင် မိမိတို့၏ စစ်ရေယာဉ်များသည် နိုင်ငံတကာ ရေပိုင်နက်အတွင်း၌သာ ရှိနေသည်ဟု ယူကရိန်းအစိုးရက တုံ့ပြန်ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်က ရုရှားနိုင်ငံတောင်ပိုင်းနှင့် ဆက်စပ်နေသော ခရိုင်းမီးယားဒေသကို ယူကရိန်းနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်းမှ ခွဲထုတ်ကာ ရုရှားက သိမ်းပိုက်ခဲ့ပြီးနောက် ပင်လယ်နက်တွင် ရုရှားက တံတားတစ်စင်း တည်ဆောက်ခဲ့သည်။ ယင်းတံတားအနီးတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယူကရိန်းရေတပ်က ပြောကြားသည်။

ရုရှားရေပိုင်နက်အတွင်း ယူကရိန်းစစ်ရေယာဉ်များ ဝင်ရောက်ခဲ့ခြင်းကြောင့် ယင်းသို့ မဝင်ရောက်အောင် တားဆီးနိုင်ရေးအတွက် ရုရှားကင်းလှည့်ရေယာဉ်များက လက်နက်များကို အသုံးပြုခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဌာနက အတည်ပြုပြောကြားခဲ့သည်။

ရုရှားနိုင်ငံနှင့် ထိစပ်နေသော ယူကရိန်းနယ်စပ်ဒေသတွင် နိုဝင်ဘာ ၂၈ ရက်မှစ၍ ရက်ပေါင်း ၃၀ ကြာမြင့်မည့် စစ်အုပ်ချုပ်ရေးအမိန့်အာဏာ သက်ဝင်လာခဲ့သည်။

ပင်လယ်ပြင်အတွင်း ရုရှားရေတပ်နှင့် ထိပ်တိုက်တွေ့စဉ် အဖမ်းခံခဲ့ကြရသော ရေတပ်သားများကို နှစ်လတာမျှ ထိန်းသိမ်းထားရှိရန် ခရိုင်းမီးယားဒေသ ဆင်ဖာရိုပိုလ်မြို့ရှိ တရားရုံးက နိုဝင်ဘာ ၂၇ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

ရုရှားနှင့် ယူကရိန်းတို့အကြား ကာလကြာရှည်ဖြစ်ပွားလာခဲ့သော ပဋိပက္ခအတွင်း နှစ်နိုင်ငံ ရေတပ် တပ်ဖွဲ့များအကြား ပင်လယ်ပြင်အတွင်း ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်းတွင် ရုရှားထောက်ခံသော ခွဲထွက်ရေးဝါဒီများနှင့် ယူကရိန်းအစိုးရအကြား ကာလရှည် ပဋိပက္ခဖြစ်ပွားခဲ့ပြီး ၂၀၁၄ ခုနှစ် နောက်ပိုင်း လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့ကြရသည်။

## မထီမဲ့မြင် ပြုမူသည်ဆို

ရုရှားနိုင်ငံနှင့် ထိစပ်နေသော ယူကရိန်းနယ်စပ်ဒေသတစ်လျှောက်တွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ရန် ယူကရိန်းလွှတ်တော်က အတည်ပြုခဲ့ပြီးနောက် သမ္မတဗလာဒီမာ ပူတင်က သတိပေးချက်တစ်ရပ်ပြုလုပ်ခဲ့သည်။ ယူကရိန်းနိုင်ငံသည် ရုရှားနိုင်ငံ အပေါ် မထီမဲ့မြင် ပြုမူနေသည်ဟု သမ္မတပူတင်က ပြောကြားသည်။

ယူကရိန်းနိုင်ငံ၏ နယ်စပ်ဒေသတွင် စစ်ဥပဒေ အမိန့်ထုတ်ပြန်ခြင်းဖြင့် ယူကရိန်းအာဏာပိုင်များအနေဖြင့် စစ်ရေးအတွေ့အကြုံရှိသူ နိုင်ငံသားများကို စစ်အင်အားတောင့်တင်းရေး အလို့ငှာ စုစည်းနိုင်ခြင်း၊ မီဒီယာများကို ဥပဒေစည်းမျဉ်းများအရ ထိန်းချုပ်နိုင်ခြင်း၊ လူထုအစည်းအဝေး ကျင်းပခြင်းကို ကန့်သတ်နိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဆို၏။

နိုဝင်ဘာ ၂၅ ရက်က ပင်လယ်ပြင်အတွင်း နှစ်နိုင်ငံရေတပ် တပ်ဖွဲ့များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ခြင်းသည် လာမည့်နှစ် ရွေးကောက်ပွဲမတိုင်မီကာလတွင် သမ္မတပိုရိုရှန်ကိုအနေဖြင့် ပြည်သူ့ထောက်ခံမှုရရှိရန် ရည်ရွယ်သည့် ရန်စလှုံ့ဆော်မှုတစ်ရပ်ဖြစ်ကြောင်း ရုရှားအစိုးရက စွပ်စွဲခဲ့သည်။

ယူကရိန်းနယ်စပ်ဒေသ၌ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်ခြင်းကြောင့် ရန်လိုမှုတိုးလာလိမ့်မည်ဟု ရုရှားက ပြောကြားခဲ့သည်။ ယူကရိန်းဒေသ ၁၀ ခုတွင် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခဲ့သည်။

ယူကရိန်း-ရုရှားတင်းမာမှုနှင့် ပတ်သက်၍ ဆွေးနွေးရန် နိုဝင်ဘာ ၂၆ ရက်တွင် အရေးပေါ်အစည်းအဝေးခေါ်ယူခဲ့သည်။ ယူကရိန်းနိုင်ငံ၏ အချုပ်အခြာအာဏာကို လွန်လွန်ကျူးကျူးချိုးဖောက်လိုက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေက ပြောကြားကာ ရုရှားကို အပြစ်တင်ခဲ့သည်။ ဖမ်းဆီးထားသော စစ်ရေယာဉ်များနှင့် ရေတပ်သားများကို အမြန်ဆုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် လုံခြုံရေးကောင်စီ အဖွဲ့ဝင်အများစုက တောင်းဆိုခဲ့ကြသည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အကြီးအကဲ ဂျင်းစတိုတင်ဘာ့ချ်ကလည်း စစ်ရေယာဉ်များကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ဥရောပသမဂ္ဂ (အီးယူ) အကြီးအကဲ ဒေါ်နယ်တပ်စ်ကလည်း ရုရှားဘက်မှ ပစ်ခတ်ခဲ့ခြင်းကို အပြစ်တင်ခဲ့ပြီး ယူကရိန်းနိုင်ငံဘက်မှ ရပ်တည်ကြောင်း တုံ့ပြန်ခဲ့သည်။ သို့ရာတွင် အခြေအနေ ပိုဆိုးအောင် ယူကရိန်းအစိုးရနှင့် အနောက်နိုင်ငံတို့က အားပေးအားမြှောက်ပြုနေကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားအမြဲတမ်းသံတမန်က ပြောကြားခဲ့သည်။

ယူကရိန်းရေတပ်ရေယာဉ်သုံးစင်းသည် ရုရှားရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြပြီး ရုရှားနယ်ခြားစောင့်တပ်ဖွဲ့၏ သတိပေးချက်ကို ဂရုမစိုက်ခဲ့ကြကြောင်း ရုရှားအစိုးရက ပြောကြားခဲ့သည်။

နှစ်နိုင်ငံ တင်းမာမှုရှိလာခြင်းကြောင့် ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့မှု ပိုမိုလုပ်ဆောင်ရန် အနောက်မဟာမိတ်နိုင်ငံများကို တိုက်တွန်းလျက်ရှိသည့် ဥရောပနိုင်ငံများ၏ အရေအတွက်သည်လည်း တိုးလာနေသည်။

## စစ်အုပ်ချုပ်ရေး အမိန့်ထုတ်

ယူကရိန်းနိုင်ငံတွင် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ရခြင်းသည် ရုရှားနိုင်ငံ၏ ရန်လိုမှုကြောင့်ဖြစ်ရပြီး မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကိုလည်း ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း သမ္မတပိုရိုရှန်ကိုက ပြောကြားခဲ့သည်။

လာမည့်နှစ် မတ်လ ၃၁ ရက်တွင် ယူကရိန်းနိုင်ငံ၌ သမ္မတရွေးကောက်ပွဲကျင်းပရန်ရှိပြီး စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားခြင်းဖြင့် စီစဉ်ထားသည့် ရက်တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပနိုင်မည့်သဘောရှိသည်။

ယူကရိန်းနှင့် ရုရှားနိုင်ငံတို့ မျှဝေအသုံးပြုလျက်ရှိသော အေဇော့ပင်လယ်၌ စစ်သင်္ဘောများ ဖြန့်ကြက်ပေးရန် ယူကရိန်းသမ္မတ ပီထရိုပိုရိုရှန်ကိုက မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)အား မေတ္တာရပ်ခံခဲ့သည်။

ရုရှားနှင့် တင်းမာမှုများဖြစ်ပေါ်နေချိန်အတွင်း အနောက်အုပ်စုနိုင်ငံများ၏ အားပေးထောက်ခံမှုရရှိရန် သမ္မတပိုရိုရှန်ကိုက လိုလားပြီး အနောက်အုပ်စုနိုင်ငံများထံမှ စစ်ရေးအကူအညီ လက်တွေ့ရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရုရှားနိုင်ငံ၏ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးကိစ္စတွင် ဝိုင်းဝန်းကန့်ကွက်ကြရန်လည်း ယူကရိန်းအစိုးရအဖွဲ့က တိုက်တွန်းခဲ့သည်။ အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်း တည်ရှိလာခြင်းဖြင့် ယူကရိန်းနိုင်ငံအနေဖြင့် စွမ်းအင်လုပ်ငန်းဆိုင်ရာ ကြားခံနေရာအဖြစ် ရပ်တည်ခြင်းမှ ဘဏ္ဍာဝင်ငွေရရှိမှု ဆုံးရှုံးနိုင်သည်ဆို၏။

အေဇော့ပင်လယ်သို့ စစ်သင်္ဘောများ စေလွှတ်၍ ဖြန့်ကြက်ရန် ယူကရိန်း၏ အဆိုပြုချက်ကို နေတိုးအဖွဲ့က လတ်တလော တုံ့ပြန်ပြောကြားခြင်းမရှိချေ။ သမ္မတပိုရိုရှန်ကို၏ တောင်းဆိုချက်သည် ဒေသတွင်း၌ တင်းမာမှုကို ပိုမိုဖြစ်စေနိုင်ကြောင်း ရုရှားအစိုးရအဖွဲ့က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ခရိုင်းမီးယားဒေသကို စစ်အင်အားဖြင့် အခိုင်အခံ့ပြုရန် လုပ်ဆောင်မည့် လက္ခဏာများကို တွေ့မြင်ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ရုရှားနိုင်ငံသည် နိုဝင်ဘာ ၂၉ ရက်တွင် ခရိုင်းမီးယားဒေသ၌ အက်စ်-၄၀၀ အမျိုးအစား မြေပြင်မှ ဝေဟင်ပစ် ခေတ်မီ ဒုံးစနစ်များကို ကိုင်တွယ်ဆောင်ရွက်နိုင်သော တပ်ဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်လိုက်ကြောင်း ရုရှားပင်လယ်နက်ရေတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကို ကိုးကားလျက် တာ့စ်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် တစ်ချိန်တစ်ခါက ဆိုဗီယက်ပြည်ထောင်စု၏ အဖွဲ့ဝင်များအဖြစ် လက်တွဲခဲ့ကြသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်။ ပင်လယ်နက်တွင် နှစ်နိုင်ငံမှ စစ်ရေယာဉ်များ ထိပ်တိုက်တွေ့မှုကို အကြောင်းပြု၍ လက်တလောဖြစ်ပေါ်လာသည့် တင်းမာမှုကို ဖြေလျှော့နိုင်ရန် အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနိုအေရီမြို့၌ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပလျက်ရှိသော ဂျီ-၂၀ ထိပ်သီး ဆွေးနွေးပွဲတွင် သံတမန်ရေးနည်းလမ်းအရ လုပ်ဆောင်နိုင်မည်လောဟု ကမ္ဘာက စောင့်ကြည့်နေကြသည်ကို တွေးတောမိရင်း "ပင်လယ်နက် ရတက်ပွေ အမျက်ပြေနိုင်မည်လော" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
Daily news sources.


ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

၂၃-၁၁-၂၀၁၈ အောင်ခိုင်ဆင့် ☎ ၀၉-၄၂၀၀၆၆၈၈၄

- နတ်ပြည်တွင် ဗိမ္မာန်များ ပေါ်ပေါက်နေလောက်ပါပြီ။ ဒေါ်ခင်ပြုံးရီ (လှိုင် ၀၉-၂၆၃၆၉၀၇၃၀)
- အထူးကောင်းမွန် ချီးကျူးအပ်ပါသည်။ ဦးအောင်မင်းဦး (မန္တလေး ၀၉-၄၃၁၀၆၆၆၁)
- (၃)ခေါက်မြောက်ထပ်သွားပါမည်။ ဒေါ်မြင့်မြင့်ကြည် (ကြည့်မြင်တိုင် ၀၉-၂၆၀၇၂၁၂၇၇)
- အထူးကျေနပ်အားရမိပါသည်။ ဒေါ်တင်ကြိုင် (မုံရွာ ၀၉-၉၆၀၈၅၃၅၈၅)
- ဒီထက်မက အောင်မြင်ကြီးပွားပါစေ။ ဒေါ်နွယ်နီဝင်း (အလုံ ၀၉-၂၅၀၅၀၀၄၁၀)
- တတိယအကြိမ် ထပ်မံတွေ့ဆုံချင်ပါသည်။ ဒေါ်ဖြူဖြူလွင် (အလုံ ၀၉-၅၁၅၀၂၅၇)
- ဒီထက်မက အောင်မြင်ပါစေ။ ဒေါ်ဦးလှယဉ် (နေပြည်တော် ၀၉-၂၆၅၅၄၆၆၉၀)
- ကျေနပ်အားရမိပါသည်။ ဒေါ်သန်းအေး(စမ်းချောင်း ၀၉-၉၆၀၈၅၃၅၈၅)
- အမြဲကျေးဇူးတင်နေပါမယ်ရှင်။ ဒေါ်စန်းစန်းအုန်း (ရွှေဘို ၀၉-၉၆၀၈၅၃၅၈၅)

၂၄-၁၁-၂၀၁၈ ဖြိုးလင်းကျော် ☎ ၀၉-၂၅၀၀၁၉၉၄၂

- (၈)နှစ် (၈)ကြိမ်မြောက်လာခြင်းတွင် မရောက်ဖူးသော ပုဗ္ဗာရုံ၊ Black Buddha ၊ ဦးစန္ဒြာမထီကျောင်း ၊ မဂဓတက္ကသိုလ်တို့ကို ပထမအကြိမ်ရောက်ဘူး၍ အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း။ ဒေါ်ကြည်လှဝင်း (တောင်ဥက္ကလာ ၀၉-၅၅၄၆၈၅၄၀၉)
- အောင်မြင်တိုးတက်ပါစေ။ ဒေါ်သန်းသန်းအေး (မအူပင် ၀၉-၇၈၁၅၈၂၄၁၁)
- ပြောစရာမလိုလောက်အောင်ကို အထူးကောင်းပါသည်။ ဦးသာလှ (စစ်တွေ ၀၉-၂၅၃၀၈၀၃၄၉) ဒေါ်သာနုအေး (စစ်တွေ ၀၉-၂၅၃၀၈၀၃၄၉)
- ကမ္ဘာတည်သရွေ့မမေ့ပါ။ ဒေါ်မြမြဝင်း (ရန်ကင်း ၀၉-၇၉၀၄၄၂၂၀၇)
- အထူးကျေးဇူးတင်ပါသည်။ ဒေါ်စိန်လှ (ဒလ ၀၉-၄၂၀၂၄၃၂၄၀) မကေသွယ်သွယ်ဟန် (မအူပင် ၀၉-၉၆၂၃၁၆၈၁၃) ကိုထွန်းထွန်း (မင်းဘူး ၀၉-၇၉၁၈၄၇၂၄၉)
- ကြီးပွားတိုးတက်ပါစေ။ ဒေါ်မြသန်းနွယ် (မအူပင် ၀၉-၈၅၈၅၉၅၇)
- ကျေးဇူးတင်ပါသည်။ ဒေါ်ခိုင်ခိုင်ဝင့် (မအူပင် ၀၉-၇၉၄၅၉၂၅၇)

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆင်ပုနစ်ရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ်-၂၆၇ ဟုခေါ်တွင်သော မြေနှင့်နေအိမ်ကို ဒေါ်ယူယူတင်[၆/လလန(နိုင်)၀၀၃၃၇၃]နှင့် မခြူးမေဟန်တို့က မှတ်ပုံတင်စာချုပ်စာတမ်းဖြင့်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟပြောဆို၍ ရောင်းချရန်ကမ်းလှမ်းမှုကို ကျွန်ုပ်၏ မိတ်ဆွေမှ လက်ခံသဘောတူပြီး၊ ပိုင်ဆိုင်သည့် စာချုပ်စာတမ်းများကိုသေချာစွာ စစ်ဆေးပြီး၊ ရောင်းဖိုးငွေ၏ အချို့အဝက်ကို စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။

ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ သတင်းစာကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်ရ-
ဒေါ်မြင့်မြင့်ချို (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၀)
အမှတ်(၇၉၀)၊ မာဃ(၈)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၂၁၄၃၆

## ရှေ့နေနှင့် ဓမ္မ

စာမျက်နှာ ၁၅ မှ

"ရတနာသုံးပါးကို အချိန်မှန် ရှိခိုးဦးခိုက်ကြလော့။

"တွယ်တာတပ်မက်မှု မှန်သမျှ ဖယ်ရှားဖျောက်ဖျက်ကြ။

"သတိဝီရိယရှိကြ။

"စိတ်နှလုံးလှုပ်ရှားထွေပြားမရှိကြနှင့်။ (စာ-၁၇)

### လိုက်နာကျင့်သုံး

တွယ်တာတပ်မက်မှုကို ငြင်းပယ်ခြင်း၊ အလုပ်ကိုယုံကြည်ခြင်း၊ အနိစ္စတရားကို သတိရှိခြင်းသည် ထူးထူးခြားခြားတန်ဖိုးကြီးမားသော ဓမ္မသို့ ချဉ်းကပ်ရောက်ရှိသွားခြင်း၏ အမှတ်လက္ခဏာဖြစ်ပေ၏။

### မကောင်းမှုကျူးလွန်ပြုလုပ်သူများ

မကောင်းမှုကျူးလွန် ပြုလုပ်သူများအတွက် ဤငရဲပြည်သည် နက်လည်းနက်၏။ ကျယ်လည်းကျယ်၏။

အဝတ်နှင့်အစားအတွက် လောဘသည် နက်လည်းနက်၏။ ကျယ်လည်းကျယ်၏။

အတ္တသံယောဇဉ်နှောင်ကြိုးသည် နက်လည်းနက်၏။ ကျယ်လည်းကျယ်၏။

အလွန်နက်သော၊ အလွန်ကျယ်သော ဤဘဝသံသရာမှ ထွက်ခွာသွားနိုင်ရန်အတွက် အသင့်ပြင်ဆင်ကြစို့။

(၆) ဓမ္မနှင့်ကင်းကွာနေရခြင်းသည် လွတ်ငြိမ်းမှုနှင့် ကင်းကွာပြီးနေရခြင်းဖြစ်၏။ သဒ္ဓါတရားနှင့် ကင်းကွာလျှင် ဆုမွန်နှင့် ကင်းကွာနေရလိမ့်မည်။

ပညာနှင့်ကင်းကွာနေလျှင် ကုသိုလ်ကောင်းမှုနှင့် ကင်းကွာနေရလိမ့်မည်။

အကျင့်စာရိတ္တကောင်းနှင့် ကင်းကွာနေလျှင် အဖော်ကောင်း၊ အဖော်မွန်နှင့် ကင်းကွာနေရလိမ့်မည်။

### စိတ်မချမ်းမြေ့စရာ

(၁) တရားဘာဝနာ ပွားများခြင်းမရှိဘဲ သေဆုံးရသောအချိန်နာရီသည် မည်မျှ စိတ်မချမ်းမြေ့စရာ ကောင်းသနည်း။

(၂) မှန်ကန်သော အဆုံးအဖြတ်မရှိသည့် လူပုဂ္ဂိုလ်သည် မည်မျှစိတ်မချမ်းမြေ့စရာ ကောင်းသနည်း။

(၃) ပညာမတတ်သော ဆရာဂုရုသည် မည်မျှစိတ်မချမ်းမြေ့စရာကောင်းသနည်း။

(၄) ရိုသေကိုင်းရှိုင်းမှုမရှိသော တပည့်သည် မည်မျှ စိတ်မချမ်းမြေ့စရာ ကောင်းသနည်း။ မယုံကြည် စိတ်မချရသော မိတ်ဆွေသည် မည်မျှစိတ်မချမ်းမြေ့စရာ ကောင်းသနည်း။

(၅) တူညီသော ရည်ရွယ်ချက်မရှိသည့် အိမ်ထောင်မိသားစုသည် မည်မျှစိတ်မချမ်းမြေ့စရာကောင်းသနည်း။ (စာ-၄၅)

### ဓမ္မရသများ

ဓမ္မသည် သိပ္ပံနည်းကျလှသောဝါဒဟု ဆိုနိုင်သည်။

A. Practical System (လက်တွေ့ပြည့်စုံသောစနစ်)

B. ethical System (ကိုယ်ကျင့်တရားပြည့်စုံသောစနစ်)

C. Spiritual System (စိတ်ပိုင်းဆိုင်ရာပြည့်စုံသောစနစ်)

D. Philosophical System (အတွေးအခေါ်ပိုင်းဆိုင်ရာ ပြည့်စုံသောစနစ်)

### ငှက်ပေါင်းစုံ

အိမ်ကြက်ဖ၊ ငှက်တော်၊ မြေလူးငှက်၊ ဥဒေါင်းငှက်၊ ချိုး၊ သိမ်းငှက်၊ ကျေးသား၊ ဥဩငှက် ငှက်အပေါင်း၏ ဓမ္မသဘင်အပြီးတွင် အားလုံးရွှင်လန်းချမ်းမြေ့ကြကုန်၏။ ဓမ္မရောင်ခြည်ထွန်းတောက်ကြ၏။ ပီတိသောမနဿလွှမ်းခြုံကြ၏။ ဓမ္မအနှစ်သာရ ရရှိခံစားကြကုန်၏။ ငှက်ပီတိသီချင်းသီဆိုကြ၊ ဝမ်းသာအားရ ကခုန်ကြလေသည်။ (စာ-၁၂၂)

### နိဂုံးသင်ခန်းစာ

စာရေးဆရာကြီးပါရဂူ ဘာသာပြန်ဆိုသော 'ငှက်ဓမ္မသဘင်' သည် ရွှင်လန်းသောဓမ္မတရားပေးစွမ်းပါသည်။ ချမ်းမြေ့သာယာရှိပါပေသည်။ ထို့ကြောင့် ဆရာကြီးပါရဂူနှင့် ပညာရှင်များအား ရိုသေစွာ ရှိခိုးအပ်ပါသတည်း။

## လူထုစုပေါင်းလမ်းလျှောက်ပွဲ ငွေဆောင်အပန်းဖြေကမ်းခြေတွင် ပထမဆုံးအကြိမ်ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ၏ အစီအစဉ်တစ်ရပ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီက ငွေဆောင်မြို့ရှိ ငွေဆောင်အပန်းဖြေကမ်းခြေတွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုတို့နှင့်အတူ တိုင်းဒေသကြီးများမှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သံတမန်များ၊ ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ကမ္ဘာလှည့်ခရီးသွားများ၊ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါလမ်းလျှောက်ပွဲကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး နံနက် ၆ နာရီတွင် အဆိုပါကမ်းခြေရှိ ယမုံနာဦးဟိုတယ်မှ စတင်ထွက်ခွာခဲ့ကြပြီး ချစ်သူများကျွန်းအနီးတွင် ဧရာဝတီတိုင်းဒေသကြီး အေရိုးဗစ်အဖွဲ့နှင့်အတူ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများပြုလုပ်ကာ တာထွက်နေရာသို့ ပြန်လည်စုပေါင်းလမ်းလျှောက်ကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်က "ငွေဆောင်ကမ်းခြေမှာ လူထုစုပေါင်းလမ်းလျှောက်ပွဲပြုလုပ်တာ ပထမဆုံးအကြိမ်ပါ။ ဒေသခံတွေလည်း အများကြီးပါဝင်တယ်။ အားလုံးချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးပါဝင်ဆင်နွှဲကြတာ တွေ့ရတယ်။ ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်သလို အချင်းချင်းညီညွတ်ပြီး ကူညီလိုတဲ့ စိတ်တွေလည်း ပိုတိုးလာစေမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ၏ ဒုတိယနေ့ အစီအစဉ်အရ တိုင်းဒေသကြီးအတွင်း လေ့လာရေးခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ JICA နှင့် JETRO တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ခွင့်ပြုပေးထားသော ဟိုတယ်နှင့် အပန်းဖြေစခန်းများ၊ အိမ်ရာစီမံကိန်းများ၊ ငွေဆောင်အနီးရှိ ယုဇနပုစွန်မွေးမြူရေးနှင့် ငါးမွေးကန်တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ပုသိမ်မြို့ရှိ စက်မှုဥယျာဉ်မြို့တော်သို့ သွားရောက်ကာ ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြကျွန်းသာအိမ်ရာစီမံကိန်းကိုလည်းကောင်း သွားရောက်လေ့လာကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အရင်းအမြစ်များ၊ စီမံကိန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ယင်းကဲ့သို့ စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

**Innlay Lover** Travels & Tours

ကျန်ခရီးစဉ်အားလုံး ၁၃၃/ငှက်ခရီး

အဆင့်မြင့်ဘုရားဖူး ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| • ရခိုင်၊ မြောက်ဦး၊ စစ်တွေ | Jan - 3 | 200,000 Ks |
| • မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း | Dec - 21 | 140,000 Ks |
| • မိုးကုတ်၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီးအိုင်၊ ဇလုံတောင် (5N, 6D) | Dec - 28 / Jan - 3 | 285,000 Ks |
| • ချင်းပြည်နယ်၊ နတ်မတောင် | Dec - 21 | 210,000 Ks |
| • ထားဝယ် ရှင်ကိုးရှင်နှင့် မောင်းမကန် ဖိုးဖိုးကျောက်ကမ်းခြေ | Dec - 21 | 175,000 Ks |
| • တောင်ကြီး၊ အင်းလေး၊ ကလော၊ ပင်းတယ၊ ရေပြာအိုင်၊ မိန်းမရဲတောင် | Jan - 3 | 175,000 Ks |
| • အလောင်းတော်ကဿပ၊ မုံရွာ၊ ကျောက်နဂါး | Dec - 28 | 140,000 Ks |

အဆင့်မြင့်ဟိုတယ်၊ သန့်ရှင်းလတ်ဆတ်သောစားသောက်ဆိုင်၊ ခရီးသွားအာမခံ၊ Guide Service ပါပြီး။

Call us: 09-968888674, 09- 4210 30 814, 09-5010851, 09- 2500 92602

**IBC Tank** များရောင်းရန် ရှိသည်၊

40,000 ကျပ်

ဆက်သွယ်ရန်

01 - 385536 , 01 - 385550

01- 246845 , 01 - 242053

09 - 43064862 , 09 - 976603632

09 - 424001818 , 09 - 424001919



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်)၊ အမှတ်-၂၈၂(ဒုတိယထပ်)၊ (ခေါင်းရင်းခန်း) (တိုက်ရှေ့မျက်နှာမူလျှင် ယာဘက်အခန်း)၊ အကျယ်(၁၂½ပေ×၆၀ပေ)ရှိ ထပ်ခိုးအပါ ရေမီးအစုံနှင့် တိုက်ခန်းအပါအဝင် တိုက်ခန်း၏နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်အားလုံးကို ဦးအောင်ကြည်(ခ)ဦးကိုက်လာစ်ပသီ[၇/ကတခ(နိုင်)၀၇၃၇၁၅]ကိုင်ဆောင်သူက တရားဝင်ပိုင်ရှင်အဖြစ် လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ) ပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**တိုက်အမှတ်-၉/၁၁၊ အခန်းအမှတ်-၃/B၊ မြေညီထပ်၊ ၃၆-လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၁၈၂၂၅**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်)၊ အမှတ်-၂၄၄/၄(ပထမထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်ဝဲဘက်အခန်း)၊ အကျယ်ပေ(၁၂½ × ၆၀)ရှိ ရေမီးအစုံနှင့် တိုက်ခန်းအပါအဝင် တိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်ခွင့်အရပ်ရပ်အားလုံးကို ကွယ်လွန်သူ ဦးဥက္ကာ၏ ဇနီးဖြစ်သူ ဒေါ်တင်အေးခိုင်[၁၂/ကမရ(နိုင်)၀၃၆၄၈၅]ကိုင်ဆောင်သူက တရားဝင်ဆက်ခံပိုင်ဆိုင်သူဖြစ်ပြီး လက်ရှိထားပိုင်ဆိုင်ပါကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိပါကြောင်း၊ ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၄၃)**
**တိုက်အမှတ်-၉/၁၁၊ အခန်းအမှတ်-၃/B၊ မြေညီထပ်၊ ၃၆-လမ်း(လမ်းတို)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၁၈၂၂၅**

### ထိုက်သူရမည်

ပေ(၄၀×၆၀)၊ စံချိန်မှီ(၁)၊ ကျောက်တန်း၊ ပါမစ်အမည်ပေါက်၊ ရင်းနှီးမြှုပ်နှံသင့်သည့် မြေကို အလွန်တန်သောဈေးဖြင့် ရောင်းမည်။

**(၇၂)သိန်း**
**ဖုန်း-၀၉-၉၇၂၆၆၃၃၃၆**

### (၉)မိုင် နေရာကောင်းရောင်းမည်

ပေ(၂၀×၇၀)၊ ရေ၊ မီး၊ အုတ်ခတ်၊ မစိုးရိမ်(၂)လမ်း၊ အေဝမ်းလမ်းမမှလည်းဝင်လို့ရ၊ မရမ်းကုန်း၊ မင်းဓမ္မ Project နှင့်နီး၊ ကားအဝင်အထွက်ကောင်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ ဂရန်ရမည်။

**သိန်း(၂၃၀၀)၊ ဖုန်း-၀၉-၉၇၂၆၆၃၃၃၆**

### တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ၅ ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၂၆၃) နေ ဦးကိုကိုနှင့် ဦးသန်းယု [၁၂/ဥကမ(နိုင်)၀၉၂၆၂၃] အမည်နှစ်မျိုးလုံးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်တင်တင်လှိုင် [၁၂/ကမတ(နိုင်)၀၄၁၇၀၆]၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ပတခ(OC)-၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၅၃၉၄၄**

### အများသိစေရန်နှင့်သက်ဆိုင်သူများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇) ရပ်ကွက်၊ (၃၀)လမ်း၊ အမှတ်(၁၆၈) နေ ကျွန်ုပ်၏မိတ်ဆွေဒေါ်နှင်းအိစံ[၁၂/မဂတ(နိုင်)၀၉၄၅၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ၃၃-လမ်း(အလယ်)၊ အမှတ်(၁၁၂)၊ ပထမထပ်(၂)ထပ် (တောင်ဘက်ခန်း)ဟုခေါ်တွင်သော တိုက်ခန်းကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဥပဒေတို့အရ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အတိအလင်း ဝန်ခံကြသူများဖြစ်သည့် ဦးဝင်းမြင့်ဦး[၁၂/ဥကမ(နိုင်)၁၇၈၂၁၁]ကို ကိုင်ဆောင်ထားသူနှင့် သမီး ဒေါ်ခင်ဝင်းသက်[၁၂/ဥကမ(နိုင်)၁၇၈၂၁၂]ကို ကိုင်ဆောင်ထားသူတို့ထံမှ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေး၍ ဝယ်ယူခဲ့ပါသည်။ သို့ဖြစ်၍ အထက်အမည်ပါတိုက်ခန်း၏ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်ကျော် B.Sc,H.G.P.R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၃၁၅)/ (၂၉-၆-၁၉၉၀)**
**အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၆၀၂**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၀) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ် ၊ ဒီဇင်ဘာလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ပ - ၃၉၃၀၂၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ကဂ - ၅၈၈၂၉၀    ဒ - ၇၅၂၅၈၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ခ - ၄၆၃၀၃၃    ကဎ - ၈၄၅၀၂၂
ကဆ - ၈၀၀၉၆၆

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ကထ - ၂၃၃၀၇၇    ရ - ၅၉၄၈၁၇    သ - ၉၉၅၃၂၉
ထ - ၅၁၇၇၀၆    ဖ - ၇၇၈၈၆၅

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကင | ၁၁၅၈၁၈ |
| ဈ | ၁၃၀၆၂၂ |
| မ | ၂၂၄၇၃၀ |
| ဌ | ၂၄၀၆၉၈ |
| ဖ | ၂၆၂၀၆၈ |
| ဘ | ၃၃၄၃၉၁ |
| ကခ | ၄၆၈၃၈၅ |
| င | ၅၃၂၂၄၃ |
| ယ | ၅၆၅၄၅၅ |
| ဏ | ၇၀၇၉၈၃ |
| ကဍ | ၇၃၆၃၉၉ |
| ဘ | ၇၃၉၂၄၈ |
| ဝ | ၈၃၆၆၉၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ကဏ | ၁၂၆၄၅၇ |
| ဋ | ၁၃၈၁၄၃ |
| ဝ | ၂၆၁၃၉၇ |
| ယ | ၂၆၄၁၅၁ |
| ဍ | ၂၈၆၄၇၂ |
| ဌ | ၃၃၅၃၁၉ |
| ဋ | ၄၇၉၄၉၉ |
| သ | ၅၂၅၄၅၀ |
| လ | ၆၁၀၀၀၂ |
| ည | ၆၆၆၈၂၆ |
| ကဏ | ၇၃၀၃၂၀ |
| လ | ၇၇၂၇၃၁ |
| လ | ၉၂၈၇၅၅ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| သ | ၁၇၄၇၃၁ |
| ကဇ | ၂၂၄၃၀၆ |
| ဟ | ၂၅၂၇၈၂ |
| ကဎ | ၃၆၆၄၀၀ |
| ကပ | ၃၇၄၂၁၇ |
| ကဎ | ၃၈၇၂၈၃ |
| အ | ၄၀၉၆၂၄ |
| ကင | ၄၈၉၀၉၈ |
| စ | ၇၀၇၇၈၂ |
| လ | ၇၆၁၇၀၂ |
| အ | ၈၅၇၁၇၂ |
| ရ | ၉၅၀၂၀၇ |
| ဘ | ၉၈၉၄၀၇ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ပ | ၂၄၆၆၆၁ | ကဍ | ၅၄၇၉၆၅ |
| အ | ၂၅၀၃၁၈ | သ | ၅၅၉၉၉၄ |
| ခ | ၂၆၉၈၄၇ | ထ | ၆၁၅၅၇၆ |
| ဈ | ၃၃၁၄၀၉ | ကည | ၆၂၄၀၀၆ |
| ကင | ၃၄၉၆၂၇ | ဝ | ၆၈၈၈၃၁ |
| ကဈ | ၄၂၇၁၀၆ | ကစ | ၇၈၆၁၇၅ |
| ကဇ | ၄၇၄၉၇၉ | ကဃ | ၈၃၈၁၇၁ |
| အ | ၅၃၈၁၈၅ | ကခ | ၈၈၈၄၃၂ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | | | |
|---|---|---|---|
| စ | ၂၀၅၆၇၄ | ည | ၇၂၈၅၁၅ |
| ကတ | ၂၁၁၆၉၆ | ကပ | ၈၀၄၉၅၄ |
| က | ၂၂၃၈၇၈ | ည | ၈၁၈၁၁၆ |
| ဘ | ၃၉၁၁၂၉ | ကခ | ၈၄၄၂၈၁ |
| ဋ | ၄၀၀၁၁၀ | ကဂ | ၈၈၀၂၆၃ |
| ရ | ၄၃၅၆၂၇ | ဇ | ၉၁၈၀၀၃ |
| ကဆ | ၅၀၇၅၁၁ | ကဂ | ၉၁၉၈၄၃ |
| ည | ၅၈၁၂၆၀ | ည | ၉၃၅၆၅၈ |
| က | ၆၆၂၃၅၉ | င | ၉၅၇၀၃၈ |
| တ | ၆၇၄၈၈၃ | သ | ၉၈၅၇၉၆ |
| င | ၆၇၈၃၉၄ | စ | ၉၉၅၈၄၉ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ခ - ၁၁၄၁၈၄ | ကဇ - ၂၅၃၀၉၃ | ကဂ - ၄၆၇၆၃၈ | ဆ - ၆၈၈၁၅၃ | ဍ - ၉၃၇၈၀၇ |
| ရ - ၁၃၇၆၆၆ | ခ - ၃၂၂၉၉၁ | ကစ - ၄၈၃၅၀၄ | ပ - ၇၅၈၄၀၈ | ကတ - ၉၆၅၀၈၅ |
| ကဍ - ၁၈၉၈၂၆ | ဒ - ၃၃၈၃၂၅ | ကခ - ၅၃၉၇၂၃ | သ - ၇၈၅၉၂၂ | |
| ကင - ၁၉၄၃၅၄ | ကဈ - ၃၅၂၇၀၇ | ကခ - ၅၄၅၄၁၆ | ဘ - ၈၁၄၈၈၆ | |
| ကထ - ၁၉၄၅၃၈ | တ - ၄၀၁၉၃၀ | ဇ - ၆၀၆၆၄၀ | န - ၈၇၈၅၈၈ | |
| က - ၁၉၅၄၆၉ | ဃ - ၄၂၂၄၉၁ | တ - ၆၁၅၆၇၉ | ကစ - ၉၂၀၂၇၇ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကဂ - ၂၂၃၅၃ (ကဂ-၂၂၃၅၃၀ မှ ကဂ-၂၂၃၅၃၉ထိ) | က - ၅၇၁၂၈ (က-၅၇၁၂၈၀ မှ က-၅၇၁၂၈၉ထိ) |
| က - ၂၅၁၀၇ (က-၂၅၁၀၇၀ မှ က-၂၅၁၀၇၉ထိ) | ရ - ၆၉၆၁၀ (ရ-၆၉၆၁၀၀ မှ ရ-၆၉၆၁၀၉ထိ) |
| ကဂ - ၂၆၆၆၈ (ကဂ-၂၆၆၆၈၀ မှ ကဂ-၂၆၆၆၈၉ထိ) | ဍ - ၈၇၂၁၂ (ဍ-၈၇၂၁၂၀ မှ ဍ-၈၇၂၁၂၉ထိ) |
| ဌ - ၂၈၉၈၄ (ဌ-၂၈၉၈၄၀ မှ ဌ-၂၈၉၈၄၉ထိ) | ပ - ၉၇၁၃၄ (ပ-၉၇၁၃၄၀ မှ ပ-၉၇၁၃၄၉ထိ) |
| လ - ၃၄၄၂၄ (လ-၃၄၄၂၄၀ မှ လ-၃၄၄၂၄၉ထိ) | လ - ၉၈၄၆၇ (လ-၉၈၄၆၇၀ မှ လ-၉၈၄၆၇၉ထိ) |

အကွရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကဍ - ၁၃၉၉ (ကဍ-၁၃၉၉၀၀ မှ ကဍ-၁၃၉၉၉၉ထိ) | ကဏ - ၅၁၈၈ (ကဏ-၅၁၈၈၀၀ မှ ကဏ-၅၁၈၈၉၉ထိ) |
| ကဈ - ၂၃၁၇ (ကဈ-၂၃၁၇၀၀ မှ ကဈ-၂၃၁၇၉၉ထိ) | ခ - ၆၃၁၁ (ခ-၆၃၁၁၀၀ မှ ခ-၆၃၁၁၉၉ထိ) |
| ဆ - ၂၆၇၂ (ဆ-၂၆၇၂၀၀ မှ ဆ-၂၆၇၂၉၉ထိ) | မ - ၇၁၈၀ (မ-၇၁၈၀၀၀ မှ မ-၇၁၈၀၉၉ထိ) |
| ခ - ၂၇၈၉ (ခ-၂၇၈၉၀၀ မှ ခ-၂၇၈၉၉၉ထိ) | ဘ - ၈၆၆၂ (ဘ-၈၆၆၂၀၀ မှ ဘ-၈၆၆၂၉၉ထိ) |
| ဇ - ၃၇၅၇ (ဇ-၃၇၅၇၀၀ မှ ဇ-၃၇၅၇၉၉ထိ) | ကဆ - ၉၇၄၆ (ကဆ-၉၇၄၆၀၀ မှ ကဆ-၉၇၄၆၉၉ထိ) |

အကွရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| င - ၁၀၃ (င-၁၀၃၀၀၀ မှ င-၁၀၃၉၉၉ထိ) | ဏ - ၃၇၄ (ဏ-၃၇၄၀၀၀ မှ ဏ-၃၇၄၉၉၉ထိ) | ບ - ၈၃၂ (ບ-၈၃၂၀၀၀ မှ ບ-၈၃၂၉၉၉ထိ) | ပ - ၉၃၁ (ပ-၉၃၁၀၀၀ မှ ပ-၉၃၁၉၉၉ထိ) |
| ကဗ - ၁၆၉ (ကဗ-၁၆၉၀၀၀ မှ ကဗ-၁၆၉၉၉၉ထိ) | သ - ၄၃၆ (သ-၄၃၆၀၀၀ မှ သ-၄၃၆၉၉၉ထိ) | ရ - ၈၅၅ (ရ-၈၅၅၀၀၀ မှ ရ-၈၅၅၉၉၉ထိ) | ကစ - ၉၇၁ (ကစ-၉၇၁၀၀၀ မှ ကစ-၉၇၁၉၉၉ထိ) |
| ဃ - ၂၀၅ (ဃ-၂၀၅၀၀၀ မှ ဃ-၂၀၅၉၉၉ထိ) | ကဈ - ၄၃၈ (ကဈ-၄၃၈၀၀၀ မှ ကဈ-၄၃၈၉၉၉ထိ) | စ - ၈၆၅ (စ-၈၆၅၀၀၀ မှ စ-၈၆၅၉၉၉ထိ) | |
| ບ - ၃၄၂ (ບ-၃၄၂၀၀၀ မှ ບ-၃၄၂၉၉၉ထိ) | ဈ - ၅၉၀ (ဈ-၅၉၀၀၀၀ မှ ဈ-၅၉၀၉၉၉ထိ) | | |

အကွရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| ၡ - ၁၄ (ၡ-၁၄၀၀၀၀ မှ ၡ-၁၄၉၉၉၉ထိ) | တ - ၉၀ (တ-၉၀၀၀၀၀ မှ တ-၉၀၉၉၉၉ထိ) |
| ကခ - ၁၅ (ကခ-၁၅၀၀၀၀ မှ ကခ-၁၅၉၉၉၉ထိ) | ဆ - ၉၂ (ဆ-၉၂၀၀၀၀ မှ ဆ-၉၂၉၉၉၉ထိ) |
| ကဆ - ၁၇ (ကဆ-၁၇၀၀၀၀ မှ ကဆ-၁၇၉၉၉၉ထိ) | တ - ၉၄ (တ-၉၄၀၀၀၀ မှ တ-၉၄၉၉၉၉ထိ) |
| ကဂ - ၄၄ (ကဂ-၄၄၀၀၀၀ မှ ကဂ-၄၄၉၉၉၉ထိ) | ဍ - ၉၄ (ဍ-၉၄၀၀၀၀ မှ ဍ-၉၄၉၉၉၉ထိ) |
| စ - ၅၇ (စ-၅၇၀၀၀၀ မှ စ-၅၇၉၉၉၉ထိ) | စ - ၉၅ (စ-၉၅၀၀၀၀ မှ စ-၉၅၉၉၉၉ထိ) |
| ဒ - ၇၀ (ဒ-၇၀၀၀၀၀ မှ ဒ-၇၀၉၉၉၉ထိ) | ဆ - ၉၉ (ဆ-၉၉၀၀၀၀ မှ ဆ-၉၉၉၉၉၉ထိ) |

အကွရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၂၁) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၃၄၂၁၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၂) ကြိမ်မြောက် ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (အ) အက္ခရာထိ၊ (ကက) အက္ခရာမှ (ကဒ) အက္ခရာထိ အက္ခရာအလုံး (၅၁)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ယခု (၂၁)ကြိမ်မြောက် ကျပ် ၅၀၀တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၃ . ၁၂. ၂၀၁၈) ရက်နေ့မှ စတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၀ . ၁၂. ၂၀၁၈) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်သိန်းခိုင်

**အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်**

**အသက် (၇၀)**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအဖွဲ့ဝင်၊ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သိန်းခိုင် အသက်(၇၀)သည် ၃၀-၁၁-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၀၅း၃၇ နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်သိန်းခိုင်

**အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်**

**အသက် (၇၀)**

ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအဖွဲ့ဝင်၊ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သိန်းခိုင် အသက်(၇၀)သည် ၃၀-၁၁-၂၀၁၈ ရက် (သောကြာနေ့) ညနေ ၀၅း၃၇နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာဂရက်ကြည်သိန်း

**အသက် (၈၇) နှစ်**

75-81 RIT Welfare Group, All Major မှ ဗိုလ်မှူးသိန်းလွင်(ငြိမ်း)-ဒေါ်တင့်တင့်သိန်းတို့၏ မိခင်ကြီး ဒေါ်မာဂရက်ကြည်သိန်း အသက် (၈၇)နှစ်သည် ၁၉-၁၁-၂၀၁၈ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81 RIT Welfare Group,**
**All Major သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ အထွေထွေ အတွင်းရေးမှူး ဒေါ်စန်းစန်းဟန်၏ ဖခင်ဖြစ်သူ ဦးချစ်ဆွေ အသက်(၈၄)နှစ်သည် ၃၀-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း**

## ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ် ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင်ဖြစ်နိုင်ပါသည်။

**ဆီးချိုသွေးချိုရောဂါကြိုတင်ကာကွယ်ပါ**

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။
(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။
(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။
(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။
(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့်စုံအောင်စားပါ။
(၇) တိရစ္ဆာန်မှရသောအဆီများ (ဥပမာ-ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ)
တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။
(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင်ကြိုးစားနေထိုင်ပါ။

ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျှော့နည်းစေနိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်တင်အေး

**အသက် (၉၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ တိုက်အမှတ် (၂၁၀/၁၁)နေ (ဦးအေးဖေ-ဒေါ်အေး)တို့၏ သမီးကြီး၊ (ဦးသန်းလွင်)၏ ဇနီး၊ (ဒေါ်တင်ဥ)၊ (ဦးစံထွန်း-ဒေါ်ရင်မြိုင်)၊ ဒေါ်မြမြစမ်း၊ ဦးကံကြီးတို့၏ အစ်မကြီး၊ ဦးမြင့်သိန်း-ဒေါ်အေးအေး၊ ဦးစိုးညွန့်-ဒေါ်မြင့်မြင့်ဆွေ၊ ဦးစိုးလွင်-ဒေါ်စန္ဒာသန်းထွန်း၊ ဦးအေးမြင့်-ဒေါ်ကြူကြူဆွေ၊ (ဦးထင်ကျော်)-ဒေါ်ဥမ္မာအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁-၁၂-၂၀၁၈ (စနေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၈ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကျင်စွမ်(ထားဝယ်မြို့)

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ ကီလီရိပ်သာလမ်းသွယ်၊ အမှတ် (၇)၊ အခန်း (၄၀၃)၊ ဝါးတန်းကွန်ဒိုနေ (ဦးရှုလင်း-ဒေါ်ငွေတင်)တို့၏ သား၊ (ဒေါ်စန်းရီ)၏ခင်ပွန်း၊ ဦးထွန်းယု-ဒေါ်နှင်းကြည်၊ ဦးသောင်းစိုး-ဒေါ်လွယ်လွယ်ငွေ၊ ဦးမျိုးနိုင်-ဒေါ်နီလာဦး၊ ဥူးကုဏ္ဍဓာန (ဦးဇင်းကျော်ကျော်ဖားအောက်၊ ထားဝယ်)၊ ဦးအောင်မိုး-ဒေါ်ခင်သန္တာလွင်တို့၏ ဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၁-၁၂-၂၀၁၈ (စနေနေ့) ညနေ ၅း၄၃ နာရီတွင် ဂရင်းဟန်သာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သဂြိုဟ်မည့် အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးခွင်းစိန်(ခ)ဦးခွင်းစိမ်း

**အသက်(၈၄)နှစ်**

**ပန်းတနော်မြို့**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆)နေ ဒေါ်ခင်ကြွေ၏ ခင်ပွန်း၊ ဒေါ်သူဇာဝင်း၊ ဦးအောင်မျိုးသန့်-ဒေါ်စန္ဒာဝင်း၊ ဦးဟန်လှိုင်-ဒေါ်သီတာဝင်း၊ (ဦးမျိုးသူရ)-ဒေါ်နီလာတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးခွင်းစိန်(ခ)ဦးခွင်းစိမ်းသည် ၂၈-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပန်းတနော်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်လေးမြင့်

**အလက(၁)၊ အထက(ခွဲ)၊ ရွတ်တိတ်ကျောင်း**
**အလပြ (ငြိမ်း)**

**အသက် (၈၃) နှစ်**

ဖျာပုံမြို့၊ မေဓာဝီလမ်း၊ အမှတ်(၇၃)နေ (ဦးမြသောင်း-မြို့နယ်သတင်းထောက်)၏ ဇနီး၊ ဦးချမ်းသာ(သတင်းထောက်)-ဒေါ်သက်သက်ကြည်၊ ဦးခင်အောင်ဇော် (Myanmar Agribusiness Public Corporation Ltd)-ဒေါ်လဲ့လဲ့ဝင်းတို့၏မိခင် ဒေါ်ခင်လေးမြင့်သည် ၃၀-၁၁-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့၊ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဟောရစ်စိန်လှိုင် (U Horace Sein Hlaing)

**ရန်ကုန်ရွက်လှေအသင်းဝင်အမှတ် (၀၂၁)**

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် (၈၄/၈၅)၊ လှိုင်မြင့်မိုရ်လမ်းသွယ် (၁)နေ ဦးဟောရစ်စိန်လှိုင် (U Horace Sein Hlaing)၊ ရန်ကုန်ရွက်လှေအသင်းဝင်အမှတ်(၀၂၁)သည် ၁-၁၂-၂၀၁၈ (စနေနေ့) နံနက် ၈း၅၀ နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ရန်ကုန်ရွက်လှေအသင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်

## ဦးစောအောင်

**(မန်နေဂျာ-ငြိမ်း) CEIE ပထဝီ (၁၉၇၀)**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ကီလီလမ်း(ဝါးတန်းလမ်း)၊ အမှတ် (၇၅)နေ ဒေါ်တင်ဝင်းဘော်(မန်နေဂျာ-ငြိမ်း၊ CEIE)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဘိုးကြွယ်-ဒေါ်လှရင်တို့၏သား၊ ဦးလှဘော်-ဒေါ်တင်ညွန့်တို့၏ သားသမက်၊ ဗိုလ်ကြီးဟန်လင်းအောင်(မင်္ဂလာဒုံတပ်မတော်ဆေးရုံ-၁)-မဝတ်ရည်ထွန်းဇော်၊ မောင်စည်သူလင်း-မခင်စန္ဒာအောင်တို့၏ ချစ်လှစွာသောဖခင်၊ ဦးမြင့်ရွှေ-ဒေါ်ခင်ရွှေ၊ ဦးတင်ဝင်း-ဒေါ်ကျင်တို့၏အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ဘကြီး၊ ဒေါ်နုနုဘော်(ဦးစီးအရာရှိ၊ သာထွန်းပြန့်)၊ (ဦးခင်မောင်ဘော်)-ဒေါ်မြင့်မြင့်ဆွေ (ဇီဝိတဒါနသံဃဆေးရုံ)၊ ဒေါ်ဝင်းဝင်းဘော် (တရားလွှတ်တော်ရှေ့နေ)၊ [ဦးမောင်မောင်ကြည်(အင်ဂျင်နီယာမှူး၊ ကပရ)]-ဒေါ်ငွေငွေဘော် (ကပရ)၊ ဦးသိန်းထွန်းဘော်(တပ်မတော်ရေ-ငြိမ်း)-ဒေါ်တင်တင်သိန်းတို့၏အစ်ကို၊ တူ/တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁-၁၂-၂၀၁၈ ရက် ညနေ ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သဂြိုဟ်မည့် ရက်၊ အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## အာနိစ္စ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးဂွမ်စွန်(ခ)ဦးကျော်ဦး(မြိတ်)

**အသက် (၇၅) နှစ်**

**အသင်းဝင်အမှတ် (၂၂၂၉)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း (၀၀၆)နေ ဒေါ်လွင်လွင်ဝေ၏ ခင်ပွန်းသည် ၃၀-၁၁-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (မြိတ်အသင်းမှ ကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဦးစောဂလိုး

**အသက် (၇၅)နှစ်**

**အင်ဂျင်နီယာမှူး(ငြိမ်း)၊ဆောက်လုပ်ရေး**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ ရန်ကုန်-သန်လျင် တံတားအိမ်ရာဝင်း၊ အမှတ်(၂၉)၊ စိန်ပန်းလမ်းနေ (ဦးစောမောင်ကြာ-ဒေါ်နော်မဲထူး)တို့၏သား၊ (ဦးစောဂျေးကော့-ဒေါ်နော်ပြုတီ)တို့၏ သားသမက်၊ ဒေါ်နော်ချားရတီ-(ဦးစောမိုးကိုး)၊ ဒေါ်နော်ဆာပရီး-(ဦးစောဂေါ်စလေ)၊ ဒေါ်နော်ဖေ-ဦးစောသိန်းကျော်၊ ဒေါ်နော်မဲလ်စီတို့၏ မောင်၊ ဒေါ်နော်အမီးလယာ၏ ချစ်လှစွာသောခင်ပွန်း၊ နော်မော်ရင်း၊ စောလာကပေါ်၊ နော်ထီးမူး-စောထွန်းထွန်းလင်း၊ စောဆာကပေါ်-နော်နှင်းနှင်းယု၊ နော်ထီးရှီး-မောင်သန်းထိုက်အောင်၊ နော်ထူးကပေါတို့၏ ဖခင်၊ နော်ဆာဒီးလာ၊ နော်ရှားလက်ထီးရှီးတို့၏အဘိုး ဦးစောဂလိုးသည် ၁-၁၂-၂၀၁၈ (စနေနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ဝတ်ပြုဆောင်၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ဦးကြည်ဝင်း(တညင်းကုန်း)

**အသက် (၇၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် (၉/၅၉)နေ (ဦးတင်-ဒေါ်သီဟန်)တို့၏ သား၊ (ဒေါ်ကြည်ကြည်ဝင်း)၊ (ဒေါ်မေထွန်း)တို့၏ခင်ပွန်း၊ ဒေါ်ညွန့်ရီ၏မောင်၊ (ဦးမောင်မောင်တင်)-ဒေါ်တင်တင်ဝင်း၊ ဦးထွန်းထွန်းဦး-ဒေါ်တင်တင်စိုးတို့၏ အစ်ကို၊ ကိုတင်မောင်မောင်လွင်-မကေသွယ်စိုး၊ (ကိုခင်မောင်မောင်သွင်)-မသီရိ၊ ကိုဇေယျာဝင်း-မဇာခြည်စိုး၊ ကိုကျော်ကျော်ဦး-မနေခြည်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဇင်ဇင်လှဲ့၊ မောင်ထူးထက်လင်း၊ မဝတ်ရည်ချိုတို့၏အဘိုးသည် ၃၀-၁၁-၂၀၁၈ (သောကြာနေ့) ည ၇း၁၅ နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်နွဲ့နွဲ့

**တွဲဖက်ပါမောက္ခ (ငြိမ်း)**
**ရူပဗေဒဌာနအနောက်ပိုင်းတက္ကသိုလ်**
**(ထန်းတပင်)**
**ရန်ကုန်မြို့**

**အသက် (၆၅)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၄၀-၄၆) လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးယုနန်-ဒေါ်ရင်ရင်)တို့၏ သမီးကြီး၊ ဦးစိုးသိန်း-(ဒေါ်နန်းငြိမ်းကြည်)၊ (ဦးမောင်မောင်လတ်-ဒေါ်ချိုချိုနွယ်)၊ ဦးစိုးဝင်း-ဒေါ်ငွေငွေယုတို့၏ ညီမ၊ ဦးဝေလင်း-ဒေါ်သန်းသန်းနွယ်၊ (ဦးရွှေလျောင်-ဒေါ်ယဉ်ယဉ်မြင့်)၊ ဦးဝင်းမောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးမောင်မောင်အေး-ဒေါ်ခင်ကျော့ဝင်း၊ ငွေငွေဝင်းတို့၏ အစ်မ ဒေါ်နွဲ့နွဲ့သည် ၃၀-၁၁-၂၀၁၈ ရက် နံနက် ၆း၀၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်သိန်းခိုင်(မြောက်ဦး/စစ်တွေ)

**အငြိမ်းစားအထက်တန်းပြဆရာ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(စစ်တွေ)**

**အသက် (၇၀)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း-ဒေါ်ခင်ညွန့်တို့၏အစ်ကို ဦးမောင်သိန်းခိုင်သည် ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးမောင်သိန်းခိုင်(မြောက်ဦး/စစ်တွေ)

**အငြိမ်းစားအထက်တန်းပြဆရာ**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(စစ်တွေ)**

**အသက် (၇၀)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း-ဒေါ်ခင်ညွန့်တို့၏ အစ်ကို ဦးမောင်သိန်းခိုင်သည် ၃၀-၁၁-၂၀၁၈ ရက်နေ့တွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးချစ်ဆွေ (မော်ကျွန်း)

**အသက် (၈၄) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ တိုက် (47-B5)နေ (ဦးသန်းစိန်-ဒေါ်သောင်းတင်)တို့၏ သား၊ (ဒေါ်သန်းရင်)၏ ခင်ပွန်း၊ (ဦးဇော်မြင့်)-ဒေါ်အေးအေးစန်း၊ ဦးမောင်မောင်လတ်-ဒေါ်အေးအေးမော်၊ ဒေါ်စန်းစန်းဟန်၊ဦးလှအောင်၊ ဒေါ်တိုးတိုးလွင်၊ ဦးမိုးကျော်နိုင်-ဒေါ်ကြူကြူဝင်း၊ ဦးစိုးဝေလင်း-ဒေါ်ခင်ခင်ဝင်း၊ ဦးဉာဏ်ဖြိုးဝင်း-ဒေါ်နီလာဆွေ၊ ဦးမင်းကိုကိုလေး-ဒေါ်စိမ်းမို့မို့တို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၈ ရက် မွန်းလွဲ ၁၂း၅၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၂-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ခင်လှ(ထောက်ကြန့်)

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၆)၊ ငါးလွှာနေ (ဦးဘိုးခင်-ဒေါ်ရွှေသစ်)တို့၏သမီး၊ (ဦးအောင်ကျော်)၏ ဇနီး၊ ဦးဇော်ဦး-ဒေါ်အေးအေးမြင့်၊ (ဦးညွန့်လင်း)-ဒေါ်ဝင်းဝင်းမြင့် (ငွေစာရင်း၊ YGH)၊ ဦးဝင်းဇော်- ဒေါ်သန်းသန်းမြင့်၊ ဒေါ်ညိုညိုကျော် (C.S.S.C YGH)၊ Dr.ဇော်မင်းဦး-ဒေါ်သူဇာကျော်၊ (ဦးငွေလွင်)၊ ဦးသော်တာဦး-ဒေါ်ဖြိုးအိအိဝင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၁၁-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ (ကြာသပတေးနေ့)တွင် သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနွဲ့ (မြိတ်)

**အသက် (၇၄) နှစ်**

[ဦးဖိုးညိမ်း-ဒေါ်ကြည်တင် (ထားဝယ်မြို့)]တို့၏ သမီး၊ ဦးလှမြင့်(မြိတ်)၏ ဇနီး၊ ဦးကျော်ကျော်မောင်-မအိသူဇာမြင့်၊ ဦးဇော်မင်းသန့်-မသင်းသင်းရီ၊ ဦးဇော်ထွန်းလတ်တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏အဘွား ဒေါ်သန်းနွဲ့သည် ၁-၁၂-၂၀၁၈ ရက် နံနက် ၈း၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၂-၂၀၁၈ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအေး(မော်လမြိုင်)

**အသက် (၆၃)နှစ်**

အမှတ် (၂၆၂/၂၆၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစန်းမြင့်-ဒေါ်သန်းကျင်)တို့၏ သမီး၊ (ဦးစိန်ကြီး-ဒေါ်မိမိကြီး)တို့၏ သမီးချွေးမ၊ [ဗိုလ်မှူးဝင်းလွင်(ငြိမ်း)]၏ဇနီး၊ (ဦးဝင်းအောင်ကျော်)-ဒေါ်ဒေစီလင်း၊ ဦးတင့်လွင်-ဒေါ်နန်းညွန့်တင်၊ ဒေါ်ငွေငွေမြင့်၊ ဦးဝင်းမြင့်-ဒေါ်ကြည်ပြာနွေး၊ ဦးမြင့်အောင်-ဒေါ်ရီစီငွေတို့၏ညီမ၊ ဦးဝင်းစိုး-ဒေါ်သီတာ၊ ဦးစိုးမြင့်သိန်း-ဒေါ်ခင်ခင်ဝင်းတို့၏ အစ်မ၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်သည် ၁-၁၂-၂၀၁၈ ရက် နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသန်းစိုး(ပေါင်းတလည်)

**ဒုအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်**

**အသက် (၆၁)နှစ်**

ပေါင်းတလည်မြို့နေ (ဦးကိုလေး-ဒေါ်ငွေရှင်)တို့၏ သား၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းမြင့်တို့၏ သားသမက်၊ တောင်ဒဂုံမြို့နယ်နေ ဒေါ်ခင်ခင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ငြိမ်းချမ်းဇင် (ခေတ္တ-စင်ကာပူ)၏ ကျေးဇူးရှင်မွေးသဖခင် ဦးသန်းစိုးသည် ၁-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၂-၂၀၁၈ (သောကြာနေ့) တွင် အမှတ် (၈၃၅)၊ ရာမညလမ်း၊ (၂၆) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ယနေ့ သတင်းအညွှန်း

မြန်မာနိုင်ငံ၏ ပထမဆုံး ဘောလုံးကစားနည်း စတင်ရာ လမ်းမတော် အထက(၁)အား အပြာရောင်ကမ္ပည်း တပ်ဆင်

စာမျက်နှာ - ၂

. . . . . . . . . .

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌာရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

စာမျက်နှာ - ၅

. . . . . . . . . .

အမေရိကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုရှ်-စီနီယာ အသက် ၉၄ နှစ်တွင် ကွယ်လွန်

စာမျက်နှာ - ၁၂

# ခြေစမ်းပွဲတွင် မြန်မာ ယူ-၂၁ အသင်း စစ်ကိုင်းအသင်းကို အနိုင်ရ

ရန်ကုန် ဒီဇင်ဘာ ၁

**၂၀၁၈ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၁ အသင်းသည် ယနေ့နံနက်ပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းခြေစမ်းပွဲမှာ မြန်မာ ယူ-၂၁ အသင်း၏ တတိယမြောက်ခြေစမ်းပွဲဖြစ်ပြီး သုံးပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်သည်။**



မြန်မာ ယူ-၂၁ အသင်းနှင့် စစ်ကိုင်းအသင်း ယှဉ်ပြိုင်နေစဉ်။

တိုက်စစ်မှူး စိုးလွင်လွင်၏ ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးဖြင့် မြန်မာ ယူ-၂၁ အသင်းသည် ခြေစမ်းပွဲတွင် သုံးပွဲဆက်အနိုင်ရခဲ့သည်။ စစ်ကိုင်းအသင်းသည် လာမည့်ရာသီအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အဆုံးသတ်အားနည်းမှုကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ရွေးချယ်ထားသည့် ပဏာမကစားသမားအများစုကို ပြောင်းလဲအသုံးပြုခဲ့ပြီး အမာခံကစားသမားများကို အလှည့်ကျအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် နိုင်ငံခြားသားကစားသမားများ ပါဝင်သည့် စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ တိုက်စစ်မှူး ဖရိုင်းဒေးသည် ဂိုးရနိုင်သည့် အခွင့်အရေးသုံးကြိမ်ရသော်လည်း အသုံးချနိုင်ခြင်းမရှိဘဲ တစ်ကြိမ်မှာ ဘားထိထွက်ခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ပွဲအစတွင် ခံစစ်၌သာ အချိန်ကုန်ခဲ့ပြီး မိနစ် ၃၀ နောက်ပိုင်းမှ

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ❍

# ဒီဇင်ဘာ ၄ ရက်တွင်စတင်မည့် အမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ထွက်ပေါ်



၂၀၁၇-၂၀၁၈ ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပနေစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်များထွက်ပေါ်လာပြီဖြစ်ပြီး အသင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

### ယှဉ်ပြိုင်ကစားမည်

ပထမအကျော့ပွဲစဉ်များကို တစ်ပတ်လျှင်လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်မှ ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဖွင့်ပွဲအဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ဂန္ဓမာအသင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကျန်ပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မြဝတီအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၇ ရက်တွင် ဇွဲကပင်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ထပ်မံထုတ်ပြန်မည်ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ❖

## ထူးခြားသည့် ညအပူချိန်

၁-၁၂-၂၀၁၈

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ရပ်ကလောင်း | ၆ | ဒီဂရီစင်တီဂရိတ် |




ကြေးမုံ
အထူးဟဏ္ဍ
ဒီဇင်ဘာ ၂၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# တစ်ဖွယ် တစ်ခွက်

ဆူးကြယ်စင်



"ထမင်းစားတော့မလား မောင်"

"အင်း စားစို့လေ"

"ခဏစောင့်နော် အမြန်ပြင်လိုက်မယ်"

ထိုသို့ပြောပြီးသည်နှင့် မိဝင်းလက်က မြန်သည်။ စားချင့်စဖွယ်ထမင်းဝိုင်းကို တစ်ခဏအတွင်း ပြင်ဆင်ပြီး သွား၏။

"စားလို့ရပြီ မောင်"

အိမ်ရှေ့ခန်းမှ ယောက်ျားဖြစ်သူကို အသိပေးရင်း လက်ဆေးဇလုံလည်း အဆင်သင့်ပြင်လိုက်သည်။ ထိုသို့ ပြင်ဆင်၍ ပြီးသည်နှင့်တစ်ပြိုင်တည်း ယောက်ျားဖြစ်သူ လည်း ထမင်းစားပွဲနားသို့ ရောက်လာ၏။

"ဟား ဟင်းတွေကတော့ရှယ်ပဲဟေ့ အားရပါးရကို စားပစ်လိုက်မယ်"

"အဟင်း စားပါတော် စားပါ အားရပါးရစားရအောင်ပဲ ချက်ပေးထားတာ"

ယောက်ျားဖြစ်သူ စားပွဲမှာဝင်ထိုင်သည်ဆိုလျှင်ပဲ ကောင်းနိုးရာရာဟင်းလေးတွေကို ပန်းကန်အတွင်း ခပ်ထည့်ပေးလိုက်သည်။ မန်ကျည်းသီးထောင်းနှင့်မျှစ်ဆန် လှော်ချက်အပြင် ငါးအိုးကပ်လေးတစ်ခွက်လည်း ပါဝင် သော ထမင်းစားပွဲမှာ မြင်ရသူအဖို့ စားချင့်စဖွယ်ပင်။

"မင်းက မစားဘူးလား"

"ကျွန်မ စောစောကဗိုက်ဆာတာနဲ့ စားနှင့်ထားပြီးပြီ ရှင်ပဲကျန်တော့တာ"

ထိုသို့ပြောရင်း ထမင်းစားနေသော ယောက်ျားကို ယပ်ခတ်ပေးလိုက်သည်။ အလုပ်ကမောမောနှင့်ပြန်ရောက် လာသူမို့ ဗိုက်ဆာဆာဖြင့် ထမင်းကို အားရပါးရ စားနေပုံ မှာ ကလေးသဖွယ်။ ခဏအကြာတွင် ယောက်ျားဖြစ်သူ ထမင်းစား၍ ပြီးသွားသည်။ ထိုအခါ သိမ်းဆည်းသင့်သည် များကို သိမ်းဆည်းပြီး ယောက်ျားစား၍ ပိုလျှံသည့် ထမင်း ဟင်းအချို့ကို ပန်းကန်တစ်ချပ်ထဲ စုပုံထည့်ကာ နယ်ထား လိုက်သည်။ ပြီးလျှင် ယောက်ျားအတွက် အချိုပွဲအဖြစ် ထန်းလျက်ထည့်ထားသည့် ဘူးလေးကို ကွပ်ပျစ်တွင် သွားပို့ထားလိုက်၏။ ယောက်ျား ဝေယျာဝစ္စများအားလုံး ပြည့်စုံလျှင် ထမင်းစားပွဲရှိရာ ပြန်လာပြီး ထမင်းစားခြင်း အလုပ်ကို စတင်လိုက်သည်။ ယောက်ျားမြင်မှာလည်း စိုးရသေး၏။ ကွပ်ပျစ်တွင် အေးအေးလူလူ အနားယူနေ သည့် ယောက်ျားကိုတွေ့မှ စိတ်ချလက်ချ ထမင်းစား ဖြစ်သည်။ တကယ်တော့ ယောက်ျားမဝမည်စိုး၍အတူမစား ခဲ့ခြင်းပင်။

* * *

"ဒီနေ့ရော ဘာဟင်းချက်လဲ"

"ထုံးစံအတိုင်း"

"မနေ့က နင့်မောင်ဝက်သားဝယ်လာလို့ ချက်ထား တယ် တစ်ခွက်ခပ်သွား"

"တော်ပါပြီ။ အမေတို့ပဲစားပါ ခဏခဏယူနေရတာ ကြာရင်မကောင်းဘူး"

အိမ်မှာစားဖို့ ဟင်းတစ်ခွက် ထည့်သွားရန် ပြောနေ သော အမေ့စကားကို ငြင်းဆန်လိုက်သည်။ အမေ့အိမ်က မကြာခဏဆိုသလို ဟင်းတစ်ခွက် ယူနေရသည်မို့ အားနာ ၏။ အမေနှင့်မောင်လေးတို့က ဘာမျှမပြောသော်လည်း လိပ်ပြာမလုံသလို ခံစားရသည်။ သားသမီးဖြစ်သည့် ကိုယ် က မပေးရပါဘဲ မိဘထံမှပြန်ပြီးယူနေရသည့် ဘဝကိုလည်း စိတ်နာ၏။ ယောက်ျားလည်း အလုပ်ကြိုးစားရှာပါသည်။ သို့သော် အပိုအလျှံမရှိသေးရွေ့ ဖြစ်သလိုစားပြီး စုဆောင်း နေခြင်းပင်။ ကိုယ့်မှာ အများနည်းတူ အိမ်ဆိုသည်ကလည်း မဆောက်နိုင်သေးဘူးလေ။ ထို့ကြောင့် ချွေချွေတာတာဖြင့် စုဆောင်းနေရ၏။

"ရော့ အိမ်မှာစားမယ့်လူက နင့်မောင်နှစ်ယောက်နဲ့ အမေပဲရှိတာ။ မကုန်ဘူး ယူသွား နင့်ယောက်ျားစားရတယ်။ စုဆောင်းတာလည်း စုဆောင်းပေါ့အေ တစ်ခါတလေလည်း ထမင်းနဲ့ဟင်းကို ဖွယ်ဖွယ်ရာရာလေး ပြင်ဆင်ကျွေးရတယ် ဒါမှ ရှာရတဲ့သူလည်းအားရှိမှာပေါ့"

"ဟုတ်ကဲ့ပါ"

ပါးစပ်မှတွင်တွင်ငြင်းဆန်နေသော်လည်း လက်က အမေပေးသည့် ဟင်းခွက်လေးကို ယူမိသည်။ အိမ်မှာချက် ထားသည့်ဟင်းကချဉ်ပေါင်အရည်သောက်နှင့် ငရုတ်သီး ထောင်းပဲ ရှိသည်လေ။

"ပဲသီးကြော်လည်းရှိတယ် ယူသွား ဘယ်သူမှမစား တော့ဘူး"

"တော်ပါပြီ။ အမေရယ် ကျွန်မကဘာမှမပေးရဘဲ အမေ့အိမ်ကပဲယူယူနေရတာ ကြာတော့ စိတ်မသန့်ချင်ဘူး ကိုဇော်ထွန်း ပြန်လာပြီလားမသိဘူး။ တော်ကြာ အိမ်မှာ မတွေ့လို့ စိတ်ပူနေဦးမယ် ပြန်တော့မယ်အမေ"

"အေးအေး"

အမေ့ကိုနှုတ်ဆက်ပြီး အိမ်ရှိရာပြန်ခဲ့သည်။ ရပ်ကွက် တစ်ခုတည်းတွင် နေထိုင်သည် ဖြစ်သော်လည်း အမေ့အိမ် နှင့်ကိုယ့်အိမ်က ရွာဦးနှင့်ရွာစွန်ဖြစ်၏။ ရွာလယ်လမ်း တစ်လျှောက်တွင် အဖြူအစိမ်းဝတ်ကျောင်းသားလေးများ ကို တွေ့လိုက်သည်။ ကျောင်းဆင်းပေပြီ။ ဤအတိုင်းဆို ၁၂ နာရီထိုးပြီပဲ။ မောင်ပြန်ရောက်နေရော့မည်။ အိမ်ကို ခပ်မြန်မြန်ပြန်မှဟု တွေးကာ လှမ်းလက်စ ခြေလှမ်းတို့ကို ပို၍မြန်လိုက်၏။

* * *

"မိန်းမရေ မိန်းမ"

"လာပြီ မောင်"

အိမ်ထဲမှ ယောက်ျားဖြစ်သူအသံကြောင့် အပြေးသွား လိုက်သည်။ အလုပ်ကပြန်လာချိန် မိန်းမဖြစ်သူကို မမြင်၍ ရှာနေပုံရ၏။ ယောက်ျားလည်း ကိုယ်ရှိရာကို လှမ်းလာနေ သည်။ အိမ်မှာမနေရ၍များ ဆူခံရလေမလားမသိ။ စိုးတထိတ်ထိတ်ဖြင့် ယောက်ျားအနား သွားလိုက်သည်။ ထိုအခါ ပြုံးရွှင်နေသော ယောက်ျားမျက်နှာကြောင့် အသက်ရှူ ချောင်သွား၏။

"မြန်မြန်လာ ဒီမှာကြည့်စမ်း ဘာတွေလဲလို့"

"ဟင်"

စားပွဲပေါ် ချထားသည့်အိတ်ကို ယောက်ျား ဖွင့်ပြ သည်။ ထိုအခါ အိတ်ထဲမှာ ပိုက်ဆံအများကြီး ရှိနေသည် ကိုတွေ့ရ၏။ ယောက်ျားကို ထိတ်လန့်စွာကြည့်မိသည်။ ယောက်ျားပုံစံက အေးဆေးပင်။

"မစိုးရိမ်ပါနဲ့ ဒီငွေတွေက မောင် ပွဲစားလုပ်ပြီးရလာ တာပါ မနေ့က မောင် စျေးဖြတ်လိုက်တဲ့ကျောက်က အချို ကြီးပွလိုက်တယ်"

ဝမ်းသာအားရပြောနေသော ယောက်ျားစကားများကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် နားထောင်ဖြစ်သည်။ ယောက်ျားအလုပ်ကို ကိုယ်မှ နားမလည်ဘဲလေ။ အိမ် ထောင်သက်သုံးနှစ်အတွင်း တစ်ခါမှလည်း ဤမျှထိ များပြားလှသော ငွေကြေးကိုမမြင်ဖူးခဲ့ပေ။

"ဒီငွေတွေနဲ့ဆို မောင်တို့ အိမ်လည်းဆောက်နိုင်ပြီ ငှားနေစရာ မလိုတော့ဘူး နောက်ပြီး ငါ့မိန်းမကိုလည်း ရွှေဝယ်ပေးနိုင်ပြီ သိလား"

ငွေများကိုကိုင်ကာ ပြောနေသော ယောက်ျားစကားကို နားထောင်ပြီး မပျော်ရွှင်မိသည်က ဘာကြောင့်မှန်းမသိ။ ခေါင်းတစ်ချက်သာ အပြုံးမပါဘဲ ညိတ်ပြလိုက်သည်။ စိတ်ထဲတွင် တစ်စုံတစ်ယောက်အစား ဝမ်းနည်းပြီး နာကျင် မိသယောင်။

* * *

"အမေရေ အမေ"

"အေး ရှိတယ်"

အိမ်ထဲမှအမေ့အသံကြားသည်နှင့် အိမ်ပေါ်တက်ခဲ့ သည်။ ပြီးလျှင် ယူလာသည့် ဟင်းခွက်လေးကို ကြောင်အိမ် ထဲအသာထည့်လိုက်၏။ ရှိတယ်ဟုပြောပြီး မည်သည့် နေရာမှာပါလိမ့်။ အိမ်ထဲ အမေ့ကို ရှာဖွေရင်းက ထပ်ခေါ် လိုက်သည်။

"အမေ"

"အင်း"

အိမ်ခန်းထဲမှ အသံကြားရသည်။ နေမကောင်းလျှင်က လွဲပြီး တစ်ခါမှ အိမ်ခန်းထဲမနေဖူးသည့် အမေက အဘယ် ကြောင့် အိမ်ခန်းထဲတွင် နေသနည်း။ စိုးရိမ်စိတ်နှင့်အတူ အိမ်ခန်းတံခါးကို ဝုန်းခနဲတွန်းဖွင့်လိုက်သည်။

"အမေ အမေ နေမကောင်းဘူးလား"

"အေး မနေ့က ခေါင်းလျှော်လိုက်တာ အအေးမိပြီး ဖျားတယ် ထင်တယ်"

"ဆေးခန်းတော့မသွားဘူး အမေရယ် အလတ်ကောင်နဲ့ အငယ်ကောင်ရော"

"နင့်မောင် အလတ်ကောင်က အထက်ပိုင်းသွားပြီ။ အငယ်ကောင်က ကျောင်းသွားတယ်။ ဆေးခန်းက ပိုက်ဆံ ရှိမှ သွားလို့ရမှာ ရှိတဲ့ပိုက်ဆံက ဆန်ဝယ်ရမယ် ပါရာစီ တမော့နဲ့ ဘာမီတွန်ဝယ်ပြီးသောက်ထားပါတယ် သက်သာ သွားလိမ့်မယ်"

ပိုက်ဆံမရှိ၍ ဆေးခန်းမသွားရဘူးဆိုပဲ။ အမေ့ကို ပိုက်ဆံပေးချင်သည်။ သို့သော် လက်ထဲတွင် ငွေမရှိ။ ယောက်ျားက ငွေမပေး။ ရချင်တာရှိလျှင် သူ ကိုယ်တိုင် လိုက်ဝယ်ပေးသည်။ ယောက်ျားစိတ်ထဲ ကိုယ့်အပေါ် ဘယ်လိုသဘောထားလည်း မသိပေ။ သို့သော် ကိုယ်ရှာဖွေ ထားသည့် ငွေမဟုတ်၍ ယောက်ျား သဘောအတိုင်းသာ နေဖြစ်သည်။

"ခဏနော် အမေ ကျွန်မ ပြန်လာခဲ့မယ်"

"အေ"

အမေ့ကို ထိုသို့ပြောပြီး အိမ်ရှိရာအပြေးပြန်ခဲ့သည်။ အမေ့ဆေးဖိုးကို ယောက်ျားဆီက တောင်းကြည့်ရမည်။ ပေးမည်ဟုလည်း ယုံကြည်၏။ နောက်ဆို လက်ထဲငွေ များများ ဆောင်ထားရမည်ဟုလည်း တွေးမိသည်။ ခုလို အရေးနှင့်အကြောင်းဆို သုံးစွဲစရာ မရှိလျှင်အခက်လေ။ ရှိသည့်ငွေကလည်း ငါးရာ၊ တစ်ထောင် မုန့်ဖိုးမျှသာ။

* * *

"မောင်"

"အင်း မိန်းမ ပြော"

အိမ်ကိုရောက်လျှင် ကွပ်ပျစ်တွင် အေးအေးလူလူထိုင် နေသည့် ယောက်ျားကို တွေ့ရသည်။ ထို့ကြောင့် အနား သွားကာ စကားစလိုက်၏။

"ကျွန်မပြောစရာရှိလို့"

"ဟုတ်လား ပြောစရာရှိတာ ပြောလေ စကားပလ္လင်တွေ ဘာတွေခံနေသေးတယ်"

ဘယ်ကစ၍ ပြောရမည်နည်း။ ကိုယ်ရှာထားသည့်ငွေ မဟုတ်တော့လည်း အခက်သား။ လင့်ပစ္စည်း မယားပိုင် သည်ဟု ဆိုရိုးမည်မျှရှိပါစေ၊ တကယ့်လက်တွေ့တွင် ယောက်ျားရှာဖွေရခဲ့သည့် ငွေများကို ပိုင်ဆိုင်ခွင့်မရသည်က အမှန်။ ယောက်ျားပေးသလောက်သာ သုံးရပြီး ယောက်ျား ဝယ်ပေးမှသာ ယူရသည့်ကိုယ့်ဘဝက တစ်ခါတလေဘာနှင့် တူနေမှန်းပင် သေချာမသိ။

"အမေ နေမကောင်းလို့ အိပ်ရာထဲလဲနေတယ် အလတ်ကောင်လည်း အထက်ပိုင်း သွားတယ်တဲ့ အငယ် ကောင်ကလည်း ကျောင်းသားမို့ ငွေမရှာနိုင်ဘူး စားစရာ တောင်မရှိလို့ ဆေးခန်း မသွားနိုင်ဘူး"

ပြောနေရင်းက ရင်ထဲနာကျင်လာပြီး မျက်ဝန်းအိမ်တွင် မျက်ရည်စများ ဝေ့သီလာသည်။ ယောက်ျားကို မျှော်လင့်ပြီး အားကိုးတကြီး ကြည့်မိ၏။

"ဟင်း ငါ့မှာလည်း ငွေပိုမရှိဘူးမင်းပေးချင်တယ်ဆို ရင်တော့ ယူသွား နောက်လအတွက် ဆန်ဝယ်မယ့်ပိုက်ဆံရှိ တယ် ရော့"

ယောက်ျားပြောလာသည့် စကားက အသက်မပါမှန်း စိတ်မှာခံစားမိလိုက်သည်။ သို့သော်လည်း မသိချင်ဟန် ဆောင်ပြီး ပစ်ချပေးလာသည့်ငွေများကို ကောက်ယူလိုက် ၏။ စားစရာမရှိသည်က နောက်ထား အမေ့ကျန်းမာရေးက ပိုအရေးကြီးသည်။

"မင်းအမေနဲ့မင်းမောင်တွေကို နေ့တိုင်း ဟင်းတစ်ခွက် ပို့နေတာလည်း ငါသိတယ် ပို့တာက ပို့ပါ။ ဒါပေမယ့် ငါ့မှာ လည်း မိဘတွေရှိတယ်ဆိုတာ မင်းမမေ့နေဖို့ ပြောပြတာ"

"မမေ့ပါဘူး"

ထိုမျှသာပြော၍ ယောက်ျားအနားက ထွက်လာခဲ့ သည်။ ဟင်းတစ်ခွက် အမြဲပို့နေတာကို သိတယ်ဆိုပဲ။ ဟင်းတစ်ခွက် အမြဲယူခဲ့တာကျ ယောက်ျား မသိတာလား။ မေ့ပစ်တာလား။ နောက်ပြီး မိဘတွေ ရှိသေးသည်ဆိုပဲ။ သူ့မိဘတွေကို သူကိုယ်တိုင် တစ်ချိန်လုံး လိုလေသေးမရှိ ထောက်ပံ့နေခဲ့သည်ပဲလေ။ ထို့အတွက် မမှတ်မိဘဲ နေပါ့ မလား။ မေ့ပျောက်ပြီး နေပါ့မလား။ ပြောပြန်လျှင်လည်း ငါ့မိဘက ငါ့အပေါ် ဘယ်မျှအထိ ပေးဆပ်ခဲ့တာ ဘာညာ နှင့်လာဦးမည်။ ထိုသို့ပြောကြေးဆို ကိုယ့်မိဘလည်း သားသမီးအပေါ် အစွမ်းကုန် ပေးဆပ်ခဲ့သည်ပဲ။ မိဘ အပေါ် သိတတ်သူချင်းအတူတူ ဘာကြောင့် စာနာမပေး ချင်မှန်း မသိသည့်ယောက်ျားကို တစ်ခါတလေ စိတ်နာ သည်။ ထိုသို့ စိတ်နာသည့်အခါတိုင်း ယောက်ျားနှင့်အဝေး ဆုံးကို ပြေးထွက်သွားဖို့အထိ တွေးဖူး၏။ သို့သော် မဖြစ် နိုင်ခဲ့ပေ။ အသစ်ပြန်မဖြစ်နိုင်တော့သည့် ဘဝအတွက် ထိုယောက်ျားနှင့် လိုက်လျောညီထွေဖြစ်အောင်သာ ကြိုးစားရမည်။

အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမှင်စုတ်ထိုး ဤသုံး မျိုး နောင်ပြင်ရန်ခက်သည် ဟူသည့် ဆိုရိုးပင်ရှိထားသည် လေ။ တောင်ရောက် မြောက်ရောက် အတွေးများနှင့် ခြေလှမ်းတစ်စုံကို ခပ်မြန်မြန် လှမ်းမိနေသည်မှာ အမေ့ အိမ်ပင် ရောက်တော့မည်။ အမေ့ကို ဆေးခန်းပို့ရမည်။ ပြီးလျှင် အိမ်အတွက် လိုအပ်သည့်အရာများကို ဝယ်ပေး ရမည်။ ထိုသို့တွေးကာ လက်ထဲမှာလည်း ယောက်ျား မကြည်ဖြူသည့်ငွေ၊ ကိုယ်မပိုင်သည့် ငွေလေးကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားလျက်။ ။

ဆောင်းပါး

■ မောင်ထက်ဝေ(ငါ့တရော်)

# လမ်းလွဲနေသလား

(၁)

မကြာသေးမီက ပလိပ်မြို့ရဲ့ C.P ကြက်ခြံမှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်းတစ်ယောက်ဆီကို ဆိုင်ကယ်နဲ့ အလည်သွားဖြစ်ခဲ့တယ်။ အဲဒီ C.P ကြက်ခြံကိုသွားတဲ့ လမ်းလေးတွေဟာ ဆင်တူယိုးမှားလေးတွေဆိုတော့ လမ်းမှားပြီး ကြက်ခြံကို ကျော်သွားမိတယ်။

ကျွန်တော်လည်း သတိထားမိပါတယ်။

ကျွန်တော်ဆိုင်ကယ်မောင်းနေတဲ့ လမ်းမကြီးရဲ့ လမ်းဘေးဝဲ၊ ယာမှာ သစ်ပင်ကြီးကြီးမားမားဆိုလို့ တစ်ပင်မှ မတွေ့ရတော့ဘဲ ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်။ ကွမ်းယာဆိုင်လေးတစ်ဆိုင်ကိုတွေ့လို့ ဝင်မေးမိတော့မှ ပလိပ်မြို့ကို တော်တော်လေး ကျော်လာပြီဆိုတာ သိလိုက်ရတယ်။

မဟုတ်ရင် ကျွန်တော် ဘယ်ထိ ဆက်မောင်းနေမိမလဲ မသိဘူး။

(၂)

ဒီလိုလမ်းလွဲခဲ့တဲ့အကြောင်းလေးနဲ့ ပတ်သက်လို့ ကျွန်တော့်အတွေးတွေ နယ်ချဲ့နေမိပါတော့တယ်။

ကျွန်တော်လမ်းလွဲခဲ့တာ ရိုးရိုးလမ်းလေးပါ။ ဒါပေမယ့် ဘဝဆိုတဲ့ ရည်မှန်းချက် ပန်းတိုင်နဲ့ပတ်သက်လို့ ကျွန်တော့်လို လမ်းလွဲခဲ့ကြတဲ့လူတွေလည်း ရှိနေကြလိမ့်မယ်လို့ တွေးနေမိပါတယ်။

ဒါပေမယ့် မသိလိုက် မသိဘာသာနဲ့ လမ်းလွဲခဲ့ကြသူတွေလည်း ရှိနေပြန်ပါသေးတယ်။

(၃)

ဒီနေရာမှာ ကျွန်တော်ရဲ့ ညီဝမ်းကွဲလေးတစ်ယောက်အကြောင်းကို တင်ပြလိုပါတယ်။

သူ့ရဲ့မိဘတွေဟာ စီးပွားရေးအခြေအနေ သိပ်မကောင်းရှာပါဘူး။ဒါပေမယ့် သူ့သားလေးကိုတော့ ဘွဲ့ရအောင် ကျောင်းထားမယ်ဆိုပြီး မရှိမဲ့ရှိမဲ့ ငွေလေးတွေနဲ့ ကျောင်းထားရှာပါတယ်။

သူ့အိမ်ရဲ့ စီးပွားရေးအခြေအနေကို သိနေတဲ့ ကျွန်တော့်ရဲ့ ညီလေးဟာ အင်မတန်မှ စာကြိုးစားပါတယ်။

ဒီလိုနဲ့ သူ ဆယ်တန်းနှစ်ကို ရောက်လာတဲ့အခါမှာ နှစ်ချင်းပေါက်အောင်ကိုအောင်ရမယ်ဆိုတဲ့စိတ်နဲ့ စာကို ကြိုးစားပါတယ်။ ဒါပေမယ့် နှစ်တစ်ဝက်လောက်မှာ မြို့ပေါ်ကနေ ဆယ်တန်းကို နှစ်နှစ် သုံးနှစ်ကျထားတဲ့ ကျောင်းသားကြီးတွေ သူတို့အဆောင်ကို ရောက်လာပါတယ်။

အဲဒီကျောင်းသားကြီးတွေဟာ အဆောင်ကိုရောက်လာပြီး မကြာခင်မှာပဲ ဘီယာတို့ အရက်တို့ကို အဆောင်ကနေ ခိုးထွက်ပြီး ဝယ်ပေးဖို့ သူ့ကို အကူအညီတောင်းပါတယ်။

ပထမတော့ သူက ငြင်းပါသေးတယ်။ တစ်ခါကနေ နှစ်ခါ၊ နှစ်ခါကနေ သုံးခါ ပြောလာတော့ အစကတည်းက အားနာတတ်တဲ့စိတ်ရှိနေတဲ့ ကျွန်တော့်ညီလေးဟာ အပြင်ကို ခိုးထွက်ပြီး ဝယ်ပေးရှာပါတယ်။

ဒီလို ဝယ်ပေးရင်းနဲ့ "အမြည်းလေး စားပါဦးလား ဘာလား၊ ညာလား"နဲ့ သူပါ ဘီယာသောက်တတ်လာပါတော့တယ်။

တဖြည်းဖြည်းနဲ့ စာမေးပွဲတွေပြီးလို့ အောင်စာရင်းထွက်လာတဲ့အခါမှာ သူ စာမေးပွဲကျသွားပါတော့တယ်။

ဒီအကြောင်းအရာလေးတွေဟာ ကျွန်တော့်ညီလေးက ကျွန်တော့်ကို ပြောပြတဲ့အကြောင်း အရာလေးတွေ ဖြစ်ပါတယ်။

(၄)

ရည်မှန်းချက်ပန်းတိုင်နဲ့ လမ်းလွဲသွားခဲ့ရတဲ့ ပုံပြင်လေးတစ်ပုဒ်က ကျွန်တော့်ခေါင်းထဲကို မဆိုင်းမတွဘဲ ရောက်ရှိလို့ လာပါတော့တယ်။

ဒီပုံပြင်လေးဟာ ဆရာကြီးဦးသုခရဲ့ "ရာမာခရစ်ရှနာ၏ ပုံပြင်များ"ဆိုတဲ့ စာအုပ်ကလေးထဲက "ခါးစည်းတစ်လွှာကြောင့်"ဆိုတဲ့ ပုံပြင်လေးပါ။

ဆာဒူးရသေ့တစ်ယောက်ဟာ လောကမှထွက်မြောက်ရန်အတွက် တရားရှာဖွေရန် သူ့ဆရာဂုရုနဲ့ တောထွက်လိုက်ပါလာခဲ့ပါတယ်။ တောတွင်းနေရာတစ်ခုကို ရောက်တဲ့အခါမှာ ဆရာဂုရုက ဆာဒူးရသေ့ကို "တပည့်ကြီး ဒီနေရာဟာ ဆိတ်ငြိမ်ရာ အရပ်ဖြစ်တယ်။ အလှူခံစရာ ရွာနဲ့လည်း မနီးလွန်း မဝေးလွန်းဘူး။ နောက်ပြီး သစ်ကျားအန္တရာယ်တို့နဲ့လည်း ကင်းလွတ်နိုင်တယ်။ ရေမိုးလည်း ရလွယ်တယ်။ အဲဒါကြောင့် ဒီနေရာမှာ သစ်ရွက်မိုးတဲလေး ထိုးပြီးတော့ တရားကျင့်ပါ။ ငါကတော့ ဟိမဝန္တာကို ခရီးဆက်သွားပြီး ငါးနှစ်တိုင်တိုင် တရားကျင့်ပြီးမှ သင့်ထံပြန်လာပြီး သင့်ရဲ့အခြေအနေကို ကြည့်မယ်။ အဲဒီအခါမှ သင့်ကို တရားအဆင့်တက်ရန် ငါ ညွှန်ကြားပါမယ်"လို့ ပြောပြီး တပည့်ကိုထားခဲ့တယ်။

ဆာဒူးရသေ့ကလည်း ဆရာရဲ့ဩဝါဒအတိုင်း သစ်ရွက်မိုးတဲငယ်လေးတစ်ခုထိုးပြီး မြိုးမြိုးမြဲမြဲ တရားကျင့်နေပါတော့တယ်။

အနီးအနားမှာရှိကြတဲ့ ရွာသူရွာသားတွေကလည်း တရားကျင့်နေတဲ့ ဆာဒူးရသေ့ကိုတွေ့ပြီး အလွန်ကြည်ညိုကြတယ်။ ရွာတွင်းကို အလှူခံလာရင်လည်း တတ်အားသမျှ လှူဒါန်းထောက်ပံ့ကြတယ်။

ရသေ့ဟာ တဲအတွင်းမှာ ကမ္မဋ္ဌာန်းဘာဝနာများကို စတင်စီးဖြန်းတဲ့ နံနက်တိုင်း သူ့ရဲ့ကိုယ်ကို ရေမိုးသန့်စင်ပြီး သူရဲ့ အဝတ်စိုခါးစည်းကို တဲအနားရှိ သစ်ပင်တစ်ပင်ပေါ်မှာ လှန်းလေ့ရှိတယ်။

တစ်နေ့မှာတော့ ရွာထဲက အလှူခံပြီး ပြန်အလာမှာ နေလှန်းထားတဲ့ သူ့ရဲ့ခါးစည်းကို ကြွက်တွေက ကိုက်ဖောက်သွားတယ်။ သူ့မှာ အပိုဆိုလို့ အဲဒီတစ်ထည်သာရှိတဲ့အတွက် နောက်တစ်နေ့မှာ ရေမိုးချိုးဖို့ ခါးစည်းတစ်ထည် လိုနေပါတော့တယ်။ အဲဒါကြောင့် နောက်တစ်နေ့မှာ ရွာတွင်းကို ဝင်ပြီး ခါးစည်းတစ်လွှာ အလှူခံတယ်။

ရွာသားတစ်ယောက်က ဝမ်းမြောက်ဝမ်းသာပဲ ရသေ့ကြီးအလိုရှိတဲ့ ခါးစည်းတစ်ပိုင်းကို လှူလိုက်တယ်။ အဲဒီခါးစည်းမှာလည်း မကြာခင်ရက်အတွင်းမှာပဲ ကြွက်တွေကိုက်ဖောက်သွားတဲ့အတွက် ဒကာများထံ အကျိုးအကြောင်းပြောပြီး အလှူခံရပြန်တယ်။

ရွာသားများက "ကြွက်တွေ ဒီလောက်ပေါနေရင်လည်း ကြောင်တစ်ကောင်လောက် မွေးထားပါလား"လို့ ပြောကြတယ်။ ရသေ့လည်း မဆိုင်းမတွဘဲ ရွာထဲက ကြောင်ငယ်တစ်ကောင်ကိုခေါ်ပြီး မွေးလိုက်တယ်။ ကြောင်ရောက်တဲ့နေ့ကစလို့ ကြွက်တွေ ပြေးပါလေတော့တယ်။ ခါးစည်းလည်း ကြွက်ကိုက်ခြင်းမှ ကင်းဝေးသွားတယ်။

ဒါပေမယ့် ကြောင်ငယ်ကို ကျွေးစရာ အစာမရှိတဲ့အတွက် ကြောင်ငယ်သောက်ဖို့ နို့အလှူခံရပြန်တယ်။

နေ့စဉ်နေ့တိုင်း နွားနို့ကို အလှူခံနေရတဲ့အခါ--

ရွာသူ ရွာသားများက "ဆာဒူးကြီး အသင် အလှူခံနေတဲ့ နွားနို့ကို နေ့စဉ်ရက်ဆက် ဘယ်သူကမှ လှူဒါန်းနိုင်မှာ မဟုတ်ဘူး။

အဲဒီတော့ နွားမတစ်ကောင်ကို ရှာပြီး မွေးထားမယ်ဆိုရင် နွားမမှရတဲ့ နွားနို့ဟာ ကြောင်ငယ်အတွက်ရော၊ ဆာဒူးကြီးအတွက်ပါ သောက်လို့ အဆင်ပြေနိုင်မယ်"လို့ အကြံပေးကြတယ်။

"အေး ဟုတ်သားပဲ၊ ငါလည်း သောက်ရတာပဲ"လို့ ဆိုကာ အဲဒီအကြံကို ဆာဒူးကြီးက သဘောကျသွားတယ်။ နွားမတစ်ကောင်ကိုလည်း ရှာဖွေပြီး အလှူခံရပြန်တယ်။ ဆာဒူးကြီးကို ကြည်ညိုတဲ့ ရွာသားတစ်ယောက်က နွားမတစ်ကောင်လှူလိုက်ပြန်တယ်။ ဆာဒူးကြီးလည်း ဝမ်းပန်းတသာနဲ့ နွားမကြီးကို ကျောင်းကလေးရှိရာစီ ဆွဲလာခဲ့တယ်။ အဲဒီအခါမှာ ရွာသားတွေပြောတဲ့အတိုင်း နွားနို့ကို ကြောင်ငယ်နဲ့ ရသေ့ကြီးပါ ဝဝလင်လင် သောက်ရတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် နွားစားဖို့ ကောက်ရိုး အလှူ ခံရပြန်တယ်။

အဲဒီအခါမှာ ရွာသူရွာသားများက "ဆာဒူးကြီး၊ ကျောင်းနားက မြေအနည်းငယ်ကိုထွန်ပြီး စပါးစိုက်ပါလား၊ ဆန်လည်းရသေး၊ ကောက်ရိုးလည်း ရသေးတယ်"လို့ အကြံပေးကြပြန်တယ်။

ဆာဒူးကြီးကလည်း "အေး ဒါလည်း ကောင်းသားပဲ၊ ကဲ . . . ငါ့ကို ထွန်တို့၊ ပေါက်တူးတို့၊ မျိုးစေ့တို့ လှူကြပါဦး"လို့ ထပ်ပြီး အလှူခံရပြန်တယ်။ ရွာသူ ရွာသားများကလည်း တစ်ယောက်တစ်မျိုးစီ လှူဒါန်းလိုက်ကြတယ်။

ရသေ့ကြီးလည်း ကျောင်းနားက မြေကွက်ကလေးတစ်ကွက်ကို လယ်ဖြစ်အောင် ဖန်တီးလုပ်ကိုင်ပြီး လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း စတဲ့ကိစ္စတွေအပြင် မအားရအောင်ဖြစ်လို့ နေပါတော့တယ်။ ဒီလိုနဲ့ စပါးပေါ်လာတော့ ရိတ်ရပြန်တယ်။ ကျီဆောက်ရပြန်တယ်။ ဆာဒူးကြီး တစ်ဦးထဲနဲ့ မနိုင်တဲ့အခါ စပါးပေးနဲ့ လူငှားရပြန်တယ်။ ပိုလျှံနေတဲ့ စပါးကို ရောင်းရပြန်တယ်။ ရောင်းပြီး ငွေရလာတဲ့အခါ ငွေနဲ့ ကျောင်းကို ထိန်းသိမ်းဖို့အတွက် မိန်းမယူရပြန်တယ်။

ငါးနှစ်ကြာလို့ သူ့ဆရာ ဂုရုကြီး ဟိမဝန္တာက ပြန်လာတဲ့အခါမှာ ဆာဒူးကြီးရဲ့ တဲငယ်နေရာဟာ အိမ်ကြီးတဲကြီး တစ်ခုဖြစ်နေတာကို မြင်တွေ့ရရုံမက တောရကျောင်း ပတ်ဝန်းကျင်မှာလည်း ရွာကလေးတစ်ရွာလိုဖြစ်လို့နေပြီး လူသံ သူသံတွေနဲ့ ဆူညံရှုပ်ထွေးလို့ နေပါတော့တယ်။

ဒီလိုနဲ့ ဂုရုဆရာကြီးက ဆာဒူးကြီးကို "ဘုရား ဘုရား ဆာဒူးကြီး ဘယ်လိုဖြစ်ရတာလဲ"လို့ မေးသောအခါ ဂုရုကြီးမှာ အလွန်အံ့ဩထိတ်လန့်သွားမိပါတော့တယ်။ဆာဒူးကြီးမှာ ရသေ့သဏ္ဍာန်ပျောက်ပြီး အိမ်ထောင်ရှင်ယောကျ်ားအလုပ်သမားကြီးတစ်ဦးလို ဖြစ်နေရုံမက သားတွဲလွဲ၊ မယားတွဲလွဲ၊ အခိုင်းအစေ အခြွေအရံတွေနဲ့ ဖြစ်လို့နေပါတော့တယ်။

ဒီတော့မှာ ဂုရုဆရာကြီးက "ဘယ့်နှယ့်လဲ ဆာဒူးကြီး လောကမှာ ထွက်မြောက်ရန်အတွက် ဧကစာရီတရားကျင့်တဲ့ သင့်ဘဝက ရှုပ်ယှက်ခတ်လို့ နေပါလား၊ ခုလို ဘဝကို ရောက်အောင် ဘယ်အကြောင်းတွေက ပြောင်းလဲပစ်လိုက်ပါသလဲ"လို့ ဝမ်းပန်းတနည်းမေးလိုက်တဲ့အခါ ဆာဒူးကြီးမှာ မိမိရဲ့အမှားတွေကို သတိသံဝေဂရပြီး ရှက်ကြောက်ခြင်း ပြင်းစွာနဲ့ --

"ခုလိုဘဝမျိုးကို ရောက်ရခြင်းမှာ ခါးစည်းတစ်လွှာက စခဲ့တာပါ ဘုရား"လို့ သူ့ဆရာခြေရင်းမှာ ဝပ်စင်းငိုယိုပြီး လျှောက်လိုက်ပါတော့တယ်--တဲ့။

ပုံပြင်ကလေးက တော့ဒါပါပဲ။

(၅)

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလည်း ခါးစည်းတစ်လွှာက အစပြုလို့ ရည်မှန်းချက်ပန်းတိုင်နဲ့ လမ်းလွဲခဲ့ရတဲ့ ပုံပြင်ထဲက ဆာဒူးကြီးလိုလူတွေ များစွာရှိနေကြပါလိမ့်မယ်။

ဒါကြောင့် မျိုးဆက်သစ်လူငယ်လေးတွေအနေနဲ့ အသေးအမွှားသော အပြုအမူ အပြောအဆိုလေးတွေက စလို့ သတိပြုဆင်ခြင်စေချင်ပါတယ်။

ကိုယ်ရည်မှန်းတဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ ကိုယ်လျှောက်လှမ်းနေတဲ့ ဘဝခရီးလမ်းဟာ လမ်းလွဲနေသလား၊ လမ်းမှားနေသလားဆိုတာကိုလည်း ကိုယ့်ကိုယ်ကိုယ် မညာတမ်း ဝေဖန်သုံးသပ်ဖို့လိုပါတယ်လို့ စေတနာကောင်းဖြင့် အကြံပြုလိုက်ပါရစေလား ခင်ဗျာ--။

■ လွှမ်းရိပ်ဝေ( TU-မုံရွာ)

# သတင်းစာဖတ်ကြပါစို့

သတင်းစာတစ်စောင်၏ တန်ဖိုးသည် နှစ်ရာသုံးရာကျပ်မျှသာဖြစ်သည်။ သို့သော် သတင်းစာက လူတို့ကိုပေးသောအရာကတော့ တန်ဖိုးဖြတ်၍ပင်မရပေ။ ယနေ့တွင် အခက်အခဲများကြားက ရပ်တည်ထုတ်ဝေနေသော သတင်းစာများ အများအပြားရှိနေသည်။ သို့သော် အနည်းစုသော လူများသာ သတင်းစာ ဝယ်ဖတ်ကြရာ နိုင်ငံလူဦးရေနှင့်စာလျှင် လွန်စွာနည်းနေသေးသည်။ ထို့အထဲတွင် ကျွန်တော်ကတော့ နေ့စဉ်သတင်းစာဝယ်ဖတ်တတ်လေ့ရှိသောလူများထဲမှ တစ်ယောက်အပါအဝင်ဖြစ်ပေသည်။

ထို့အပြင် တစ်ရက်ကို သတင်းစာတစ်စောင်လောက်မှ မဖတ်ရရင် မနေတတ်သည်က ကျွန်တော့်အတွက် ရောဂါတစ်ခုလိုပင်ဖြစ်နေသည်။ ထို့ကြောင့် သတင်းစာကို နေ့စဉ် မနက်ခင်းတိုင်း မပျက်မကွက်ဝယ်လေ့ရှိသည်။ နေ့တိုင်း သတင်းစာဝယ်ရင်း သတိထားမိသည့်အရာတစ်ခုရှိသည်။ ဤသည်က ကျွန်တော်ဝယ်နေကျ သတင်းစာဆိုင်ဘေးတွင် ကွမ်းယာဆိုင်လေးတစ်ဆိုင်ရှိရာ အမြဲလိုလိုပင် သတင်းစာဆိုင်တွင် သတင်းစာဝယ်နေသူထက် ကွမ်းယာဆိုင်ဘေးတန်းစီကာ ကွမ်းယာဝယ်နေသူကပို၍များသည်ကို တွေ့ရခြင်းဖြစ်သည်။

သတင်းစာက နှစ်ရာ သုံးရာကျပ်ဖြင့် ပေးဝယ်ရသော်လည်း ကွမ်းယာက လေးငါးရာလောက်အထိ ပေးဝယ်မှ ရတတ်သည်။ ထိုကဲ့သို့ ကွမ်းယာဝယ်သူ ဦးရေနှင့် သတင်းစာ ဝယ်သူဦးရေ ယှဉ်ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံ၏ စာပေဖတ်ရှုနှုန်း အလွန်အမင်း ကျဆင်းနေသည်ဟု ဆိုကြခြင်းဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ လုပ်ငန်းခွင်ရှိ မိတ်ဆွေများထဲတွင် မိမိကိုယ်တိုင် ဝယ်စရာမလိုဘဲ မိမိရှေ့မှောက်ရှိနေသော သတင်းစာကိုပင် ဖတ်ရှုရန် စိတ်မဝင်စားကြပေ။ ယနေ့ကာလတွင် ပြည်တွင်းပြည်ပ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး အစရှိသည့် သတင်းဆောင်းပါးများကို နေ့စဉ်ထုတ်သတင်းစာများက အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေပါသည်။

သုတစာပေ သာမက ရသစာပေအတွက်ပါ ဦးတည်ရပ်တည်နေကြသော သတင်းစာများလည်းရှိလာနေသည်။ ထို့ကြောင့် နေ့စဉ်ထုတ် သတင်းစာတစ်စောင်လောက်တော့ လူတိုင်း ပုံမှန်ဖတ်ရှုသင့်လှပေသည်။ စာအုပ်ဈေးများကြီး၍ မဝယ်နိုင်သောကြောင့် စာမဖတ်နိုင်ဟု တချို့က ဆိုခဲ့ကြသည်။ သို့သော် ငွေကျပ် နှစ်ရာ သုံးရာလောက် ကုန်ကျခံ ဝယ်ဖတ်ရုံလေးနှင့် အသိအမြင်ကြွယ်ဝနိုင်မည့် သတင်းစာများကိုပင် မဖတ်ကြသည်ကို ကြည့်ခြင်းအားဖြင့် မဖတ်ချင်၍ မဖတ်သည်ကို တွေ့မြင်နိုင်ပါသည်။ တချို့သတင်းစာများဆိုလျှင် တစ်ရာ၊ တစ်ရာ့ငါးဆယ်ကျပ်ဖြင့်ပင် ဝယ်ဖတ်၍ ရနိုင်ပါသည်။ အိမ်တိုင်း အိမ်တိုင်းတွင် မိမိတို့မိသားစု အသုံးစရိတ်လေးထဲမှ နှစ်ရာ သုံးရာမျှဖဲ့၍ သတင်းစာတစ်စောင်လောက် နေ့စဉ်ဖတ်လျှင် မည်မျှကောင်းလိမ့်မည်နည်း။ ထိုသို့ မိသားစုတစ်စုလျှင် သတင်းစာတစ်စောင်လောက် နေ့စဉ် ဝယ်ဖတ်ခြင်းဖြင့် သတင်းစာဖတ်ခြင်းဓလေ့ကို မိသားစုတိုင်းတွင် အခြေတည်လာစေချင်မိသည်။ သို့မှသာ ဗဟုသုတကြွယ်ဝသော မိသားစုများ စုစည်းကာ အသိဉာဏ်ရှိကာ နှစ်လိုဖွယ်ကောင်းသော လူ့ပတ်ဝန်းကျင်ကို ကျွန်တော်တို့ ဝိုင်းဝန်းဖန်တီးနိုင်မည်ဖြစ်ပါသည်။

မနက်ခင်းရောက်လျှင် အလင်းရဖို့ ပြတင်းပေါက်များ ဖွင့်ထားဖို့လိုသကဲ့သို့ ဦးနှောက်ကိုဖွင့်ပြီး ဉာဏ်အလင်းရဖို့လည်း သတင်းစာ နေ့စဉ်ဖတ်ဖို့လိုပါသည်။ ငယ်ငယ်က သင်ခဲ့ရသော ကျောင်းသင်ခန်းစာတစ်ခုဖြစ်သည့် "မိုးစင်စင်လင်းပြီ၊ ပြတင်းများဖွင့်ထားပါ၊ သတင်းစာနေ့စဉ်ဖတ်ရှုပါ၊ သတင်းထူးပါလျှင် ပြောပါလား"ဆိုသည့် ကျောင်းသင်ခန်းစာကို ကြည့်ခြင်းအားဖြင့် ကလေးသူငယ်များ ငယ်စဉ်တည်းက သတင်းစာဖတ်သင့်ကြောင်း အသိအမြင်ပေးထားသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် အလေ့အကျင့်ကောင်း တော်တော်များများ ပျောက်ကွယ်နေသော ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် လိုအပ်ချက်များ များပြားစွာရှိနေပါသေးသည်။ နည်းပညာများ တိုးတက်လာသည်ကြောင့် နှစ်ရာ သုံးရာ အကုန်ခံ သတင်းစာဝယ်ဖတ်ဖို့ထက် တစ်ထောင်နှစ်ထောင်ဖိုး ဖုန်းဘေလ်ထည့်၍ ဖေ့စ်ဘွတ်ခ်သုံးသည်ကို ပို၍ နှစ်သက်လာနေကြသည်။ ဖေ့စ်ဘွတ်ခ်သုံးခြင်းဖြင့်လည်း နေ့စဉ်သတင်းများ သိရသကဲ့သို့ အကြောင်းအရာ အစုံကိုလည်း ဖတ်ရှုလေ့လာနိုင်သည်ဟု ဆိုဖွယ်ရာရှိပါသည်။ သို့သော် ဖေ့စ်ဘွတ်ခ်သည် အရောင်စုံ အမှန်အမှားစုံသည့် အုတ်ရောရောရော ကျောက်ရောရောနေရာဖြစ်သည်။

ဖေ့စ်ဘွတ်ခ်သတင်းတုများကြောင့် ဖြစ်ပေါ်လာခဲ့သော မလိုလားအပ်သော ပြဿနာ ပဋိပက္ခများကို တူးတူးခါးခါး ခံစားခဲ့ကြရပြီးဖြစ်ပါသည်။ ထို့အပြင် ပတ်ဝန်းကျင်ကို မအေးချမ်းစေလိုသူများ၊ ပြဿနာမီးကို မွှေးချင်ကြသူများက ဖေ့စ်ဘွတ်ခ်ကို အသုံးချ၍ ပဋိပက္ခများ ဖန်တီးတတ်ပါသည်။ ထို့ကြောင့် တကယ့်အမှန်တရားကို ရာနှုန်းပြည့်မထင်ဟပ်စေသည့် ဖေ့စ်ဘွတ်ခ်သည် အတုအစစ်နှင့် အမှားအမှန်ကို ကွဲကွဲပြားပြား မဆန်းစစ်နိုင်သူများအဖို့ အန္တရာယ်တစ်ခုနှယ်ဖြစ်ပါသည်။ နံနက်ခင်းတွင် ဆိုက်ကားသမားတချို့ ခရီးသည်စောင့်ရင်း သတင်းစာဖတ်ကြသည်။ ပြည်သူတချို့လည်း ဘက်စ်ကားစီးရင်း သတင်းစာဖတ်ကြသည်။ သို့သော် အနည်းငယ်သာဖြစ်၏။ သတင်းစာဖတ်ခြင်းသည်က မစားဖူးသေးသော ဟင်းတစ်ခွက်ကို မကြိုက်နှစ်သက်သေးတာနှင့် တူပါသည်။ ထို့ကြောင့် လူအများ မြည်းစမ်းကြည့်နိုင်ဖို့ တွန်းတိုက်ဆွဲခေါ်ကြရပါမည်။ ထိုမှတစ်ဆင့် အိမ်တိုင်းအိမ်တိုင်း သတင်းစာဖတ်သော အလေ့အကျင့်ကို မွေးမြူပေးကြရပါမည်။

ထိုသို့ဖြင့် အသိအမြင်ကြွယ်ဝလာကာ သာယာသော လူ့ပတ်ဝန်းကျင်ကို ကျွန်တော်တို့ ဖန်တီးနိုင်မည်ဖြစ်ပါသည်။ သတင်းစာကို ဤမျှ အမွှမ်းတင်နေသည်မှာ အကြောင်းရှိပါသည်။ သတင်းစာသည် ကျွန်တော်တို့ နေ့စဉ်လူ့ပတ်ဝန်းကျင်မှ အဖြစ်အပျက်များကို အချိန်နှင့်တစ်ပြေးညီ သိခွင့်ရကာ ထိုအဖြစ်အပျက်များကို နမူနာယူနိုင်မည့် ဆောင်ရန်ရှောင်ရန် အချက်များကို သတင်းစာမှ လမ်းညွှန်ပြပေးနိုင်သောကြောင့်ဖြစ်ပါသည်။ ဥပမာအားဖြင့် နေ့စဉ်စိတ်မချမ်းမြေ့ဖွယ်ရာ လူ့ကျင့်ဝတ်ဖောက်ပြားမှုသတင်းများ သိရလျှင် မိမိတို့သားသမီးများကို ပို၍ ဂရုစိုက်စောင့်ရှောက်နိုင်ပါသည်။ နေ့စဉ် ကြားသိနေရသော ယာဉ်တိုက်မှုသတင်းများကို သိရှိရ၍ မိမိတို့မဖြစ်စေရန် ကြိုတင်သတိထားသွားလာနိုင်သည်။

အရှင်းဆုံးဆိုရလျှင် သတင်းစာသည် ကျွန်တော်တို့အားလုံး နေ့စဉ် ဘဝနေထိုင်ဖြတ်သန်းနည်းများကို အနီးကပ်ပဲ့ကိုင်ပေးနိုင်သော အဖော်မွန်ကောင်းတစ်ယောက်ဖြစ်ပါသည်။ ထို့ကြောင့် သတင်းစာဖတ်ကြပါစို့ဟု ရေးသားတိုက်တွန်းလိုက်ရခြင်းဖြစ်ပါသည်။

ဝတ္ထုတို

■ နောင်ရိုး(ကန့်ဘလူ)



(၁)

ညနေ ကျောင်းဆင်း၍ ထမင်းဟင်းများ ချက်ပြုတ်ပြီး အိမ်ရှေ့ကွပ်ပျစ်၌ ခဏနားနေချိန် ကြားလိုက်ရသော အော်ဟစ်ဆဲဆိုနေသည့် အသံများက နားဝကို သံရည်ပူနှင့် လောင်းနေသလို။

သေချာပါသည်။ ယခု အော်ဟစ်ဆဲဆိုနေသောအသံများသည် ကျွန်မမှတစ်ပါး အခြားသူများကို ဆဲဆိုနေခြင်းမဖြစ်တန်ရာ။ ကျွန်မနာမည်ကို ထည့်သွင်းပြောဆိုခြင်းမရှိပေမယ့် အော်ဟစ်ပြောဆိုနေသော အကြောင်းအရာ စကားအသွားအလာများကို ထောက်ဆကြည့်ရုံနှင့် သိသာနိုင်ပေသည်။

"နင်နဲ့ ငါနဲ့ မွေးထားတဲ့သားသမီးမို့ ရိုက်တာလား။ ငါ့သမီးက နွားမဟုတ်ဘူးကွ။ လူလိုပြော၊ လူလိုပြောရင် နားလည်တယ်ကွ။ တောက် အဆင့်အတန်းမရှိတဲ့ဟာတွေ။ နောက်တစ်ခါ ငါ့သမီးကိုရိုက်ရဲရင် ရိုက်ကြည့်စမ်း၊ ပြုတ်သွားမယ်။ ငါ့များ ဘာမှတ်နေလဲ။ တောက်ထွန်းကွ၊ တောက်ထွန်းတဲ့ တစ်ထွန်းတည်းရှိတယ် ခေါ်တိုင်းလာမယ့်ကောင်မဟုတ်ဘူး မှတ်ထား"

သေချာသွားပါပြီ။ ဒါ ကျွန်မကို ရွဲ့စောင်းပြောဆို သတိပေးနေသော အသံများဖြစ်သည်။ အကြောင်းမှာကား နေ့လယ်ပိုင်းက ကိစ္စပင်ဖြစ်ရမည်။

(၂)

"ဒီနေ့ ဆရာမ ဒေါ်သူဇာရဲ့ အချိန်ပါတယ်နော် ဟေ့ကောင်"

"အေးကွ ဟုတ်တယ်။ ငါကတော့ တစ်နေကုန် ဆရာမအချိန်ပဲ ဖြစ်စေချင်တယ်"

ကျွန်မစာသင်ချိန်ရောက်လျှင် ကျောင်းသားကျောင်းသူများအားလုံး ပျော်ရွှင်ကြသည်ဟူသောသတင်းကို ကျောင်းသားများ အချင်းချင်း ပြောဆိုရာမှ ကြားသိရသောအခါ ဝမ်းသာကြည်နူးရပါသည်။

တပည့်တွေအားလုံးက ကျွန်မရဲ့စာသင်ချိန်ကို ဒီလိုတောင့်တမျှော်လင့်နေကြသော်လည်း ယနေ့နေ့လယ်ပိုင်း စာသင်ချိန်တွင် ကျွန်မ၏ ဆရာမဘဝသက်တမ်းတစ်လျှောက် မျှော်လင့်မထားသည့် အကြောင်းတစ်ရပ်က ပေါ်ပေါက်လာပေသည်။

ဒသမတန်း(က)။

"မနေ့က ပေးလိုက်တဲ့ အိမ်စာတွေ လုပ်ခဲ့ကြပြီလား"

"ဟုတ် လုပ်ခဲ့ပါပြီ ဆရာမ"

အထက်တန်းပြရာထူးနှင့် ကျွန်မ၏မွေးရပ်ရွာဖြစ်သော ပင့်သာကျေးရွာသို့ ပြန်လည်ခန့်အပ်ခြင်းခံခဲ့ရသည်မှာ စာသင်နှစ် သုံးနှစ်တာသို့ပင် ရောက်ရှိခဲ့ပေပြီ။

ကျွန်မတို့ ပင့်သာကျေးရွာသည် သွားလာရလွယ်ကူသော ကားလမ်းနှင့် မီးရထားဘူတာရုံတည်ရှိရာ ရွာတစ်ရွာဖြစ်သည်။

သို့ဖြစ်၍ ပညာရေးဘက်တွင်လည်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တည်ရှိကာ ခေတ်မမီသေးသော်လည်း ခေတ်နောက်ကျကျန်ခဲ့ခြင်း မရှိပါပေ။ ဒသမတန်း (က)ကို သိပ္ပံတွဲအခန်းအဖြစ် သတ်မှတ်ကာ ဒသမတန်း(ခ)ကို ဝိပ္ပံတွဲအဖြစ် သတ်မှတ်ထားပေသည်။

"ကဲ ဟုတ်ပြီ လေ့ကျင့်ခန်းစာအုပ်တွေကို ဆရာမစားပွဲပေါ် လာထပ်ကြ"

လေ့ကျင့်ခန်း စာအုပ်များကို စားပွဲပေါ် လာထပ်ခိုင်းရင်း သင်ခန်းစာအသစ်ကို ထပ်မံသင်ကြားပေးလိုက်သည်။ သင်ခန်းစာအသစ် သင်ကြားနေချိန် ကျောင်းသူများ၏ လေးတန်းမြောက် စာသင်ခုံထောင့်ကြားမှ ကျောင်းသူတစ်ဦးက ကျွန်မစာသင်နေသည်ကို စိတ်ဝင်စားဟန်မပြပေ။

"သမီး ခင်ဝေနွယ် ဆရာမဘာပြောလိုက်တာလဲ"

သူ့အမည်ကို ခေါ်၍မေးနေသည့်တိုင်အောင် ခင်ဝေနွယ်က စိတ်ဝင်စားမှုမရှိစွာဖြင့် မသိပါပေ။ ဘေးကကျောင်းသူလေးမှ လက်တို့ပြောလိုက်သောကြောင့် ခင်ဝေနွယ် တစ်ယောက် ခေါင်းထောင်လာပေသည်။

"သမီးခင်ဝေနွယ် လက်ထဲကဖုန်းကိုယူပြီး ရှေ့ထွက်ခဲ့ပါဦး"

ခင်ဝေနွယ်ကမူ သူ့မှာ ဘာအပြစ်မှမရှိသလိုပင် ဖုန်းလေးကိုကိုင်လျက် ထွက်လာသည်။

"အတန်းတွင်းစည်းကမ်းတွေကို သမီးသိတယ်မဟုတ်လား"

"ဟုတ် သိပါတယ်ဆရာမ"

"ဒါဆိုရင် ဆရာမသင်တာက သမီးအတွက် ပျင်းရိစရာကောင်းနေတာလား။ တကယ်လို့ သမီးသင်ခန်းစာတွေကို နားမလည်ဘူးဆိုဘယ်လိုလုပ်မလဲ"

"ရွာထဲက ကျူရှင်မှာ ပြန်မေးပါ့မယ်"

ကျွန်မစိတ်ထဲမှ ရှက်စိတ်နှင့် ဒေါသစိတ်တို့ကို မြိုသိပ်ထားလိုက်ရသည်။

"ဒါဆိုရင် သမီးက ဆရာမသင်တာမလိုအပ်ဘူးဆိုတဲ့သဘောလား။ ဒီမယ်သမီး ဆရာမသင်တာကို သမီးမသင်ယူချင်နေလို့ရပါတယ်။ ဒါပေမယ့် စာသင်နေတဲ့ ဆရာမနဲ့ အခြားကျောင်းသား ကျောင်းသူတွေကို အပြုအမူနဲ့ မစော်ကားပါနဲ့။ ဖုန်းကိုင်တာဟာ အတန်းတွင်းစည်းကမ်းအရ သမီးမှာ အပြစ်ရှိတယ်။ ဟုတ်ပါပြီ ဒါနဲ့ ဘာအခက်အခဲတွေရှိလို့ ဘာတွေအရေးကြီးနေလို့ ဖုန်းခိုးသုံးနေတာလဲ ပြစမ်းပါဦး"

ကျွန်မ ခင်ဝေနွယ့်လက်ထဲမှ ဖုန်းကိုယူ၍ ပါဝါခလုတ်ကို နှိပ်လိုက်သည်။ ဖုန်းမှန်ပြင်ကို သော့ခတ်မထားသဖြင့် ခင်ဝေနွယ်အသုံးပြုနေသော အကြောင်းအရာများကို တွေ့လိုက်ရသည်။

"အလိုလေး မြတ်စွာဘုရား"

ကျွန်မ ဘုရားပင်တလိုက်မိသည်။ "ဗိုက်ဗာ (Viber)သုံးနေတာပါလား"

ဆက်သွယ်ပြောဆိုသူနေရာမှ ဖုန်းနံပါတ်ကို ခင်ဝေနွယ် မှတ်သားထားသည့် အမည်က "ကလေးချစ်တဲ့ကိုကြီး"တဲ့။

ပြောဆိုထားသည့် စာသားများကို အထက်အောက်ဆွဲကာ ခဏဖတ်ကြည့်လိုက်တော့ ကျွန်မမျက်လုံးများ ပြာဝေသွားသည်။

ထို့အပြင် စိုးရိမ်စိတ်နှင့် ဒေါသစိတ်တို့ ပေါင်းစပ်ကာ ကျွန်မ ခင်ဝေနွယ့်ကို အပြစ်ပေးလိုက်မိသည်။

"ပညာရှာရမယ့်အရွယ်မှာ အလကားစိတ်တွေဝင်နေတယ်။ ပြီးတော့ မလေးမစားပုံစံနဲ့ အတန်းထဲမှာဖုန်းသုံးတယ်။ နင့်အပြစ်အတွက် ဟိုဘက်လှည့်"

"ဖြောင်း ဖြောင်း"

ခင်ဝေနွယ်ရဲ့ တင်ပါးကို ဝါးခြမ်းပြားနှင့် နှစ်ချက်ရိုက်၍ အပြစ်ပေးရင်း "နောက်လူတွေလည်း မှတ်ထားကြ၊ စာမသင်ချင်ရင် ကျောင်းလာမနေကြနဲ့"

"ခင်ဝေနွယ် မနက်ဖြန်မှာ နင့်မိဘကိုခေါ်ခဲ့"

ခင်ဝေနွယ်၏လုပ်ရပ်များကို မိဘများအားခေါ်ယူ၍ အသိပေးဖို့လိုသဖြင့် ကျွန်မ မှာလိုက်သည်။

(၃)

ဦးတောက်ထွန်းသည် ခင်ဝေနွယ်ရဲ့ ဖခင်ဖြစ်သည်။ သို့ဖြစ်၍ နေ့ခင်းက သူ့သမီးကို ရိုက်၍ အပြစ်ပေးလိုက်ခြင်းကြောင့် ကျွန်မကို ဆဲဆိုနေခြင်းဖြစ်သည်။

ကျွန်မဘာမှ မတတ်နိုင်ပါပေ။ ကလေးတွေကို မရိုက်ဖို့ အထက်က အမိန့်စာများအရ ဆရာကြီးက ခဏခဏသတိပေးပြောကြားခဲ့သည်ကို ကျွန်မကိုယ်တိုင်က မလိုက်နာမိခဲ့ခြင်းဖြစ်သည်။ ကျွန်မ၏အပြစ်တွေသာဖြစ်သည်။

အဖြစ်အပျက်များကို ရိပ်စားမိသွားသော ခင်ပွန်းဖြစ်သူကို ကျွန်မ အကျိုးအကြောင်းအားလုံးရှင်းပြလိုက်သည်။ ကျန်းမာရေးဆေးမှူးဖြစ်သောခင်ပွန်းက ကျွန်မကို ကရုဏာသက်နေသော်လည်း ဆရာကြီးစကားကို နားမထောင်ရကောင်းလားဟု အလိုမကျရှိနေပေသည်။ ရိုက်ရင် တိုင်မယ်၊ တောမယ်ဟု ကြွေးကြော်နေသောခေတ်ထဲတွင် ချစ်ဒေါသများနှင့် ရိုက်မိသဖြင့် ကျွန်မအဖြစ်သည် အမှားကြီးကို ချစ်လိုက်ရသလိုပင်ဖြစ်သည်။

(၄)

ယနေ့ကျောင်းသို့ ရောက်သောအခါ အကျိုးအကြောင်းအားလုံး ကျောင်းအုပ်ဆရာကြီးကို ရှင်းပြလိုက်သည်။

ကျောင်းအုပ်ဆရာကြီးက နားလည်စွာဖြင့် ကိစ္စအဝဝကို တာဝန်ယူမည်ဟုဆိုသည်။ သို့သော်လည်း ကျောင်းတက်ချိန်ထိတိုင် ခင်ဝေနွယ်နှင့် သူ့မိဘများ ပေါ်မလာပါပေ။

ကျောင်းတက်၍ ကျွန်မလည်း စာသင်ခန်းများကို စာသင်ချိန်အလိုက် အလှည့်ကျဝင်လိုက်သည်။ ဒသမတန်း(က)သို့ ရောက်သောအခါ ခင်ဝေနွယ် ကျောင်းမလာကြောင်းကို သိရသည်။

မနေ့ကကိစ္စအတွက် ကျွန်မကိုများ ကြောက်ရွံ့စိတ်နာသွားလေသလား။

သို့မဟုတ် သူ့အဖေလုပ်ရပ်ကြောင့် ကျွန်မကို အားနာရှက်ရွံ့၍များလားဟု တွေးတောကာ ညနေကျောင်းဆင်းလျှင် ခင်ဝေနွယ်တို့အိမ်သို့သွားရန် ကျွန်မစိတ်ကူးဆုံးဖြတ်ရင်း သင်ခန်းစာကို စတင်သင်ကြားလိုက်သည်။

"တီတူ တီတီတူ တူတူတူတီ"

စာသင်နေစဉ် ကျွန်မဖုန်းမှ မြည်သံပေါ်လာသဖြင့် ဖုန်းဆက်သူကိုကြည့်လိုက်ရာ ကန့်ဘလူမြို့သို့သွားသော ကျွန်မအမျိုးသားထံမှဖြစ်၍ ပြီးမှပြန်ဆက်မည်ဟုဆိုကာ ကျွန်မ မကိုင်ဘဲထားလိုက်သည်။

ကလေးများကို စာသင်ပြီး စာကူးခိုင်းထားသည့်အချိန်တွင် အပြင်ထွက်ကာ အမျိုးသားထံသို့ ကျွန်မဖုန်းပြန်ဆက်လိုက်သည်။

"မင်းကလည်း ဖုန်းခေါ်ရင် တန်းမကိုင်ဘူး"

ကျွန်မဖုန်းကိုကိုင်ရင်း အမျိုးသားက တန်းဟောက်သည်။

"အစ်ကိုက ဘာအရေးကြီးနေလို့လဲ"ဟု ကျွန်မ မေးလိုက်သောအခါ

"ဟို ကိုတောက်ထွန်းသမီး ဒီနေ့ ကျောင်းလာလား"

"မလာဘူး အစ်ကိုရဲ့၊ ဘာလို့လဲ"

"အဲဒီကလေးမလို့ အစ်ကိုထင်တာပဲ။ ယောကျ်ားလေးတစ်ယောက် ဆိုင်ကယ်နောက်ကနေ တွေ့လိုက်လို့။ အစ်ကို့မြင်တော့ အဲဒီကလေးမပုံစံက မူမမှန်လို့ မင်းကိုလှမ်းပြောတာ။ သူ့မိဘတွေသိလား မေးကြည့်ဦး"

"အင်း ဟုတ်ပြီအစ်ကို"

ကျွန်မ ဖုန်းကိုချပြီး ကျောင်းအုပ်ကြီးရုံးခန်းဘက်သို့ ထွက်လာခဲ့သည်။ ဆရာကြီးကို အကြောင်းစုံပြောပြလိုက်ရာ ဆရာကြီးက ကျောင်းလုပ်သားကိုခေါ်ကာ ဦးတောက်ထွန်းတို့အိမ်သို့ ထွက်သွားကြသည်။

ခဏအကြာတွင် ဆရာကြီးတို့ ပြန်ရောက်လာကြကာ

"ခက်ပြီ ဆရာမရေ၊ ဦးတောက်ထွန်းတို့က တောထဲသွားကြတယ်တဲ့"ဟု ပြောလျက် ကျောင်းသားမိဘတွေရဲ့ ဖုန်းနံပါတ်စာအုပ်ကို ဖွင့်ကာ နံပါတ်တစ်ခုကိုကောက်နှိပ်နေသည်။

"ဦးတောက်ထွန်းလားဗျ၊ ကျွန်တော် ကျောင်းအုပ်ကြီး ဦးထွန်းကျော်ပါ----------"

ဦးတောက်ထွန်းနှင့် ဆရာကြီးတို့ စကားပြောပြီးကြသောအခါ ဆရာကြီးကဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။

ခင်ဝေနွယ်ကိုင်သည့်ဖုန်းကို ဆရာကြီးက ဆက်လိုက်သည်။ စက်ပိတ်ထားသည်ဟု ဖြေသည်။

ကျွန်မလည်း အမျိုးသားထံသို့ ဖုန်းဆက်ကာ အကျိုးအကြောင်းပြန်ပြောရသည်။

ဆရာကြီးကတော့ ကန့်ဘလူလိုက်သွားမည်ဟုပြောရင်း မြို့နယ်ပညာရေးမှူးရုံးကို ဖုန်းဆက်နေသည်။ ထို့နောက် သူ့မိတ်ဆွေကျောင်းဆရာ၊ ဆရာမများကို ဆက်သွယ်၍ အကျိုးအကြောင်းပြောကာ အကူအညီတောင်းနေသည်။ ဆရာကြီးထွက်သွားပြီး ခဏနေသောအခါ ဦးတောက်ထွန်းတို့ လင်မယား ရောက်လာကြသည်။

ဦးတောက်ထွန်းကလည်း သူ့အမျိုးသမီးကို ကျောင်းတွင်ထားခဲ့ကာ ကန့်ဘလူမြို့ဘက်သို့ တစ်ရှိန်ထိုး မောင်းထွက်သွားလေသည်။

ညနေကျောင်းတွေပင် ဆင်းသွားပြီ။ ဆရာကြီးနှင့် ဦးတောက်ထွန်းတို့ ပြန်ရောက်မလာသေးပေ။ ကျောင်းဆင်းသွားသည့်တိုင် ကျွန်မနှင့်အတူ အခြားဆရာ၊ ဆရာမများလည်း အိမ်မပြန်နိုင်ကြ။

ခင်ဝေနွယ့်အမေမှာ မျက်ရည်များ တသွင်သွင် ကျနေပေတော့သည်။ မကြာခင် ရွာထဲမှ အုပ်ချုပ်ရေးမှူးနှင့် လူကြီးအချို့ ကျောင်းသို့ ရောက်လာကြသည်။

(၅)

အုပ်ချုပ်ရေးမှူးနှင့် လူကြီးအချို့ရောက်ပြီး မကြာမီ ကျောင်းထဲသို့ ဆိုင်ကယ်နှစ်စီးဝင်လာသည်။ ပထမအစီးပေါ်တွင် ကျွန်မအမျိုးသားနှင့် ဦးတောက်ထွန်း၊ ဒုတိယအစီးပေါ်တွင် ဆရာကြီးနှင့် ခင်ဝေနွယ်။ ဆိုင်ကယ်ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် လျင်မြန်စွာဆင်းလာကာ ခင်ဝေနွယ်သည် ကျွန်မကိုဖက်၍ ငိုလေတော့သည်။ ကံကောင်းလွန်း၍သာ ခင်ဝေနွယ်လေး ရေတိမ်မနစ်ခြင်းဖြစ်သည်။

ခင်ဝေနွယ်ကို ဆိုင်ကယ်နှင့် ခေါ်သွားသူမှာ စစ်ကိုင်းဘက်မှ ခင်ဝေနွယ်၏ အသက်သုံးဆယ့်သုံးနှစ်ကျော် "ကလေးချစ်တဲ့ကိုကြီး"ဆိုသူဖြစ်သည်။ ကန့်ဘလူမှာပင် ခင်ဝေနွယ်၏ ဖုန်းနှင့်နားကပ်ကို ရောင်းထားခဲ့၍ စစ်ကိုင်းသို့ ဆိုင်ကယ်နှင့်သွားကြစဉ် ထန်းကုန်းရဲစခန်းမှ ထိန်းသိမ်း တားဆီးထားနိုင်ခြင်းကြောင့် ဘေးမသီရန်မခစွာဖြင့် ခင်ဝေနွယ်တစ်ယောက် ပြန်ရောက်လာခြင်းဖြစ်သည်။ ကျွန်မအမျိုးသားနှင့်သာ မတွေ့ခဲ့လျှင် ဘာတွေဆက်ဖြစ်မည်ကို ကျွန်မ မတွေးဝံ့ပါပေ။

"သမီးကို ခွင့်လွှတ်ပါဆရာမရယ်။ ဆရာမအချစ်တွေကို သမီးစော်ကားခဲ့မိပါတယ်"

ငိုသံတွေရောလျက် ခင်ဝေနွယ်တစ်ယောက် ကျွန်မကိုကန်တော့နေသောအခါ ဦးတောက်ထွန်းမှာ မျက်နှာကို အောက်ငုံ့သွားသည်။ ဆရာကြီးကတော့ ကျွန်မတို့ကိုကြည့်၍ ပြုံးနေသည်။

"သမီးကို ဆရာမခွင့်လွှတ်ပါတယ်။ အစောကတည်းက အပြစ်မယူခဲ့ပါဘူး။ တစ်ခုတော့ ရှိတာပေါ့ သမီးရယ် သမီးတို့အချစ်တွေ မမှားစေဖို့ ဆရာမတို့ရဲ့အချစ်တွေက မှားသလိုဖြစ်ကုန်တာပါ။ တကယ်လို့များ တစ်ခါတလေမှာ ဆရာ ဆရာမတွေက တပည့်တွေကိုရိုက်လို့ မှားတယ်ဆိုရင်လည်း ချစ်လွန်းလို့မှားတဲ့ အချစ်မှားကြီးပါ။ သမီးတို့အရွယ်တွေလို အမှားတွေကို ချစ်နေကြတာမဟုတ်ပါဘူးကွယ်"လက်အုပ်လေးချီထားသော ခင်ဝေနွယ်ကို ကျွန်မရင်ခွင်တွင်းသို့ ဆွဲယူထွေးပွေ့လိုက်သည်။ ဝေ့တိုက်လာသော မိုးဦးညနေလေပြည်သွေးက ခုမှပင် ကျွန်မရင်ကို အေးမြစေနိုင်သည်။ အနောက်တောင်စွယ်မှာ နေလုံးကြီး တဖြည်းဖြည်းနှင့် နစ်မြုပ်သွားသည်ကို ကျွန်မတို့ မတားဆီးနိုင်ခဲ့သော်လည်း တပည့်၏ အလှနှင့် ဘဝကို မနစ်မြုပ်စေရေး ကျွန်မတို့တွေ ကာကွယ်ပေးနိုင်ခဲ့သဖြင့် ပြုံးဝင့်နိုင်တော့သည်။

## ဖဲကြိုးနီလေး ဝန်းရံပေး

သွေးနဲ့ လိင်က ကူးစက်တာ
အိတ်ချ်အိုင်ဗွီပိုး ပိုးရပ်စ်ပါ။
သတိပြုကာ နေထိုင်လို့
ကာကွယ်ကြမယ် ဆင်ခြင်စို့။
ခုခံအားတို့ ကျဆင်းလာ
ရောဂါပေါင်းစုံ ဝင်ရောက်လာ။
ဝေဒနာရှင် စဉ်ကမ်းလက်
အားပေးနှစ်သိမ့် ဖေးကူလျက်။
အေအိုင်ဒီအက်စ် ရောဂါရှင်
စနစ်တကျ ကုသစဉ်။
အေအာတီဆေး သောက်သုံးရ
အချိန်မီအောင် မြန်ကုသ။
ဒီဇင်ဘာလ တစ်ရက်ဟာ
အေအိုင်ဒီအက်စ် နေ့လေးပါ။
မပြန့်ပွားအောင် ထိန်းချုပ်လို့
ဖဲကြိုးနီနဲ့ ဝန်းရံစို့။

ကေမီ(ပြင်ဦးလွင်)

ဆောင်းပါး

# ငြိမ်းချမ်းသော မိသားစုဆီသို့

■ နတ်သျှင်(ရွှေဂူ)

ကမ္ဘာပေါ်ရှိ မိသားစုတိုင်းသည် ငြိမ်းချမ်းသောမိသားစုလေးများ ဖြစ်မည်ဆိုလျှင် ဤလောကကြီးသည် ရှုမငြီးဖွယ် ဖြစ်နေပါလိမ့်မည်။ မိဘနှင့်သားသမီး အပေးအယူမျှတစွာဖြင့် နားလည်ခွင့်လွှတ်ခြင်းတို့နှင့် ခရီးဆက်ကြလျှင် ပွင့်သောပန်းတိုင်းလန်းနေသကဲ့သို့ မိသားစုတိုင်းသည် နွေးထွေးလုံခြုံစွာ အေးချမ်းသာယာနေပေမည်။

မိဘဟူသည် တစ်ချိန်က သားသမီးများဖြစ်ကြသလို သားသမီးတို့သည်လည်း နောင်တစ်ချိန်တွင် မိဘများဖြစ်လာကြပေမည်။ သားသမီးဖြစ်စဉ် မိဘများ၏ ကျွေးမွေးပြုစုစောင့်ရှောက်မှုဖြင့် လူလားမြောက်ခွင့်ရကြသည်။ မိဘများအဖြစ် ရောက်ရှိပြန်သောအခါတွင် သားသမီးများကို ပြုစုပျိုးထောင်ပေး၍ ဘဝခရီးကို ဆက်ကြရပြန်၏။ ဤအရာသည်ပင် လောကနိယာမ ဖြစ်လေတော့၏။

လူသားတို့သည် သဘာဝတရား၏ ပြောင်းလဲခြင်းနိယာမအောက်မှာ နေထိုင်ရှင်သန်ကြလျက် မိဘနှင့်သားသမီးဆိုသော အမည်ပညတ်ချက်တို့ကို ကိုင်ဆွဲကာ လောကအလှတရားတို့ကို ဖန်ဆင်းနေထိုင်ကြလေသည်။ ထိုလောကအလှတရားတို့ကို ဖန်ဆင်းရာ၌ နောင်တစ်ချိန် မိဘဖြစ်လာမည့် သာသမီးတို့သည် ရှေးဦးမိဘများထံမှ အသိပညာတို့ကို လေ့လာသင်ယူကြရသည်။ မိသားစုဆိုသော နေထိုင်မှုစနစ်ကို အနီးကပ်မှတ်သားကြရသည်။ လူသားတစ်ယောက်၏ တာဝန်နှင့်ဝတ္တရားတို့ကို မှတ်သားသင်ယူလျက် ဘဝခရီးကို လျှောက်လှမ်းနေကြသူများဖြစ်သည်။

မိဘတို့သည် သာသမီးများအတွက် လက်ဦးဆရာများဖြစ်၏။ 'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယမိနှင့်ဘ' ဟု အဆိုရှိလေ၏။ မိမိအသွေးအသားမှဖြစ်တည်၍ မိမိတို့ရင်မှဖွားသော သားသမီးတို့ကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်လာသော အချိန်မှစ၍ ကျွေးမွေးစောင့်ရှောက်ခဲ့ကြရသည်။

'မကောင်းမြစ်တာ ကောင်းရာညွှန်လတ်
အတတ်သင်စေ ပေးဝေနှီးရင်း
ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်
ဖခင်မယ်တို့တာ' ဆိုသည့်အတိုင်း မိဘတို့၏ ကျင့်ဝတ်ငါးပါးကို မပျက်မကွက် ဖြည့်ကျင့်ပေးရသည်။ (၁)မကောင်းသောအမှုကိစ္စတို့ကို မပြုလုပ်စေရန်အတွက် တားမြစ်ခြင်း၊ (၂) ကောင်းသောအမှုကိစ္စတို့ကို ပြုလုပ်စေရန် ညွှန်ပြပေးခြင်း၊ (၃)ယခုဘဝ နောင်သံသရာဘဝ ရပ်တည်နိုင်ရေးအတွက် လောကီ၊ လောကုတ္တရာ အသိဉာဏ်ပညာတို့ကို သင်ပြပေးခြင်း၊ (လောက၏ သဘာဝတရားတို့ကို စာပေအရသင်ကြားပေးခြင်း၊ လက်တွေ့အရ သင်ပြပေးခြင်း)၊ (၄) လုပ်ကိုင်စားသောက်နိုင်ရန်အလို့ငှာ စီးပွားဥစ္စာတို့ကို အရင်းအနှီးထုတ်ပေးခြင်း၊ (၅)သင့်လျော်ကောင်းမြတ်သော အိမ်ထောင်ဖက်ဖြင့် နေရာချထားပေးခြင်းစသော မိဘဝတ္တရားငါးပါးကို ဖြည့်ဆည်းပေးကြသည်။ ထိုသို့ မိဘတို့သည် သားသမီးများအပေါ်၌ တာဝန်ဝတ္တရားများ ပြည့်စုံအောင်၊ မလစ်ဟင်းရအောင် စောင့်ရှောက်ပေးနိုင်မှသာလျှင် သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်ထွန်းလာမှာ ဖြစ်ပါသည်။ သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်မှသာလျှင်လည်း ငြိမ်းချမ်းသာယာသော မိသားစုဖြစ်လာပေမည်။

မိဘတို့သည် သားသမီးတိုင်း၏ ရှေ့ဆောင်လမ်းပြသူလည်း ဖြစ်ပါသည်။ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏။ ရှေ့ဆောင်နွားလား ကောက်ကောက်သွားက နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏'။ မိဘများ၏ နေထိုင်မှုပုံစံ အကျင့်စာရိတ္တအပေါ် အမှီပြု၍ သားသမီးတို့လည်း ဘဝတူပုံစံ ကူးယူနေထိုင်တတ်ကြလေသည်။ 'ငယ်ရွယ်နုနယ် အသိမကြွယ်သေးသော သားသမီးတို့၏ အနာဂတ်ဘဝသည် မိဘများ၏အပေါ်မှာပင် မူတည်နေပါသည်'။

ဘုရားရှင်လက်ထက်တော်အခါက 'အနာထပိဏ်' အမည်ရှိသော သူဌေးကြီးတစ်ဦး ရှိသည်။ သာသနာတော်မှာ အလွန်ထင်ရှားသော ဘုရားဒါယကာ၊ ကျောင်းဒါယကာလည်း ဖြစ်ပါသည်။ အနာထပိဏ်သူဌေးကြီးမှာ 'မောင်ကာဠ' အမည်ရှိသော သားတစ်ယောက်ရှိ၏။ ဖခင်အနာထပိဏ်သူဌေးသည် ဘုရားဒါယကာ၊ ကျောင်းဒါယကာ ဖြစ်သော်လည်း သားဖြစ်သူ မောင်ကာဠသည် အပေါင်းအသင်းများနှင့် ပျော်ပါးလျက် အရက်သေစာသောက်စားမူးယစ်သူ ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း မပြုပေ။ တစ်နေ့သောအခါ အနာထပိဏ်သူဌေးကြီးသည် သားဖြစ်သူကိုခေါ်၍ 'ငါ့သား မင်း ဘုရားကျောင်းတော်ကိုသွားပြီး တရားနာပါ။ ဘုရားရှင်ဟောသောတရားတော်မှ ဂါထာတစ်ပိုဒ်ကိုလည်း ရအောင်မှတ်ခဲ့ချေ။ ပြန်လာလို့ပြောပြနိုင်လျှင် အသပြာတစ်ထောင်ပေးမည်ဟုဆို၏'။ သားဖြစ်သူ မောင်ကာဠသည် ဘုရားရှင်ထံ တရားသွားနာ၍ ဂါထာတစ်ပိုဒ် ပြန်လည်ပြောပြနိုင်သောအခါ အသပြာတစ်ထောင်ပေးသည်။ ထိုအသပြာတစ်ထောင်ဖြင့် အရက်သေစာ သောက်စားမူးယစ်လေတော့၏။ ဒုတိယနေ့၌လည်း ပြန်လည်ပြောပြနိုင်သောကြောင့် အသပြာတစ်ထောင်ရပြန်လေသည်။ တတိယနေ့ရောက်သောအခါ ဘုရားရှင်ထံမှ တရားဂါထာတစ်ပိုဒ်ကို ပြန်လည်ပြောပြနိုင်သော်လည်း အသပြာတစ်ထောင်မယူတော့ပေ။ သူဌေးကြီးက အသပြာတစ်ထောင်ပေးသော်လည်း ငြင်းဆန်နေ၏။ မောင်ကာဠသည် ဘုရားရှင်ထံတရားနာ၍ ရတနာသုံးပါးကို အသက်ထက်ဆုံး ယုံကြည်ကိုးကွယ်ဆည်းကပ်သော သောတာပန်အရိယာဒါယကာ ဖြစ်သွားသောကြောင့်ဖြစ်သည်။ ရတနာသုံးပါးအား မကိုးကွယ် မဆည်းကပ်သောသားကို ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်လာအောင် သားရတနာလေးဖြစ်အောင် ညွှန်ပြပေးနိုင်ခဲ့သည်။ အရက်သေစာသောက်စား၍ မလိမ္မာသောသားသမီးကို အရက်သေစာရှောင်ကြဉ်၍ လိမ္မာလာစေရန် ဆုံးမပေးနိုင်ခဲ့သည်။ မိဘများ၏ လမ်းပြခေါ်ဆောင်ရာနောက်သို့ သားသမီးတို့၏ ဘဝအနာဂတ်သည် မှတ်ထင်ကျန်ရစ်ရခြင်းဖြစ်သည်။

မိဘတို့၏ တာဝန်ဝတ္တရား ပျက်ကွက်မိသောကြောင့် သားသမီးတို့၏ ဘဝအနာဂတ် ပျက်စီးသွားတတ်သော သာဓကတွေလည်း ရှိပါသည်။ တစ်ခါတုန်းက မိခင်တစ်ယောက်မှာ ခိုးတတ်ဝှက်တတ်သော သားတစ်ယောက်ရှိပါသည်။ ထိုကလေးသည် ငယ်စဉ်ကတည်းက သူများအိမ်မှ သူလိုချင်သော ကစားစရာ၊ စားစရာလေးများ ယူလာတတ်သည်။ ပိုင်ရှင်မသိအောင် ခိုးလာတတ်သည်။ မိခင်ဖြစ်သူသိသော်လည်း ဆူခြင်း၊ ရိုက်ခြင်း၊ ဆုံးမသွန်သင်ခြင်း မပြုလုပ်ပေ။ ထိုကလေးကြီးလာသောအခါ သူခိုးလေးမှ သူခိုးကြီးဖြစ်လာ၏။ သူတစ်ပါးပိုင် တန်ဖိုးကြီးမားသော ပစ္စည်းဥစ္စာများကို ခိုးယူလေတော့သည်။ ထိုအချိန်အထိ မိခင်ဖြစ်သူက သားဖြစ်သူအား ဆိုဆုံးမရကောင်းမှန်း မသိချေ။ သားဖြစ်သူ ပြုံးပျော်နေသည်ကိုပင်ကြည့်ပြီး ပျော်နေတတ်၏။ တစ်နေ့ မင်းဘဏ္ဍာတော်တိုက်သို့ ဝင်ခိုးရာမှ မင်းပြစ်မင်းဒဏ်သင့်၍ သေဒဏ်ချမှတ်ခံရလေသည်။ လူသတ်သမားတို့က မသတ်ခင် နောက်ဆုံးဆန္ဒပြောပါဟု မေးရာ သူ့အမေကိုတွေ့ချင်ကြောင်း ပြောပြသည်။ အမေဖြစ်သူရောက်လာသောအခါ သားဖြစ်သူက အမေ့ကို တိုးတိုးလေးပြောပြစရာရှိပါသည်။ အနားလာပါပြောပြီး အမေဖြစ်သူ၏နားရွက်ကို ကိုက်လိုက်ပါတော့သည်။ အမေဖြစ်သူက ဘာအတွက်ကြောင့် အမေ့နားရွက်ကို ကိုက်တာလဲ'ဟု မေးရာ 'သားငယ်ငယ်ကတည်းက သူများပစ္စည်းတွေ ခိုးယူနေတာ အမေသိပါလျက်နဲ့ သားကို မဆုံးမခဲ့ဘူး။ ကလေးဘဝကစခဲ့သော အကျင့်ဆိုးကြောင့် သူခိုးလေးကနေ ယခုလိုသူခိုးကြီးဖြစ်လာလို့ သေဒဏ်ပေးခံရတာ အမေ့ကြောင့်ပဲ။ အမေ မဆုံးမခဲ့လို့ ဖြစ်တာပါ။ အဲဒါကြောင့် အမေ့နားရွက်ကို ကိုက်ရတာပါ'ဟု နောက်ဆုံးစကားပြောသွားပါသည်။ အမေဖြစ်သူ၏ ဆိုဆုံးမမှု တာဝန်နှင့်ဝတ္တရား ပျက်ကွက်ခြင်းကြောင့် သားဖြစ်သူ သေဆုံးရခြင်းဖြစ်သည်။

'မိဘတို့သည် သားသမီးတို့အား အလွန်အကြူး ချစ်မိသောအခါများတွင် ထိုသားသမီးတို့ပြုလုပ်လိုက်သော အပြစ်တို့ကို လျစ်လျူရှု၍ နေတတ်ကြသည်'။ မကောင်းမှုဟူသည် မည်သည့်အခါမျှ အစမပျိုးသင့်။ မကောင်းသော အကျင့်တစ်ခု အစပျိုးလုပ်မိလိုက်သည်နှင့် ထိုမကောင်းမှုသည် နောင်ထပ်အခါခါ လွန်ကျူးရန် မခက်ခဲတော့ပေ။

'သားသမီးတို့သည် မိဘများအတွက် လိမ္မာသည့်အခါ လက်ရုံးလည်းဖြစ်သလို မျက်လုံးလည်းဖြစ်ပါသည်။ အားလည်းဖြစ်သလို ထီးလည်းဖြစ်၏။ မလိမ္မာသည့်အခါ ကျားလည်းဖြစ်သွားတတ်သလို မီးလည်းဖြစ်လာတတ်သည်။ ကျားလိုကြောက်စရာကောင်းသော သားများဖြစ်မလာဖို့ မီးလိုပူလောင်သော သမီးများဖြစ်မလာဖို့ ငယ်ငယ်ကတည်းက အပိုးကျိုးအောင် ဆိုဆုံးမထားသင့်သည်။ သူများအသက်မသတ်ရန်၊ သူများပစ္စည်းမခိုးရန်၊ သူများသားမယားမပြစ်မှားရန်၊ လိမ်ညာစကားမပြောဆိုရန်၊ အရက်သေစာ၊ မူးယစ်ဆေးဝါးမသုံးစွဲရန် အချိုးကျအောင် ဆုံးမထားမှသာလျှင် သားရတနာ၊ သမီးရတနာလေးများ ဖြစ်လာနိုင်ပါသည်။

ငြိမ်းချမ်းသာယာသော မိသားစုဖြစ်ဖို့ဆိုလျှင် သွန်သင်ဆုံးမမှု နှောင့်နှေးနေ၍ မဖြစ်သလို မိမိတို့ကိုယ်တိုင်သည်လည်း ရှေ့ဆောင်လမ်းပြကောင်းဖြစ်အောင် နေထိုင်ကျင့်သုံးဖို့ လိုအပ်ပေသည်။ မိဘတို့သည် သားသမီးတို့၏ စံနမူနာယူရလောက်အောင် ယဉ်ကျေးသိမ်မွေ့နေကြမည်ဆိုလျှင် သားသမီးတို့သည် မိဘများကိုကျော်၍ မမိုက်ရဲပေ။ မိုက်ခဲ့သည်ဆိုဦး ဩဇာအာဏာပေးနိုင်သော အရည်အချင်းရှိသောကြောင့် ဆိုဆုံးမရ လွယ်ကူပေသည်။

သားသမီးတို့အပေါ်၌ထားရှိသော မိဘတို့၏ ချစ်ခြင်းမေတ္တာသည် ထုထည်ကြီးမားကြပါသည်။ ဘယ်သောအခါမှ သံသယဝင်ဖွယ် မရှိပေ။ အချစ်ကြီးချစ်ကြရှာသော မိဘတို့သည် သားသမီးတို့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာတို့အား 'ချစ်ခြင်းနှစ်ခြင်း' ခွဲခြားသုံးသပ်ထားဖို့ လိုအပ်သည်။ ချစ်ရာမရောက် နှစ်ရာရောက်သော မေတ္တာတို့ကို ဖယ်ရှား၍ နှစ်ရာမရောက် ချစ်ရာရောက်သော မေတ္တာတို့ဖြင့် ငြိမ်းချမ်းသာယာသော မိသားစုဘဝကို အချိန်မီတည်ဆောက်နိုင်စေရန် တင်ပြလိုက်ပါသည်။

■

## စေတနာ အဆင့်ဆင့်

ရှေးလူစိုက်ခဲ့ သစ်ပင်ကို
ငါတို့ အရိပ်ခို
အရိပ်ခိုဝင် တဒင်္ဂ
ငါတို့ အေးချမ်းစွ။
ထိုအပင်မှ အသီးတွေ
မှည့်ဝင်းချိုမြပေ
ခူးဆွတ်ကာလေ စားသုံးက
ငါတို့ ခွန်အားရ။
ထိုအပင်မှ အပွင့်ဝေ
ခူးလို့ ပန်ဆင်ပေ
ပန်ဆင်ကာလေ ထိုခဏ
ငါတို့ ပန်းလိုလှ။
ရှေးလူစိုက်ခဲ့ ထိုသစ်ပင်
ထိန်းသိမ်းကြအစဉ်
မခုတ်မထွင် ထပ်တိုးစိုက်
ငါတို့ ရှိနေခိုက်။
တို့စိုက်ပျိုးတဲ့ သစ်ပင်ဟာ
နောင်တစ်ချိန်မှာ သီးပွင့်လာ
နောင်လာနောက်သား လူအများ
စားသုံးနိုင်စေသား။

ကိုကျော်စွာ(ကျိုက်ပိ)

## ရိုးသားခြင်း

လူတိုင်းပင် ချစ်မြတ်နိုး
တန်ဖိုးထား ဤအရာ။
ငွေစည်းစိမ် မဟုတ်ရကွဲ့
မှတ်ကြ စိတ်မှာ။
ဂုဏ်ဓန ဖယ်လို့သာ
တွေးကြည့်ပါ ကိုယ့်စိတ်ထဲ။
မာယာတွေ အလွန်ရှားတဲ့
ရိုးသားခြင်းပဲ။ ။
စကားဆို သူ့အမြဲ
ရင်ထဲက ပြောတတ်တယ်။
အလိမ်ညာ ဟန်ဆောင်ခြင်း
ကင်းလို့ ချစ်ဖွယ်။
စိတ်သဘော ဖြူကာရယ်
စံပယ်လို သတင်းမွှေး။
လူတိုင်းပင် တန်ဖိုးထားတဲ့
(သူ့ရဲ့ဂုဏ်က)
ရိုးသားခြင်းလေး။ ။

ရည်ညွှန်းမေ

## ပရဟိတစိတ်

လမ်းမကြီးရဲ့ အလယ်မှာ
ခဲလုံးတစ်လုံး ရှိနေတာ
လမ်းသွားလမ်းလာ ခလုတ်တိုက်
အသာကောက်ပြီး ဘေးဖယ်လိုက်။
အမှိုက်တွေလည်း ကောက်လိုက်ပါ
သန့်သန့်ရှင်းရှင်း ကိုယ့်နေရာ
ပတ်ဝန်းကျင်မှာ သန့်ရှင်းမှ
ကျန်းမာရေးလည်း ကောင်းမယ်ဗျ။
တစ်ယောက်ကစ လိုက်နာလျှင်
အားလုံးစည်းကမ်း ရှိမှာပင်
စံပြဖြစ်ချင် ပြုပြင်ပေး
ပရဟိတ စိတ်ဓာတ်မွေး။

သွန်းမိုးစက်(ပခုက္ကူ)

## လမ်းလျှောက်စို့

နှင်းမှုံဖွေးဖွေး ဒီဇင်ဘာ
ဆောင်းမင်းသမီး အလည်လာ၊
ငွေလွှာဝတ်ရုံ ဖြန့်ကာလွှမ်း
မြောက်ပြန်လေက ချော့လို့နမ်း။
အေးချမ်းလှပ ပန်းစုံဝေ
နံနက်ချိန်ခါ လမ်းလျှောက်လေ၊
သန့်စင်လေကို ရှူရှိုက်ပေး
ကျမ်းမာသက်ရှည် ရောဂါဝေး။
နွေးနွေးထွေးထွေး သင့်အောင်နေ
အာဟာရလည်း မျှတစေ၊
ကျန်းမာမှလေ တာဝန်တို့
အောင်မြင်စွမ်းဆောင်နိုင်မှာမို့။
လမ်းလျှောက်ကြပါစို့။ ။

ချစ်စထုံးနောင်

